
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဆန်း (မြ-၀၉၃၂)<br>ရဲအောင်စာပေ၊ အမှတ်(၂)၊<br>ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျင်ရင် (မြ-၁၀၀၉၈)<br>(ရွှေခြသေ့်ပုံနှိပ်တိုက်)<br>အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ<br>အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄ |

၈၉၅.၈၃

သင်မြတ်နိုး

မာနလက်ကျန်/သင်မြတ်နိုး။ ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၄။

(၂၄၀)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) မာနလက်ကျန်


BURMESE CLASSIC

## အခန်း ( ၁ )

မနက်ငါးနာရီ ...

အလင်းရောင်က သိပ်မရှိသေး ...

အဖြူရောင်သမ်းကာစ အရုဏ်ဦးအချိန်ဖြစ်သည်။

နွေးထွေးသူ ... အိပ်နေရာမှ လူးလဲထလိုက်၏။

အိပ်ချင်နေသေးတာကိုပင် သူမ စိတ်ထဲမှာ မကျေနပ်ဖြစ်မိသည်။

ထရမှာပဲလေ ... နွေးထွေးသူရဲ့တာဝန်ပဲ မဟုတ်လား။

ညက ...

အိပ်ရေးနည်းနည်းပျက်ထားသဖြင့် နည်းနည်းတော့ အပျင်းထူမိသည်။

"ဝါး ... "

သမ်းပစ်လိုက်သည်။

မဖြစ်သေးပါဘူး။

ထမှပါ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးသူမှာ ... မနက်ငါးနာရီမှာထပြီး အလုပ်လုပ်ရတဲ့ တာဝန်က ရှိနေသည်။

"နွေးထွေးသူ ... "

"ရှင် ... ကြီးကြီး"

"ငါးနာရီကျော်နေပြီလေ ... အပျင်းထူနေတာလား ... ထလေ"

"ဟုတ်ကဲ့ ... ထနေပါပြီ ကြီးကြီး ... "

"ဝါး ... "

"ဟဲ့ ... "

"ညက ... လေးလေးကို ... ဆေးလိမ်းပေးနေတာလေ ကြီးကြီး"

"ဟင် ... "

သူမ ခြင်ထောင်အပြင် ထွက်လိုက်သည်။

ကြီးကြီးက ... ပြူးတူးကြောင်တောင်မျက်ဝန်းတွေနှင့် ကြည့်၏။

"နွေးထွေးသူ ... "

"ဟင် ... "

"ဦးစောသက်ကို ညည်း ဆေးလိမ်းပေးရတာလား"

"အင်း ... "

"ဘုရားရေ ... "

"ဘာဖြစ်လို့လဲ ကြီးကြီးရဲ့ ... "

ကြီးကြီးမြ ... လမ်းသော်တာခြံကြီးရဲ့ နှစ်ချို့နေတဲ့ အိမ်တော်စိုးကြီးပါ။



BURMESE CLASSIC



အိမ်ကြီးရဲ့ ဝေယျာဝစ္စတွေကို ကြီးကြီးမြကပဲ စီမံခန့်ခွဲရ၏။

နွေးထွေးသူက ကြီးမြရဲ့တူမလေး ...

ဒီကိုရောက်လာတာ သိပ်မကြာသေး ...

နှစ်လလောက်ပဲရှိဦးမည်။

ကြီးကြီးမြနှင့်ဆွေမျိုးတော်စပ်သဖြင့် ဒုက္ခရောက်နေတဲ့ နွေးထွေးသူကို ခေါ်ထားခဲ့ခြင်းဖြစ်သည်။

နွေးထွေးသူမှာ မိဘတွေမရှိကြ ... ဆုံးသွားပြီ။

"ဒုက္ခပါပဲအေ ... "

ကြီးမြက ... ညည်းညည်းညူညူလေး ပြောနေသည်။

"ဘာဖြစ်လို့လဲ ကြီးကြီးမြ ... လေးလေးတစ်ကိုယ်လုံး နွေးက ဆေးလိမ်းပေးရတာပါ"

မသင့်တော်ပါဘူး။

ဒါပေမဲ့ ...

ဘယ်တတ်နိုင်မလဲလေ ...

နွေးထွေးသူက မိမိတူမ တော်တဲ့ မိန်းကလေး ...

မိဘမဲ့လေးဖြစ်သွား၍ မိမိခေါ်ဆောင်ထားခြင်းပင် ...

"နွေး ... "

"ရှင် ... "

"ယောကျ်ားတွေကိုသတိထား ... "

"ကြီးကြီးငယ်ငယ် ... ယောကျ်ားဆိုတာ မိန်းကလေးတစ်ယောက် သတိထားသင့်တဲ့လူပဲ ... "

"ကြီးကြီးမြ ... "



www.burmeseclassic.com

www.burmeseclassic.com



“ဟင် ...”

“နွေးအတွက် ဘာမှစိတ်မပူပါနဲ့ ... နွေး ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်ပါတယ်”

“နွေးလေးကို ယုံပါတယ်၊ မိခင်ရောဂါသည်ကြီးကို ကျွေးမွေးပြီး ကိုယ်ကျင့်တရားမပျက်ပြားအောင် ထိန်းသိမ်းတတ်တာပဲ”

ဒေါ်မြ ဘာပူနေတာက ... နာမည်ပျက်တွေ ရှိနေတဲ့ ဦးစောသက်နှင့် အနေနီးစပ်သွားမှာ စိတ်ပူမိသည်။

နွေးထွေးသူက ... ဘဝတက်လမ်းအတွက် အလုပ်လုပ်ရင်း ကြိုးစားနေတဲ့ မိန်းကလေး ...

ဆယ်တန်းအောင်ပြီးသားပဲ ...

ဦးစောသက်က မုဆိုးဖို ...

အသက်က သိပ်ကြီးသေးတာမဟုတ်ပေ ...

နာမည်က ပျက်ချင်သည်။

အရက်သောက်တတ်၏။

မိန်းကလေးတွေနဲ့ ခပ်ရှုပ်ရှုပ် ...

ဘုရားရေ ... ဒေါ်မြ စိတ်ပူလိုက်တာ ...

ဘာလုပ်ရမလဲ။

ဦးစောသက် ဆေးလိမ်းခိုင်းတာကိုက သဘောရိုး မဖြစ်နိုင်ပေ ...

“အင်းလေ ... ညည်းဘဝလေးကလည်း ရှောင်လွှဲလို့ရတာမှ မဟုတ်တာ ... အလုပ်တစ်ခုခု မြန်မြန်ရသွားရင်လည်း အေးပါပြီ”

“နွေးက အလုပ်ရှာနေပြီ ကြီးမြရဲ့ ...”





“ကဲကဲ ... လုပ်စရာရှိတာလုပ်တော့ ... အိမ်သန့်ရှင်းရေးကိုတော့ သေချာလုပ်နော် ... ဒီနေ့ ဦးစောသက်ရဲ့တူ ကောင်းဆင့်ရဲ ရောက်လာမယ်”

“ဟင် ...”

“ဂျပန်ကနေပြန်လာမှာလေ ... အရမ်းအသန့်အပြန့်ကြိုက်ပြီး သေသေသပ်သပ်နေတယ်၊ အိမ်မှာလုပ်တဲ့အလုပ်သမားတောင် ညစ်ပတ်စုတ်ပြတ်နေရင် မကြိုက်ဘူး”

ကောင်းဆင့်ရဲဆိုတဲ့လူရဲ့ဓာတ်ပုံကိုတော့ ... နွေးထွေးသူ တွေ့ဖူးသည်။

လူချောတစ်ယောက်ပဲ ...

“ကောင်းဆင့်ရဲက ဇီဇာကြောင်တယ် ... သန့်သန့်လေးနေတယ်၊ အရမ်းကိုဖြူနုဖပ်နေတဲ့ လူတစ်ယောက်လေ”

စိတ်မောလိုက်တာ ...

ဘယ်လိုလူလဲ ...

လေးလေးစောသက်က ... လူချောလူချန့်ကြီးတစ်ယောက် ဖြစ်ပေမယ့် ... ဇီဇာသိပ်မကြောင်ဟု ထင်မိသည်။

နွေးထွေးသူရောက်တာ မကြာသေးပေ။

ဦးစောသက်ရဲ့ အရေးပေးခြင်းကိုခံနေရသည်။

ကြီးကြီးမြက မကြိုက် ...

အရောမဝင်နဲ့တဲ့ ...

“နွေးလေး ...”

“ရှင် ...”

“တူမလေးဒုက္ခရောက်နေလို့ ရှေ့ဆက်ပညာသင်ဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမြက ခေါ်ထားတာနော်”

“အင်း ...”

“အိမ်မှုကိစ္စတွေ တာဝန်ကျေဖို့ကလွဲပြီး တခြားဘာမှ အပို တာဝန်ကျေပေးစရာ မလိုဘူးနော် ...”

“လေးလေးက ...”

“ယောက်ျားတွေဆို အားလုံးသတိထားပါ”

“ဟုတ်ကဲ့ ...”

“ကဲ ... လုပ်စရာရှိတာလုပ် အပျင်းမထူနဲ့ ...”

ဒေါ်မြကတော့ ... ဦးစောသက်ရဲ့ အကျင့်စရိုက်တွေကို မပြောပြခဲ့ ...

နွေးထွေးသူ ကြောက်သွားမှာစိုးသည်။

မိမိတို့အနေနှင့် လမင်းသော်တာခြံကြီးကလွဲပြီး တခြား နေစရာမှမရှိတာ ...

လမင်းသော်တာခြံမှာနေလာတာ ... နှစ်တွေအတော်လေး ကြာနေပြီ။

ငယ်စဉ်လေးတည်းကပင် ...

အခု ...

အသက်ကြီးလာပြီဆိုတော့ ပိုပြီးဆင်ခြင်နေရသည်။

အိမ်ရှင်တွေက ... ငွေကြေးနှင့်စောင့်ရှောက်မှုက အပြည့် အဝရှိ၏။

အစားအသောက်တွေကအစ ... မိမိနှစ်သက်သလို ... စားသောက်နိုင်သည်။

အလုပ်သမားတွေအားလုံး အခွင့်အရေးတွေ ပေးထား၏





နွေးထွေးသူကိုလည်း ပညာဆက်သင်ခွင့်ပေးထားသည်။

“နွေးလေး ...”

“ရှင် ...”

“လိုက်ကာတွေအားလုံး လဲထားလိုက်ဦးနော်”

“ဟုတ်ကဲ့ ... ဩော် ... ကြီးမြ ... ကိုကောင်းဆင့်ရုံက ဘယ်လိုအရောင်မျိုးကိုမှ နှစ်သက်တာလဲဟင်”

“မသိဘူး”

“ဟင် ...”

“ကောင်းက ... ဂျပန်မှာ ငယ်ငယ်လေးတည်းက သွားနေ တာလေ နွေးလေး ...”

“ဟင် ...”

“အဒေါ်နဲ့တွေ့တာ ဆယ်နှစ်သားလောက်တည်းကပဲ”

“ဒါဆို ... လိုက်ကာတွေ နွေးလေးကြိုက်တဲ့အရောင်ပဲ တပ်လိုက်မယ်နော်”

“အင်း ...”

ကြီးမြ ... သူ့နားကထွက်သွားတော့သည်။

နွေးလေးအလုပ်လုပ်ရတာ မပင်ပန်းပါဘူး။

အိမ်မှုကိစ္စတွေကို စိတ်ဝင်စားပါတယ်။

ဒါပေမဲ့ ...

ဟွန်း ...

လေးလေးစောသက်က နွေးလေးကို ဘာဖြစ်လို့ဆေးလိမ်း ခိုင်းရတာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးပါဘူး။

ကြီးကြီးမြက ဘာဖြစ်လို့မကြိုက်ရတာလဲ ...

"နွေးလေး ... တစ်ကိုယ်လုံးကိုက်ခဲနေလို့ ဆေးလိမ်းပေးစမ်းပါ"

လေးလေးသက်ကခိုင်းတော့လည်း ... နွေးလေး မငြင်းသာပေ။

ကြီးကြီးမြက မသိပေ ...

အလုပ်သမားတွေအားလုံး ခြံထဲကအိမ်ဖော်တန်းလျားမှာပဲနေရသည်။

နွေးလေးနဲ့ကြီးကြီးမြပဲ အိမ်ကြီးထဲမှာနေခွင့်ရှိ၏။

"သိပ်အရေးမဝင်နဲ့ ... "

ကြီးမြပြောသွားတဲ့စကားတွေကို ကြားယောင်နေမိသည်။

လေးလေးသက်က ... သူမကိုတော့ အရေးပေးတာအမှန်ပဲ။

လူကြီးတစ်ယောက်က ဆေးလိမ်းပေးပါဆိုတော့လည်း သူမ ငြင်းရမှာခက်နေသည်။

မလွယ်ပါလား။

လေးလေးသက်မှာ နာမည်ပျက်တွေရှိနေလို့လား။

လမင်းသော်တာမှာရှိနေတဲ့ အလုပ်သမားတွေက အသက်ကြီးကြီးတွေ ...

စိတ်ရှုပ်လိုက်တာ ...

နွေးလေးဘက်က ရှုံးသွားတယ်။

မိဘဆွေမျိုး အားကိုးတွယ်တာရာမဲ့နေတဲ့ဘဝ ...





အိမ်သန့်ရှင်းရေးကို အာရုံစိုက်ပြီးလုပ်ဖို့ပဲ စဉ်းစားလိုက်သည်။

ကြီးမြ စိတ်ပူတာပဲနေမှာပါ။

လေးလေးသက်က ဆေးလိမ်းပြီးတော့ ... ငွေတစ်ထပ်ပေးသည်။

ဝယ်ချင်တာဝယ်တဲ့ ...

နွေးလေး လက်မခံခဲ့ ...

"ကြီးမြက ... နွေးလေးကိုထောက်ပံ့ပါတယ် လေးလေးသက် ... ငွေလည်း လုံလောက်ပါတယ် ... အပိုငွေတွေ မယူပါရစေနဲ့ လေးလေးသက် ... "

အပိုငွေတွေ ဘာဖြစ်လို့ပေးရတာလဲ ...

မရိုးသားတာလား။

"နွေးလေးရဲ့ပညာရေးကို လေးလေးက အားပေးကူညီတဲ့ [illegible]နေနဲ့ပါ၊ မင်းက ... အင်ဂျင်နီယာတစ်ယောက် ဖြစ်ချင်တာ မဟုတ်လား နွေးထွေးသူရဲ့"

"ဒါပေမဲ့ ... နွေးလေး လက်မခံပါရစေနဲ့ ... ကိုယ့်လုပ်အားခကလွဲပြီး ဘာမှ အပိုအခွင့်အရေးမယူချင်တာပါ"

ငွေပေးတဲ့ကိစ္စတွေသာ ... ကြီးမြ သိသွားရင် အရမ်းစိတ်ပူမှာပဲ ...

သူမတောင် စောစောကမတွေးမိ ...

လေးလေးသက်ရဲ့ ဥပမိရုပ်ရည်က ခန့်ညားတည်ကြည်သည်။

အမယ်လေး ... နွေးလေး မှားပြီလား။

www.burmeseclassic.com



"ယောက်ျားတွေဆိုတာ မိန်းမတွေ သတိထားရမယ့်သူတွေပဲ"

ကြီးမြက အပျိုကြီး ...

ဆွေးမျိုးနီးစပ်ဆိုလည်း နွေးလေးတစ်ယောက်တည်းရှိတော့သည်။

ဂရုစိုက်၏။

နွေးလေးမှာလည်း အားကိုးတွယ်တာစရာ ကြီးမြပဲရှိတာ မဟုတ်လား။

လာပြန်ပြီ တစ်ယောက် ...

ကြီးမြပြောတဲ့ ... ကောင်းတဲ့ ...

"ကောင်းကို ကြီးမြထိန်းပေးခဲ့ရတာ ... လမင်းသော်တာခြံကြီးမှာ ကောင်းစိတ်တိုင်းကျတာ ကြီးမြတစ်ယောက်ပဲရှိ ဘယ်လေ"

ကောင်းဆင့်ရံဆိုတာ ဘယ်လိုလူလဲ ...

ဒီလူ့စိတ်ကြိုက်လုပ်ဖို့ အဆင်မှပြေပါ့မလားမသိဘူး။

အိမ်ထဲမှာ သန့်ရှင်းပြောင်လက်နေတာကို နွေးလေးလည်း နှစ်သက်ပါတယ်။

လိုက်ကာတွေ အသစ်လဲရမယ်။

သူ ... ဘာအရောင်ကြိုက်မလဲ။

နွေးလေးကတော့ အပြာရောင်နုနုလေးကို နှစ်သက်သည်။

"နွေးလေး ... ကောင်းအခန်းကို သန့်ရှင်းရေး သေသေချာချာလုပ်နော်၊ ရောက်ရောက်ချင်း စိတ်အပန်းပြေသွားအောင်လေ၊ ကြီးမြက ကောင်းကိုချစ်တယ်"





သူ့အခန်းဝမှာရပ်ပြီး ဘယ်လိုပြင်ဆင်ရမလဲဆိုတာ စဉ်းစားနေမိသည်။

ရှင့်အကြိုက်မှ မသိတာဘဲ ...

မတတ်နိုင်ဘူး။

ကျွန်မ အကြိုက်ပဲဖြစ်မယ်။

နွေးလေးလည်း သန့်ရှင်းမှုနှင့်အလှအပကို နှစ်သက်သည်။

ဘဝက မလှပေ ...

ကြီးကျယ်ခမ်းနားတဲ့ ဘဝတစ်ခုကို သူမ ပိုင်ဆိုင်ခြင်းမရှိခဲ့။

အဆင်းရဲကြီးတော့ မဟုတ် ...

မေမေ နေမကောင်းဖြစ်တော့မှ ကုန်သွားရတာပါ။

ကြီးမြ ရောက်လာသည်။ အတူလာနေတဲ့ ...

အိမ်မှုကိစ္စတွေ ဝိုင်းလုပ်ပြီး ငွေစုတဲ့ ...

ပညာဆက်သင်တဲ့ ...

အင်ဂျင်နီယာဖြစ်ချင်တဲ့ ကျွန်မ ... အလုပ်လုပ်ဖို့က အပြင်မှာ မဖြစ်သေးပါဘူး။

"ကျွန်မ အင်ဂျင်နီယာပဲဖြစ်ချင်တယ် ... အပြင်မှာ အလုပ်ထွက်လုပ်ဖို့မဖြစ်သေးပါဘူး ကြီးမြရယ်"

"ဒါဆိုလည်း ညည်းလေး အလုပ်လျှောက်နေတာတွေရပ်လိုက်တော့ ... ဒီမှာပဲ တာဝန်ကျေကျေလုပ် ... ဒီမှာတော့ စားစရိတ်၊ နေစရိတ် မပူရဘူးပေါ့ နွေးလေးရယ် ... "

ဒီအိမ်ကြီးထဲမှာခိုလှုံကာ တာဝန်ကျေအောင်လုပ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နွေးလေး အင်ဂျင်နီယာတစ်ယောက်ဖြစ်ချင်၍ ကြိုးစားနေရ၏။

မနက်စောစော ...

အိမ်မှုကိစ္စတွေထလုပ်ပြီး ကျောင်းလည်းတက်ရသည်။

နွေးလေးက သန်လျင် နည်းပညာတက္ကသိုလ်ကျောင်းသူ။

အရေးကြီးတာက ပညာရေးပဲလေ။

ဘီတက်(ချ်)ဝင်ဖို့ ...

ကိုကောင်းဆင့်ရဲ့အခန်းကို သူမစိတ်ကြိုက် ပြင်ဆင်နေမိသည်။

ရှင် ကြိုက်မကြိုက်တော့ မသိဘူး။

ကျွန်မကတော့ အရမ်းကြိုက်နေပြီ။

"အဟက် ..."

သူမ သဘောကျစွာဖြင့် တစ်ယောက်တည်းရယ်မိနေသည်။

အိမ်မှုကိစ္စတွေလုပ်ရမယ်ဆိုလျှင် နွေးလေး ပျော်နေတတ်၏။

အခန်းတွေ ပြင်ဆင်တာ ...

အဆောက်အဦတွေ တည်ဆောက်တာ နွေးလေး နှစ်သက်သည်။

နွေးလေးလာမှ ... လမင်းသော်တာအိမ်ကြီးက အရမ်းကို သစ်လွင်တောက်ပလာတယ်ဟု လေးလေးသက်က ပြောသည်။

ရှင့်အခန်းကိုလည်း ကျွန်မ ပြင်ဆင်ထားပြီးပြီ။

အပြာရောင်နုနု လိုက်ကာလေးတွေက လှနေသည်။

ညနေရောက်လာမယ်တဲ့ ...

တွေ့လိုက်တာနဲ့ ရှင် နှစ်သက်သဘောကျသွားစေရမယ်။

အခန်းလေးကို တစ်မွှမ်မွှမ်စိုက်ကြည့်ပြီး ပြင်ဆင်နေမိသည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂ )

"နွေးထွေးသူ ..."

"ရှင် ..."

"နင် ... အလှအပပြင်တာ တကယ့်ကိုစမတ်ကျတာပဲ ... အရောင်ရွေးချယ်မှုကအစ တကယ့်ကို အနုပညာဆန်တာပဲ"

လေးလေးသက်က ... သူမကို ချီးမွမ်းစကားတွေပြောနေသည်။ နွေးလေး ထိတ်လန့်သွားရ၏။

အခန်းဝတွင်ရပ်နေသော လေးလေးသက် ... အပြုံးတွေနှင့် ရင်ဆိုင်လိုက်ရသည်။

"နွေးထွေးသူက ... အရမ်းကိုထူးချွန်ထက်မြက်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်လာမှာပါကွာ"

လေးလေးသက်က အရမ်းကိုနှပျိုနေသည်ဟု ထင်မိသည်။

"လေးလေးတူကတော့ အရမ်းကိုသဘောကျမှာပဲ"

နွေးထွေးသူဆိုတဲ့မိန်းကလေးရဲ့ အစွမ်းအစကို ... မိမိ သဘောကျမိသည်။

မိမိတွေ့ဖူးမြင်ဖူးတဲ့မိန်းကလေးတွေထဲမှာ ချောမောလှ





ပြီး ချစ်စရာအကောင်းဆုံးပဲဟု ထင်မိ၏။

"လေးလေးတူက ... လေးလေးသက်တို့လက်ထပ်ပြီး ... ကလေးမရတာနဲ့ တူလေးကိုမွေးစားထားတာလေ"

လေးလေးသက်က သားအရင်းလိုပဲ ချစ်ခင်နှစ်သက်သည်ဟု ကြီးမြက ပြောသည်။

"လေးလေးသက်တို့အမျိုးတွေအားလုံး ... ဒီတူလေးကိုပဲ ချစ်မြတ်နိုးကြပြီး အလိုလိုက်ထားကြတာပဲ"

ရှင် ...

ဘယ်လောက်များ ကြီးကျယ်ခမ်းနားနေလိုက်မလဲ ...

"နွေးထွေးသူ ..."

"ရှင် ..."

"ပင်ပန်းနေပြီလား"

"ဟင့်အင်း ... နွေးလေးက အိမ်မှုကိစ္စတွေလုပ်တာ စိတ်ဝင်စားပါတယ်"

ကြီးကြီးမြပြောထား၍ နွေးထွေးသူ စိတ်တွေ မလုံမလဲဖြစ်ရသည်။

လေးလေးသက်က လိုအပ်သည်ထက်ပိုပြီး ... သူမအား ယုယနိုးအောင်လုပ်နေသည်ဟု ထင်မိလာ၏။

နွေးလေးကြောက်လာမိသည်။

"နွေးလေး ..."

"ရှင် ..."

"နွေးလေးကို လေးလေး အရမ်းသနားတယ်"



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကနေ နွေးလေး ပြေးထွက်ချင်မိသည်။

လေးလေးသက်ရဲ့အကြည့်တွေကို ကြောက်ရွံ့လာရ၏။

"နွေးလေးဖြစ်ချင်တဲ့ဆန္ဒတွေကို လေးလေးက ဖြည့်စွမ်းပေးပါရစေ"

"ကျွန်မ အားလုံးပြည့်စုံပါတယ် လေးလေးရယ် … ဘာမှမလိုပါဘူး၊ ကြီးမြမှာ စုထားတာတွေလည်းရှိပါတယ်"

ညက ဆေးလိမ်းပေးတုန်းက ဘာမှမဖြစ်ပေ …

ကြီးကြီးမြ ပြောလိုက်မှ သူမ အကြောက်ကြီးကြောက်သွားရသည်။

"နွေးလေး လိုအပ်တဲ့အကူအညီရှိရင် ပြောနော် … "

"ဟုတ်ကဲ့ … "

"အခန်းလေးကကွာ … သိပ်ပြီး လှပသစ်လွင်နေတာပဲ … နွေးလေး တကယ်တော်တယ်"

"ဟိုဟို … နွေးလေး ဆက်ပြီးပြင်ဆင်လိုက်ဦးမယ်နော်"

"နွေးလေး … "

"ပြီးရင် လေးလေးအခန်းကိုလည်း ပြင်ဆင်ပေးဦးနော်"

"ဟုတ်ကဲ့ … "

လေးလေးသက် ထွက်သွားမှ သူမ စိတ်သက်သာရာရသွားသည်။

"ဟူး … "

မောလိုက်တာ …

လေးလေးသက် အရောတဝင်လုပ်နေတာကို စိတ်မော





သည်။

"နွေးလေး … "

"ဟင် … ကြီးမြ"

"ကိုစောသက် ဘာလာလုပ်တာလဲ"

"အခန်းကိုလာပြီး ချီးမွမ်းတာပါ ကြီးမြ"

"ကြီးမြ စိတ်ပူလို့ … "

"ကြီးမြ … "

"နွေးလေး … ဒီမှာ ဆက်နေဖို့တောင်ဖြစ်ပါ့မလားဟင်"

"ဖြစ်ပါတယ်ကွယ် … ကြီးမြရှိပါတယ်၊ သတိတော့ထားရမှာပဲလေ"

ကြီးမြကလည်း စိတ်မချပေမယ့် … တူမလေးမှာ နားခိုရာမှ ရှိတာဘဲ …

"နွေးလေး … "

"ရှင် … "

"ဘဝကို တိုးတက်အောင်ကြိုးစား … ဒီမှာ မလွှဲမသွေနေရမှာပဲလေ"

"ကြီးမြရယ် … နွေးလေးအတွက် ဘာမှစိတ်မပူပါနဲ့နော်၊ နွေးလေး နေတတ်ပါတယ်"

"နွေးလေးရယ် … "

နွေးထွေးသူလေးကို … ဒေါ်မြ သနားကြင်နာနေမိသည်။ လိမ္မာတော်တဲ့ မိန်းကလေးပါ။

"ကြီးမြ … "

"ဟင် … "



www.burmeseclassic.com

www.burmeseclassic.com



"နွေးလေး ပြင်ဆင်ထားတာကို ကြိုက်ရဲ့လား"

"လှလိုက်တာ နွေးလေး ... တကယ့်ကိုပြင်ဆင်တတ်တာပဲ အနုပညာလက်ရာမြောက်လွန်းတယ်"

"အဟက် ... "

"ကောင်းကတော့ ကြိုက်မှာပါ"

"ဒီအရောင်တွေကို သူကြိုက်ပါ့မလားဟင် ... "

"ရောက်တော့လည်း သူကြိုက်တဲ့အရောင်တွေကို ပြောင်းပေးလိုက်ပေါ့ နွေးလေးရယ်"

သူ ... လာတော့မည်။

"ကိုစောသက်သွားခေါ်နေပြီပဲ ... မကြာခင်ရောက်လာတော့မယ် နွေးလေး"

"ဟုတ်ကဲ့ ... "

"ကြီးမြ စားသောက်စရာတွေ သွားပြင်ဆင်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ... "

လေးလေးသက်က သွားပြီးကြို့နေပြီဖြစ်သည်။

စိတ်တွေလှုပ်ရှားနေ၏။

ကျွန်မရဲ့စမ်းသပ်မှုပဲ ...

အခန်းတစ်ခုလုံးကို လှပအောင်ပြင်ဆင်တဲ့ဝါသနာအရှင်လေး

Air Con ကို ကြိုတင်ဖွင့်ထားလိုက်သည်။

နှင်းဆီနံ့ Air Fresher ကိုလည်း သေသေချာချာဖြန်းထားပြီးတော့ ...

နွေးလေး မီးဖိုခန်းထဲရောက်လာသည်။

"ကြီးမြ ... ဘာကူညီရဦးမလဲ"





"ရပါပြီကွယ် ... နွေးလေး ရေမိုးချိုးပြင်ဆင်ထားတော့"

"ရှင် ... "

"ကြီးမြတို့တောင် ပြင်ဆင်ထားရတာ ... ကောင်းက သေသေသပ်သပ် သန့်သန့်ရှင်းရှင်းနေမှကြိုက်တာ"

"နွေးလေး ညှော်မခံချင်ပါဘူး"

"ကိုစောသက်က ညှော်ခံခိုင်းမှာပဲ ... နွေးလေးကိုပွဲထုတ်မှာ"

"ကြီးမြ ... "

"ဟင် ... "

"လေးလေးသက်က မိန်းကလေးတွေနဲ့ ရှုပ်ပွေတတ်တဲ့လူလား"

"နည်းနည်းတော့ရှိတယ် နွေးလေး ... မိန်းမဆိုးသွားမှပါ။ အရွယ်ရှိသေးတာကိုး ... မငြိမ်းဖြူရှိတုန်းကတော့ မိန်းမကို အရမ်းချစ်ပြီး တည်တည်တန့်တန့်နေတာ ... နောက်ပိုင်းမှ နာမည်ဆိုးတွေထွက်လာတာပဲ နွေးလေးရဲ့"

နွေးလေးက လူကြီးတစ်ယောက်ဆိုပြီး ရိုသေလေးစားနေတာပါ။

ညက ... နွေးလေးကို ဆေးလူးခိုင်းတယ်။

မရိုးသားတာဘဲ ...

ဆေးလူးခိုင်းပေမယ့် ... အခန်းထဲမှာတော့ ခြံစောင့်ကြီးအဘကြိုင် ရှိနေသည်။

"သိပ်မကြောက်ပါနဲ့ နွေးလေး ... ဒါကလည်း ကြီးမြက ကြိုတင်သတိပေးထားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"သတိတော့ရှိပါ ... နွေးလေးဖြစ်ချင်တဲ့အခြေအနေတစ်ခု ရောက်အောင်တော့ ကြိုးစားထားပါ"

"ဟုတ်ကဲ့ ... "

နွေးလေး ...

သတ္တိတွေမွေးရမယ်။

အင်ဂျင်နီယာတစ်ယောက်ဖြစ်ဖို့ အစွမ်းကုန်ကြိုးစားရမှာပဲ။

"လာတော့မယ်ထင်တယ် နွေးလေး ... အဆင်သင့်ပြင်ထားရမယ်နော်"

နွေးလေး ... အခန်းလေးထဲဝင်သွားပြီး ရေချိုးသည်။

ရှင် ... ဘယ်လိုလူလဲ ...

ကြီးမြပြောတာကတော့ ကြီးကျယ်ခမ်းနားစွာ နေတတ်သူတဲ့ ...

ရေချိုးသည်။

အလှတော့ သိပ်မပြင်ပါဘူး။

နွေးလေးမှာ မာနရှိတယ်။

ယောကျ်ားတစ်ယောက်စိတ်ဝင်စားအောင် ... နွေးလေး ဘယ်တော့မှ မလုပ်ဘူး။

ရှင့်ကိုလည်း အထင်မကြီးပါဘူး။

နွေးလေးက ကိုယ့်အားပဲကိုယ်ကိုးတတ်တာပါ။

ဟန်ရေးပြတဲ့အလုပ် မလုပ်ဘူး။

ကျွန်မ အစွမ်းအစကိုတော့ ... ရှင့်ကို ပြသချင်တယ်။

မှန်ရှေ့မှာ သူမ ရပ်နေမိသည်။





ဝင်းအိတောက်ပနေတဲ့ သူမအသားအရေက ဆွဲဆောင်နိုင်မှု အရှိဆုံးဟု ထင်မိနေ၏။

ယောကျ်ားတွေက ... နွေးလေးကို စိတ်ဝင်စားကြသည်။ လက်ထပ်ဖို့ တောင်းဆိုကြ၏။

နွေးလေးကတော့ သူမရဲ့ရည်မှန်းချက် မအောင်မြင်သရွေ့ ဘာကိုမှစိတ်မဝင်စားဖို့ ဆုံးဖြတ်ထားမိသည်။

"တီ ... တီ"

"ဟော ... လာပြီထင်တယ် ... ကားသံကြားပြီ"

သူမ ... အပြင်ထွက်လာခဲ့သည်။

"နွေးလေးရေ ... ကြီးမြ ပစ္စည်းတွေသယ်ရင်းကြိုလိုက်ဦးမယ်၊ သမီး ... ကော်ဖီဖျော်ဖို့ပြင်ထားနော်"

"ဟုတ်ကဲ့ ... "

နွေးလေးလည်း ထွက်မကြိုချင်ပါဘူး။

ကိုယ့်အိမ်ကအလုပ်သမားဆိုပြီး ... အထင်သေးမယ်တော့ မကြဲနဲ့နော် ...

နွေးလေးက မကြောက်ဘူး။

သူမ ဘဝတိုးတက်ရေးအတွက် အလုပ်လုပ်နေတာပဲ ...

စိတ်တွေကို တင်းနေရသည်။

ဒီလူ ... ဘယ်လိုလူလဲ ...

ဘယ်လိုပုံစံမျိုးလဲ ...

မသိချင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နွေးလေးနဲ့သူက ဘာမှမဆိုင်ပေ ...

ယောက်ျားတွေကို စိတ်မဝင်စားတာက နွေးလေးမာနပဲ။

မျှော်မှန်းထားတဲ့ပန်းတိုင်တစ်ခုကို မရောက်မချင်း ... နွေးလေး မာနထားရမယ်။

"နွေးလေး ... "

"ဟင် ... "

"အခန်းထဲ ... ပို့လိုက်လေ"

"ဟင် ... "

သူ ...

ဘာပြောမလဲ ...

"သူ ... ဘယ်လိုလူလဲဟင်"

"နည်းနည်းတော့တင်းမာတယ် နွေးလေး ... ကြီးမြကို တောင် သိပ်မမှတ်မိချင်ဘူး"

လွန်ပါတယ်။

ကြီးကြီးမြက ဒီမှာနေတာ သူ ... ငယ်ငယ်လေးတည်းက ဖြစ်သည်။

"အိုင်တင်ခံနေတာပဲဖြစ်မှာပေါ့ ကြီးမြရာ ... "

"ကော်ဖီဖျော်တော့ နွေးလေး ... ကြီးမြသွားပို့ရမယ်"

"ဟုတ်ကဲ့ ... "

"ကော်ဖီပို့ရင်း ကြီးမြ အခြေအနေကို အကဲခတ်လာခဲ့မယ် သိလား"





"ဟုတ်ကဲ့ ... "

သူမ ... ကော်ဖီဖျော်ရသည်။

ရောက်ရောက်ချင်းပင် အခန်းထဲဝင်ပြီး အနားယူနေတယ် တဲ့ ...

"နွေးလေး ... ညနေစာအတွက် အသုပ်တွေပဲပြင်ဆင်ရမယ် နော် ... ကောင်းက အသုပ်တွေကြိုက်တယ်တဲ့"

"ဟုတ်ကဲ့ ... "

"မြင်းခွာရွက်သုပ်၊ ပဲပင်ပေါက်သုပ်၊ အသုပ်စုံ လုပ်ရမယ်"

နိုင်ငံခြားကနေပြန်လာတဲ့လူက ... မြန်မာအသုပ်စုံတွေကို ကြိုက်နှစ်သက်သားပဲဟု တွေးနေမိသည်။

ဘယ်လိုလူလဲ ...

နွေးလေး စိတ်မဝင်စားပါဘူး။

ရှင့်ပုံစံက တကယ့်ကို ကိန်းခန်းကြီးနေတဲ့ပုံပင် ...

"ကြီးမြ ... "

"ဟင် ... "

"ကော်ဖီဖျော်ပြီးပြီ ... "

အိမ်တော်စိုးကြီးကပင် သူ့ကို ပျာယာခတ်အောင်ပြုစုနေရ သည်။

"နွေးလေး ... "

"ရှင် ... "

"ခဏထွက်လာခဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



လေးလေးသက်က လာခေါ်၍ ... သူမ အထိတ်တလန့်ဖြစ်ရသည်။

ကြီးကြီးမြ မရှိတော့။

"ကောင်း ... မင်းအခန်းပြင်ထားတာကို အရမ်းသဘောကျနေတယ်"

"ဟုတ်လား ..."

"မင်းရွေးထားတဲ့ လိုက်ကာတွေ ... အိပ်ရာခင်းတွေရဲ့ အရောင်တွေကို သဘောကျတယ်တဲ့"

"ဟုတ်လို့လား ... လေးလေးသက် ... နွေးလေးက အစွမ်းပြချင်နေတာ ... သူ တကယ်ကြိုက်တာလား"

"တကယ်ပါ ... လေးလေးက ... အင်ဂျင်နီယာပြင်ဆင်ပေးတာလို့"

"လေးလေးကလည်း ..."

"နွေးလေးကို မိတ်ဆက်ပေးရမယ်၊ အပြင်ထွက်ခဲ့လေ"

"သူ ... အခု ... အနားယူနေတယ် မဟုတ်လား ... လေးလေးသက်"

"အင်း ... ညစာစားရင်တော့ နွေးလေးနဲ့မိတ်ဆက်ပေးရမယ်၊ ဘာမှမကြောက်နဲ့နော် ... လေးလေးသက်က နွေးလေးကို အလုပ်သမားတစ်ယောက်လို့ သဘောမထားပါဘူးကွာ"

လေးလေးသက်က ... နွေးလေးကို လိုအပ်တာထက်ပိုပြီး အရေးတဝင် လုပ်နေသည်။





နွေးလေး ကြောက်လာမိသည်။

"လေးလေးသက်ကို ကော်ဖီတစ်ခွက်လောက်ဖျော်ပေးပါ နွေးလေး"

ကြီးကြီးမြ ... မလာသေးပေ။

နွေးလေးကတော့ ... လေးလေးသက်အတွက် ကော်ဖီဖျော်ပေးရသည်။

စိတ်ထဲမှာ လေးလံနေရ၏။

လေးလေးသက်ရှေ့မှာနေရတာ စိတ်တွေပင် ချောက်ချားလာရသည်။

❀❀❀

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

နွေးလေးတဲ့ ...

ဘယ်လိုမိန်းကလေးလဲ ...

အခန်းလေးကိုပြင်ဆင်ထားတာ စိတ်ချမ်းသာလိုက်တာ။ အေးချမ်းမွေးကြိုင်နေတာပဲ ...

ဒီမိန်းကလေး ... သူ့အကြိုက်ဆုံးအရောင်တွေကို ဘယ်လို လုပ် သိနေတာလဲ ...

သူ ... အံ့ဩနေမိသည်။

မင်းကို ကျေးဇူးတင်ပါတယ်။,

အခန်းလေးထဲဝင်လိုက်သည်နှင့် စိတ်ချမ်းသာမှု အပြည့်အဝ ရသည်။ သူ့အကြိုက်ပဲ ...

နွေးလေးကို စိတ်ထဲကနေ နှစ်သက်နေမိသည်။

အဆင့်မြင့်တဲ့ အခန်းလေးပဲ ...

နှစ်သက်စရာပင် ...

ဒီအလုပ်သမားကောင်မလေး တော်တော်လေးတော်တာ ပဲ။ လခတောင် တိုးပေးချင်ပြီ။





"ကောင်းရေ ... "

"ဗျာ ... ကြီးမြ ... "

"ညစာစားဖို့လေ ... "

အိမ်မှာချက်တဲ့အစားအစာတွေ မစားရတာကြာပြီဖြစ်၍ ကောင်းဆင့်ရဲ့ ပြင်ဆင်ခိုင်းထားခဲ့သည်။

နိုင်ငံခြားကပြန်လာတော့လည်း မြန်မာ့အစားအစာတွေကို မက်မက်မောမော စားချင်နေမိ၏။

"ကောင်းအတွက် ... နွေးလေးက တာဝန်ယူပြီး ပြင်ဆင် ချက်ပြုတ်နေတာလေ"

"နွေးလေး ... "

"အင်း ... "

"ဒီအလုပ်သမားကောင်မလေး ... တော်တော်တော်တာပဲ ကြီးမြ"

"ကြီးမြ တူမပါ"

"ဟုတ်လား ... "

"မိဘတွေမရှိတော့လို့ ကြီးမြပဲစောင့်ရှောက်ပြီး ပညာသင် ပေးနေတာလေ"

"တော်ပါတယ်"

ကြီးမြ ထွက်သွားသည်။

"ကျွန်တော်လာခဲ့မယ်လေ ... "

အိမ်တော်စိုးကြီးဒေါ်မြကို သူ မှတ်မိအောင်ကြိုးစားနေရ သည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်စဉ်ကထိန်းခဲ့တဲ့ အိမ်တော်စိုးကြီးဖြစ်၏။

မှတ်မိပြီ။

သူ့အပေါ်အနစ်နာခံပြီး ထိန်းခဲ့တာပဲ ...

ထမင်းစားခန်းထဲ ဝင်လာခဲ့သည်။

လေးလေးသက်က ရောက်နေပြီဖြစ်သည်။

"လေးလေးသက် ... ကောင်းကိုစောင့်နေတာလား"

"ဟုတ်တယ် ကောင်း ... လာလေ ... ဒီမှာကောင်းအတွက် နွေးလေးရဲ့ လက်ရာတွေလေ"

နွေးလေး ... ဘယ်မှာလဲ။ မတွေ့ရ ...

ကြီးမြနှင့်တခြားသူတွေပဲ တွေ့နေရသည်။

"ကြီးမြ ..."

"ဟင် ..."

"အသုပ်တွေစုံနေတာပဲ ... အရမ်းကောင်းမှာပဲ စားချင်စရာတွေပဲ"

"နွေးလေး လက်ရာလေ"

နွေးထွေးသူဆိုတဲ့နာမည်ကို ကြားနေရပြီး ... လူကိုတော့ မတွေ့ရပေ ...

အိမ်ဖော်ကောင်မလေးတစ်ယောက်ကို ... အဲဒီလောက် အထိ စိတ်ဝင်တစား မမေးလိုပေ။

မမေးချင်။

ထမင်းစားပွဲမှာ ထိုင်မိသည်။

"ဒေါ်မြ ..."





"မောင်စောသက် ပြောပါ၊ ဘာကိုလဲ"

"နွေးထွေးသူရော ..."

"ရှိပါတယ်"

"ခေါ်လိုက်လေ"

ဒေါ်မြ အထဲဝင်သွားပြီး နွေးလေးကိုခေါ်ရသည်။

"ကြီးမြ ..."

"ဟင် ..."

"နွေးလေး ... ကြောက်တယ် ..."

"ဘာလို့လဲ ..."

"အဲဒီလူကို ..."

"ဘာမှကြောက်စရာမရှိပါဘူး၊ ညည်းကိုတောင် ချီးမွမ်းနေ တယ်၊ အရမ်းတော်တာပဲတဲ့ ..."

လေးလေးသက်ကိုကြောက်၍ အခန်းထဲဝင်နေလိုက်သည်။

လာပြန်ပြီ တစ်ယောက် ... ကောင်းဆင့်ရဲ့ ...

လေးလေးသက်ရဲ့တူတဲ့ ...

"လာပါ နွေးလေးရဲ့ ... လောကကြီးထဲမှာ အရာရာကို ပိုင်ဆိုင်ရဲတဲ့သတ္တိတွေ ရှိစမ်းပါ"

နွေးလေးလက်ကို ကြီးမြကဆွဲပြီး အပြင်ထွက်လာသည်။

စားသောက်ခန်းထဲ ရောက်လာ၏။

"ကောင်း ..."

"ဗျာ ..."

"နွေးထွေးသူလေ ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



သူ ... အံ့သြသွားရသည်။

အလုပ်သမားကောင်မလေးကို ဒီလိုချောမောလှပနေတဲ့ မိန်းကလေးတစ်ယောက်ဟု သူ ... လုံးဝမထင်မှတ်ထားခဲ့ပေ။

နွေးထွေးသူက မိန်းမချောလေးပဲ ...

"နွေးထွေးသူ ... မင်း အခန်းပြင်ဆင်မှုတွေကို အရမ်း သဘောကျနေတဲ့ကောင်လေး ကောင်းဆင့်ရုံတဲ့လေ၊ လေးလေး သက်ရဲ့တူပဲ ... သားလိုပါပဲလေ ... လေးလေးတို့ဆွေမျိုးတွေက အရမ်းချစ်ကြတာ"

သူမ ... ရပ်နေမိသည်။

ရှင် ...

တော်တော်ထူးခြားတဲ့လူပဲ ...

ရုပ်ရည်က ချောမောခန့်ညားလွန်းနေသည်။

နွေးလေး ဘာတွေတွေးနေတာလဲ ...

ဒုက္ခပါပဲ ...

"နွေးလေး ... "

"ရှင် ... "

"မင်းလိုအပ်တဲ့အကူအညီတွေ ကောင်းဆီမှာ တောင်းလို့ တယ်နော် ... ကောင်းက အင်ဂျင်နီယာတစ်ယောက်ပဲ"

ရှင်နဲ့ကျွန်မက ဝါသနာတွေတူနေကြတာပဲ ...

အင်ဂျင်နီယာတဲ့ ...

အထင်ကြီးမိသွားသည်။

"နွေးလေးက အင်ဂျင်နီယာဖြစ်အောင်ကြိုးစားနေတာသော အရမ်းတော်တာပဲ"





လေးလေးသက်က နွေးထွေးသူအပေါ် ... အလွန်အမင်း အရေးပေးနေသည်ဟု ထင်မိသည်။

နွေးထွေးသူက အိမ်ဖော်ကောင်မလေးအဆင့်ပဲရှိနေ၏။

အဲဒါကိုတော့ သူ ... သဘောမကျမိ ...

လေးလေးသက်က မိန်းမတွေနှင့် နာမည်ပျက်ရှိသူ ...

ဒီလိုအိမ်ဖော်ကောင်မလေးမျိုးက လေးလေးသက်နှင့် အနီး ာပ်မထားသင့်ဟု ထင်မိသည်။

နွေးလေးက တော်တယ်။

ထက်မြက်မယ့်ပုံပဲ ...

သူ့အကြိုက်တွေနှင့် နွေးထွေးသူအကြိုက်တွေက တစ်ထပ် ည်းနီးပါး တူညီနေသည်။

"ကောင်း ... "

"ဗျာ ... "

"နွေးလေးလက်ရာ အသုပ်တွေစားလေ"

သူ ... စိတ်မပါတော့ ...

လေးလေးက ... ဘာဖြစ်လို့ ဒီလောက်အထိအရေးတယူ နေရတာလဲ ...

မဖြစ်သင့်ဟုထင်မိသည်။

အသုပ်တွေကတော့ အတော်လေးကောင်းမွန်နေသည်။

အရသာရှိနေ၏။

နွေးထွေးသူ ... အတော်လေးဉာဏ်ကောင်း၍ ထက်မြက် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

"စားကောင်းလား ..."

"အင်း ..."

"နွေးလေးက ... အလှအပပြင်တာတွေ ... အဆောက်အဦ ဆောက်တာတွေ ... အိမ်မှုကိစ္စတွေမှာ ဝါသနာပါပြီး ကျွမ်းကျင်တယ်"

လေးလေးသက်နှုတ်ဖျားကနေ နွေးထွေးသူကို ချီးမွမ်းခန်းတွေက တတွတ်တွတ်ပြောနေသည်။

ပီတိတွေ ဖြစ်နေပုံပင် ...

သူ ... အမြင်ကတ်လာမိသည်။

ကြီးကြီးမြကလည်း တူမကို ဘာဖြစ်လို့ခေါ်ထားရတာလဲ။

အန်တီရှိစဉ်တည်းက လေးလေးသက်က နည်းနည်းနာမည်ပျက်သည်။

ကြီးကြီးမြ သိသည်။

"နွေးလေးလက်ရာတွေကို ကိုကောင်းက တော်တော်လေး နှစ်သက်တယ် ထင်တယ် ... ကောင်းတစ်ယောက် ခေါင်းတောင်မဖော်တော့ဘူး"

သူ ... တည်ငြိမ်နေသည်။

နွေးထွေးသူကို သဘောမကျမိသလို ... မြင်လာရ၏။

လေးလေးသက်ရဲ့အကြည့်တွေကို မကြိုက်ပေ ...

သူမှာ ပြောပိုင်ခွင့်မရှိ။

တူပဲ ...

မွေးစားသားလိုဖြစ်နေပေမယ့် ... လေးလေးအနားမှာ





ကောင်းဆင့်ရဲ့ မနေခဲ့ပေ ...

ညစာစားပြီးသွားကြပြီ။

"ကောင်း ..."

"ဗျာ ..."

"ခြံထဲထိုင်ပြီး စကားပြောကြရအောင်"

"ဟုတ်ကဲ့ လေးလေး ..."

"တို့တူအရီးနှစ်ယောက် မတွေ့တာကြာပြီဆိုတော့ ... တစ်ညလုံး စကားတွေထိုင်ပြောကြမယ်ကွာ"

"ဟုတ်ကဲ့ ..."

"နွေးလေး ..."

"ရှင် ..."

"ခြံထဲမှာ လေးလေးတို့အတွက် ပြင်ဆင်ပေးပါဦးကွာ ... လေးလေးကတော့ ဘာပဲဖြစ်ဖြစ် ... နွေးလေးရဲ့လက်ရာလေးတွေကို အရမ်းသဘောကျနှစ်သက်မိတယ်ကွာ"

"ဟုတ်ကဲ့ပါ ..."

"နွေးလေးတော့ အပင်ပန်းမခံနဲ့နော် ... စီမံပေး ... ကျန်တဲ့သူတွေခိုင်းပေါ့"

"ဟုတ်ကဲ့ ..."

"လာ ကောင်း ... လေးလေးတို့ ခြံထဲမှာလမ်းလျှောက်ကြရအောင်"

ခြံထဲဆင်းလာခဲ့သည်။

လေးလေးသက်က အရွယ်နှင့်မလိုက်အောင် နုပျိုနေ၏။

သူ့မိဘကတော့ ... ကားမတော်တဆမှုနဲ့ဆုံးတော့ သူက


www.burmeseclassic.com

www.burmeseclassic.com



မွေးကင်းစလေးပဲ ...

အဒေါ်တွေလက်ထဲမှာ ကျန်ခဲ့ခြင်းဖြစ်သည်။

လေးလေးသက်တို့ဇနီးမောင်နှံက တရားဝင်မွေးစားခဲ့ကြသည်။

ဆွေမျိုးတွေကလည်း သူ့ကိုသနား၍ ချစ်ခင်ကြသည်။

တစ်လှည့်စီခေါ်ယူကျွေးမွေး စောင့်ရှောက်ထားကြသည်။

သူ ...

ဂျပန်ကအဒေါ်တွေဆီမှာ နေသည်။

မြန်မာပြည်ကိုတော့ လွမ်းမိသည်။

ပြန်လာချင်မိ၏။

မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေလုပ်နိုင်ရန် သူ ... ပြန်လာခြင်းဖြစ်သည်။

"ကောင်း ..."

"ဗျာ ..."

"လေးလေးသက်က သွက်လက်ထက်မြက်တဲ့လူငယ်တွေကို မြေတောင်မြှောက်ပေးချင်တယ်"

သူ ... သဘောမကျမိ ...

ဘယ်လိုကန့်ကွက်ရမလဲ ...

နွေးလေးနှင့်လေးလေး အရောတဝင်နေတာကို သဘောမကျမိပေ ...

မနေသင့်ဟု ထင်သည်။

မင်းရဲ့ဘဝ တိုးတက်မြင့်မားရေးအတွက် အသုံးချမှာလား

"လေးလေး ..."





"ဟင် ..."

"နွေးထွေးသူဆိုတဲ့မိန်းကလေးရဲ့ အနေအထားရော"

"မာနကြီးတယ်ကွ ... ရိုးသားတယ် ... ပညာရေးဘက်မှာတော့ အစွမ်းကုန်ကြိုးစားတယ် ကောင်း ..."

လေးလေးသက်က ... နွေးထွေးသူအပေါ် အတော်လေးဂရုစိုက်ပုံပင် ...

သူ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေသည်။

ဒီမိန်းကလေး ...

စိတ်ဝင်စားဖို့တော့ ကောင်းတယ်။

ဆွဲဆောင်မှုတစ်ခုခုတော့ ရှိသည်ဟုထင်မိသည်။

ဘဝင်တော့ မကျမိ ...

တစ်မျိုးပဲ ...

မင်း ...

ဘယ်လိုမိန်းကလေးလဲ ...

"ခြံထဲမှာ ... ပြင်ဆင်ပြီးပါပြီ"

ကိုမိုးက လာပြောသည်။

"လာ ... ကောင်း ..."

ခြံထဲမှာပြင်ဆင်ထားတာ သေသပ်၍လှပနေသည်။

လေးလေးပြောသလိုပဲ နွေးလေး တော်တာတော့မှန်သည်။

လိုက်ဖက်မယ့်အစားအစာတွေကို ချထားသည်။

သူ့အနှစ်သက်ဆုံးက လက်ဖက်သုပ်ချဉ်ငံစပ်လေးပဲ ...

ရေနွေးကြမ်းကလည်း အနံ့လေးသင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်း ..."

"ဗျာ ..."

"ဘယ်လိုလဲ ... ဒီကောင်မလေး တကယ်တော်တယ်နော်"

သူ ...

ဘာကိုမှန်းမသိ ...

သဘောမကျသလိုကြီး ဖြစ်နေသည်။

နွေးထွေးသူကိုလား။

လေးလေးသက်ကိုပဲလား။

ညလေးက သာယာလှပမှုတော့ရှိနေသည်ဟု သူ ... ဝန်ခံရမည်ဖြစ်သည်။

❀❀❀

အခန်း ( ၄ )

နွေးထွေးသူ အိပ်လို့မရ ...

သူ ...

သူမကို အထင်သေးမှာလား။

အကြည့်တွေက တစ်မျိုးပဲ ...

တည်ကြည်ပြီး အေးစက်စက်နှင့် အင်းမလုပ် အဲမလုပ် ပုံစံကြီး ဖြစ်နေသည်။

လေးလေးသက်ကို မြူဆွယ်ဖြားယောင်းနေတယ်လို့ ထင်နေသည်။

နွေးလေးစိတ်ထဲမှာ မတင်မကျကြီး ဖြစ်နေမိသည်။

သူမ ရောက်ထဲက လေးလေးသက်က ဂရုတစိုက်ရှိလွန်းနေ၏။

လိုအပ်တာတွေ ဖြည့်စွမ်းပေးနေသည်။

ကိုကောင်းဆင့်ရဲက ... သူမကို တစ်မျိုးထင်နေတာမဟုတ်လား။

ရှင်းပြစရာ မလိုပါဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



သူမက … မဟုတ်တာလုပ်တာမှ မဟုတ်တာဘဲ …

ဘာမှ စိတ်မလုံစရာမလိုပါဘူး။

ကြီးမြပြောသလိုပဲ ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွေ့ဘူး။ စိတ်တွေကို တင်းထားမိသည်။

"နွေးလေး …"

"ဟင် ကြီးမြ …"

"ကြီးမြ သက်သာပါပြီ"

"ကြီးမြ အနားယူပါ"

"တူမလေး စာတွေကြိုးစားပြီး ဘဝတိုးတက်အောင်လုပ်ပါ။ ကြီးမြလည်း ကိုယ့်ကိုယ်ကိုယ်အားမရဘူး၊ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ"

"နွေးလေးက ကြီးမြအတွက်ပဲပူတာပါ"

"လေးလေးသက်ကို နွေးလေးကြောက်တယ်"

"သတိတော့ထားရမယ် တူမလေး … ကြီးမြတို့ကတော့ ဒီမှာပဲနေရမယ်လေ"

ကြီးမြပြောတာလည်း အမှန်ပဲဖြစ်သည်။

နွေးထွေးသူတို့မှာ ဒီအိမ်ကလွဲပြီး နေစရာမရှိ။

"နွေးလေး …"

"ရှင် …"

"ကြိုးစားနော် … ဘာမှအားမငယ်နဲ့ … ကြီးမြလုပ်အားတွေ စုထားတာတွေရှိတယ်၊ အရေးကြီးတာက တူမလေးဘာ ကြီးမြလိုဘဝမျိုးကနေ လွတ်မြောက်ဖို့ပဲလေ"

ကြီးမြကတော့ နွေးထွေးသူကို အားပေးနေသည်။





နွေးလေး အားတော့ရှိပါတယ်။

ဘဝကမှ မလှပတာဘဲ …

အဖေ … အမေကို မတွေ့ရ …

ငယ်ငယ်လေးတည်းက ဆုံးပါးသွားပြီ။

ကြီးမြက ထောက်ပံ့သည်။

အဒေါ်နှင့်နေရ၏။

နွေးလေးဘဝကို အောက်တန်းကျမှာ စိတ်ပူမိသည်။

တိုးတက်ချင်လာ၏။

ဒေါ်လေးအငယ်နှင့်နေပြီး သူ ဝါသနာပါတာတွေ ကြိုးစား သင်ယူသည်။ သင်တန်းတွေတက်၏။ ကြိုးစားသည်။

ဘဝမှာ အောင်မြင်ရမယ်။

"နွေးလေး …"

"ရှင် …"

"မောင်စောသက်ကြောင့် သမီး စိတ်ညစ်နေလား"

"အင်း …"

"ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွေ့ပါဘူးကွယ်"

နွေးထွေးသူကတော့ ဘဝကို ဘယ်လိုနည်းနဲ့မဆို ကြိုးစား ရမယ်။

ဒါပေမဲ့ …

ကိုယ်ကျင့်တရားပျက်ပြားစေမယ့် အလုပ်တွေကိုတော့ ဘယ်တော့မှမလုပ်ပါဘူး။

ကျွန်မကို အထင်မသေးပါနဲ့ …



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး။

"ကြီးမြ အိပ်တော့နော် ... "

"အင်း ... "

"နွေးလေး စာကျက်ဦးမယ်နော်"

"အိပ်တော့ကွယ် ... အနားယူလိုက်ပါဦး"

ကြီးမြထွက်သွားသည်။

နွေးလေး အိပ်မပျော်ပေ ...

ကိုကောင်းဆင့်ရဲ့အကြည့်တွေကို သူမ သဘောမကျမိပေ။ အထင်သေးနေသည်ဟု ထင်မိသည်။

စိတ်ထဲမှာ ခုနေ၏။

အိပ်ရာဝင်နောက်ကျပေမယ့် သူမ အစောကြီးထသည်။ ကြီးမြ မလုပ်စေရန် သူမပဲ လုပ်နေခဲ့၏။

"နွေးလေး ... "

"ရှင် ... "

"အစောကြီး ဘာဖြစ်လို့ထရတာလဲကွာ ... "

"ကျွန်မ အကျင့်ဖြစ်နေပါပြီ၊ အစောကြီးထပြီး အိမ်မှုကိစ္စတွေ လုပ်တာလေ"

"မင်းဘဝလေးကို ... လေးလေးသက် သနားတယ်"

"မလိုပါဘူး၊ နွေးလေးထက် ဆင်းရဲဒုက္ခရောက်နေတဲ့လူတွေ အများကြီးပါ"

နွေးလေးနှင့်အတူနေတဲ့ အဒေါ်အငယ် ဆုံးသွား၍ နွေးလေး





ကြီးမြအလုပ်လုပ်တဲ့အိမ်မှာ လာ၍နေထိုင်ရခြင်းဖြစ်သည်။

အလုပ်အတွက် စိတ်ပင်ပန်းပေမယ့် ... လေးလေးသက်ကြောင့် စိတ်မသက်မသာကြီး ဖြစ်ရ၏။

မနက်အစောကြီး မီးဖိုခန်းထဲ ဘာဝင်လုပ်တာလဲ။

ကြီးမြက မနိုးသေး ...

လူကြီးဆိုတော့ ... အိပ်ရာ စောစောမထနိုင်တော့။

"လေးလေးက မီးဖိုခန်းထဲကအသံကြားလို့ ဝင်ကြည့်တာပါ၊ မနက်စောစော လမ်းလျှောက်တဲ့အကျင့်ရှိတယ်"

"ဟုတ်ကဲ့ ... "

"နွေးလေး ... "

"ရှင် ... "

"ကျောင်းတက်ရမယ်မဟုတ်လား ... "

"ဟုတ်ကဲ့ ... "

ဦးစောသက်ကတော့ နွေးထွေးသူကို သံယောဇဉ်တွယ်နေမိသည်။

လှပလွန်းတဲ့ မိန်းကလေး ...

အသားအရေကအစ ဖြူဖွေးလှပ ဝင်းအိနေသည်။

သူဌေးသမီးလေးဟု ထင်ရ၏။

ဒီမိန်းကလေး မာန်မာနတွေကြီးမည့်ပုံပင် ...

"နွေးလေး ... "

"ရှင် ... "

"လေးလေးကို ကော်ဖီတစ်ခွက်လောက် ... "

စားပွဲမှာ ထိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ ... ကျွန်မ ဘယ်ကိုထွက်ပြေးရမလဲ။

စိတ်ညစ်လိုက်တာ။

ကြီးမြကလည်း မထသေး ...

မနက်စာအတွက် စီစဉ်နေရတဲ့အထဲ အနားမှာလာနေသည်။ မနွေသြကလည်း ဆေးလိမ်းခိုင်း၏။

စိတ်ညစ်သည်။

ကြီးမြ သတိပေးမှ ပို၍ပင်ကြောက်လာရတော့၏။

ယောကျ်ားတွေကို သတိထားတဲ့ ...

ဘုရားရေ ...

လေးလေးသက်ရှိနေတာကို ... သူမ အတော်လေးစိတ် အနှောက်အယှက် ဖြစ်ရသည်။

ဘယ်လိုလုပ်မလဲ။

ဟိုလူထွက်လာလျှင် ...

နွေးလေး ဘယ်လိုလုပ်ရမလဲ။

"နွေးလေးက ဆေးလိမ်းပေးတော့ လေးလေး အရမ်းကို ပေ့ါပါးသွားတာပဲ ..."

ဆေးလိမ်းပေးတုန်းကတော့ အသက်ရွယ်ကြီးသူဖြစ်၍ ရိုးသားစွာပင် လိမ်းပေးခဲ့၍ ဘာမှမဖြစ်ခဲ့ ...

ကြီးမြပြောမှ ...

"ကိုစောသက်က နာမည်နည်းနည်းပျက်တယ်၊ သိပ်တော့ မရိုးသားဘူး"

သူမ ... လန့်နေမိသည်။

လေးလေးစောကို သူမ ကြောက်ရွံ့တုန်လှုပ်လာရ၏။





စိတ်ထဲက မလုံခြုံတော့ ...

ကော်ဖီဖျော်ပေးပြီး ... သူမ ထွက်သွားရင်ကောင်းမလား။

ကြီးမြလည်း မလာသေး ...

စိတ်ညစ်လိုက်တာ ...

"ကော်ဖီလေးရဲ့အရသာက အရမ်းကောင်းတယ်ကွာ ... နွေးလေးက အရမ်းတော်တာပဲ"

လေးလေးသက်ရဲ့အကြည့်တွေက ရူးရူးလွန်းနေသည်။

နွေးလေး စိတ်ကိုတင်းလိုက်၏။

ဘာဖြစ်လို့ ကြောက်ရမှာလဲ။

မကြောက်ဘူး။

ငါ ...

ဒီအိမ်မှာခိုကပ်နေရပေမယ့် ဘယ်တော့မှ ကိုယ်ကျင့်တရား အပျက်မခံဘူး။

"နွေးလေး ..."

"ရှင် ..."

"လေးလေးသက်တို့အိမ်မှာ ဘာမှကြောက်စရာမလိုဘူးနော် အားနာစရာလည်းမလိုဘူး"

"ဟုတ်ကဲ့ ..."

ဒီအိမ်ကလွဲပြီး သူမမှာလည်း သွားစရာနေရာမရှိပေ ... ကြီးမြက အသက်ကြီးပြီ။

နွေးလေးတို့မြို့လေးမှာတော့ အိမ်စုတ်လေးရှိသည်။ သူများ ငှားထား၏။



www.burmeseclassic.com

www.burmeseclassic.com

နွေးလေးတို့အတွက် ဘယ်လိုမှမှီခိုအားထားရာမရှိပေ။

ငိုချင်လာရသည်။

ကြီးမြ နိုးပါတော့ ...

"နွေးလေးလိုမိန်းကလေးတွေကို ... လေးလေးသက်က မြှောက်ပေးချင်တယ်"

"ဟို ဘာမှမလိုပါဘူး၊ နွေးလေးတို့မှာ အားလုံးပြည့်စုံပါတယ် လေးလေးသက် ... ဘာမှမလိုပါဘူး၊ ကြီးမြမှာလည်း စုထားတာတွေရှိတယ်"

"နွေးလေး အားငယ်နေမှာပဲ ... လေးလေးသက် စိတ်ပူတာပါ"

"နွေးလေး ဘယ်တော့မှအားမငယ်တတ်ပါဘူး၊ အဆင်းရဲဆုံးဘဝမှာ နွေးလေးနေလာခဲ့တာပဲ ... ဘဝကိုရင်ဆိုင်တတ်ပါတယ်"

နွေးလေး ငြင်းဆန်ပစ်လိုက်မိသည်။

လေးလေးသက်ကိုရှောင်ဖို့လည်း သူမစိတ်ထဲမှာ ဆုံးဖြတ်ထား၏။

"ဒီမနက်စာကို လေးလေးသက် အိမ်မှာပဲစားမယ်နော် ... ဪ ... နွေးလေးက ကျောင်းသွားရမှာပဲ ... ဟုတ်သားပဲ ... ညစာမှ စားတော့မယ်နော်"

"ဟုတ်ကဲ့ ... "

"လေးလေးသက်ကတော့ နွေးလေးလက်ရာကိုကြိုက်သွားပြီ၊ လခတိုးပေးရမယ်"





"မလိုပါဘူး လေးလေးသက် ... နွေးလေးကျောင်းတက်နေသော အပြည့်အဝ ဘာမှလုပ်ပေးနိုင်မှာမဟုတ်ပါဘူး"

နွေးလေးကတော့ စိတ်ညစ်ပြီး ငိုချင်လာရသည်။

လေးလေးသက် မရှိုးသားပေ ... အကြည့်တွေ ...

တစ်စုံတစ်ခုသာ မျှော်လင့်ချက်တွေရှိနေသည်။

နွေးလေး ရှောင်ရမယ် ...

ကိုယ့်အစွမ်းအစနဲ့ပဲ အောင်မြင်အောင် ကြိုးစားမယ်။

နွေးလေး ... ဘယ်လိုရှောင်ရှားရမှန်းမသိဘဲ ဖြစ်နေသည်။

မနက်စာအတွက် နွေးလေး ပြင်ဆင်ချက်ပြုတ်နေရသည်။

လေးလေးသက် ထွက်သွားပါစေ။

"လေးလေးသက် ... "

"ဟင် ... "

ကောင်းဆင့်ရုံကလည်း လေးလေးသက်က လမ်းလျှောက်ချိန်းထားပြီး မတွေ့၍ ရှာနေမိသည်။

အစောကြီးကတည်းက လေးလေးသက်ထသွားပြီး ... ဘယ် ရောက်နေမှန်းမသိ ...

သူ ...

ရှာသည်။

စိတ်ထဲမှာတစ်မျိုးထင်လာပြီး ... မီးဖိုခန်းထဲရှာလိုက်မိ၏။

မျက်နှာပူသွားရသည်။

လေးလေးသက်က ကောင်မလေးနှင့်ရှိနေ၏။

"နွေးလေး ... လေးလေးသွားမယ်နော် ... ကော်ဖီလေးတစ်ခွက်သောက်လိုက်ရတာ ... အရမ်းအားရှိသွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နွေးလေး ရှက်ရွံ့ထိတ်လန့်စွာဖြင့် ကျောက်ရုပ်လေးတစ်ရုပ်လို ရပ်ပြီးကျန်ခဲ့တော့သည်။

သူ့အကြည့်တွေ ...

နွေးလေးကို လေးလေးသက်နဲ့ချိန်းတွေ့တယ်ဟု ထင်သွားပြီလား။

မဟုတ်ပါဘူး။

ကျွန်မ ...

ရှင်ထင်သလို စိတ်ဓာတ်အောက်တန်းကျတဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး။

ဘယ်လိုရှင်းရမလဲ ...

ဟွန်း ...

ရှင်နဲ့ကျွန်မ ဘာဆိုင်လို့လဲ ...

ထင်ချင်သလိုထင် ...

ဘာမှ တုန်လှုပ်ချောက်ချားနေစရာမှ မလိုတာဘဲဟာ ... စိတ်တွေကို တင်းထားမိသည်။

"နွေးလေး ..."

"ဟင် ... ကြီးမြ ..."

"ဘာဖြစ်နေတာလဲ ..."

သူမ ကျောက်ရုပ်တစ်ရုပ်လိုရပ်နေ၍ ကြီးမြကမေး ...

"နွေးလေး ..."

"ရှင် ..."

"ဘာဖြစ်နေတာလဲ ... တူမလေး တစ်ခုခုဖြစ်နေတယ်ထင်တယ်၊ နေမကောင်းဘူးလားဟင် ..."





"ကြီးမြ ..."

"ပြောလေ ..."

"လေးလေးသက် ရောက်တာတယ်"

"ဟင် ... နွေးလေးကိုဘာလုပ်လဲ ... ပြောလေ ..."

"ဘာမှမလုပ်ပါဘူး ... ကော်ဖီတစ်ခွက်ဖျော်ခိုင်းတာပါ"

"ဒါများကွယ် ... ဒီလောက်လေးခိုင်းတာ လုပ်ပေးလိုက်ပါ၊ ကိုယ်ထိလက်ရောက်စော်ကားရင်တော့ မခံနဲ့ ..."

ကြီးမြ စိတ်အနှောင့်အယှက်ဖြစ်မှာစိုး၍ ဘာမှမပြောပြတော့ ...

လေးလေးသက်ကလည်း ... ကိုယ်ထိလက်ရောက် ဘာမှမလုပ်ခဲ့ ...

နွေးလေးစိတ်တွေ ... ကယောင်ချောက်ချားနှင့် ပူထူနေရသည်။

ရှင် ... ကျွန်မကို အထင်သေးပြီလား။

တင်းမာတဲ့ သူ့မျက်ဝန်းအကြည့်တွေ ...

အထင်သေးသလို ခပ်တင်းတင်းနှင့်အလိုမကျပုံ ပေါ်လွင်နေသည်။

"ဒီလောက်လေးလာတာ ... စိတ်ထဲမှာဘာမှမဖြစ်ပါနဲ့ နွေးလေးရယ် ... ကြီးမြက သတိထားဖို့ပဲပြောတာပါ ... ဒီမှာပဲနေစရာရှိတော့ သိပ်ပြီးမတုန်လှုပ်ပါနဲ့ ... ကဲ ... ကျောင်းသွားဖို့ရင်တော့ ... ပညာရေးက နွေးလေးအတွက်အဓိကပဲနော်"

သူ ... ထွက်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီ —
ကိုယ်ကောင်းဖို့ပဲ လိုတာပါ။
ရှင့်ဟာရှင် ထင်ချင်သလိုထင် ...
နွေးလေး ... အိပ်ခန်းလေးထဲသို့ ပြန်ရောက်လာခဲ့သည်။

❀❀❀





အခန်း ( ၅ )

သူမ ... ကျောင်းသွားဖို့အတွက် ပြင်ဆင်နေသည်။

ပညာရေးကို အဓိကထားပြီး သင်ကြားနေရ၏။

အင်ဂျင်နီယာ ဖြစ်ချင်သည်။

မိုခိုအားထားရာမရှိတဲ့ဘဝတွင် ဖြစ်ချင်တာတွေကို ကြိုးကြိုးတုတ်ကုတ်ရယူရမှာပဲဟု တွေးဆားမိသည်။

နာမည်နဲ့တော့ သိပ်မလိုက်ချင်။

နွေးလေး ရင်ပူနေသည်။

ကိုကောင်းဆင့်ရဲက သူမကို အထင်သေးနေပြီလား။

"နွေးလေး"

"ရှင် ကြီးမြ ... "

"ပြီးပြီလား ... "

"ဟုတ်ကဲ့ ... "

"ခြံထဲမှာ လေးလေးသက်စောင့်နေတယ်"

"ရှင် ... "

"နွေးလေးကို ကျောင်းပို့မလို့တဲ့ ... "

www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်နိုင်တာဘဲ ... နွေးလေး မစီးချင်ပါဘူး ... နွေးလေး ဖယ်ရီနဲ့သွားနေကျပဲ မလိုပါဘူး"

"ကြီးမြ ... "

"သွားလိုက်ပါ။ လူကြီးတစ်ယောက်အနေနဲ့ ဆက်ဆံတာပါ။ သူ့ဘက်မှ မရိုးမသား မလုပ်သေးတာဘဲ ... သမီးငြင်းလိုက်ရင် မကောင်းဘူးနော်"

ကြီးမြလည်း ကိုစောသက်နှင့်နီးစပ်တာ သဘောမကျပေမယ့် ... သူတို့အိမ်မှာ မှီခိုရတာပဲမဟုတ်လား။

"လူမှုရေးအရလေ နွေးလေး ... "

"နွေးလေး ... စိတ်ညစ်တယ်"

"သူကမှ ကိုယ့်အပေါ် မရိုးမသားဆက်ဆံတာမှမဟုတ်ဘဲ သမီးကငြင်းဆန်နေရင် ကောင်းကလည်း တစ်မျိုးထင်သွားနိုင်တယ်လေ"

"ဒုက္ခပါပဲ ... "

သူမ ... ဆင်းလာခဲ့ရသည်။

မတတ်နိုင်တော့ ...

"အရေးကြီးတာက ညည်းလေး အင်ဂျင်နီယာဖြစ်ဖို့ပဲလေ။ ကြီးမြလည်း ရှိပါတယ်၊ နွေးလေးကို သူ ဘာမှမထိရဲပါဘူး"

ဟုတ်ပါတယ်လေ ...

လေးလေးသက် ကားနှင့်စောင့်နေ၏။

"နွေးလေး"

"ရှင် ... "

"ကားပေါ်တက်လေ ... လိုက်ပို့ပေးမယ်"





"အဝေးကြီးပဲ ... လေးလေးသက် လိုက်မပို့ပါနဲ့ ... နွေးလေး ဖယ်ရီနဲ့ပဲသွားပါ့မယ်"

နွေးလေး ငြင်းမိသည်။ ကြီးမြ ပြောသလိုပါပဲ ...

လေးလေးသက်ဘက်မှ ... စော်ကားမော်ကားတွေ ဘာမှ မလုပ်ခဲ့။

"လေးလေးသက် လိုက်ပို့ပါ့မယ်၊ နွေးလေးတို့ကျောင်းကို လည်း လေ့လာရအောင်လေ ... လေးလေးလည်း အလုပ်ကိစ္စနဲ့ ကျောင်းဘက်ကိုသွားစရာရှိလို့ပါ"

နွေးလေး ... မငြင်းချင်တော့ ...

လေးလေးသက်က ရိုးသားစွာခေါ်နေလျှင် မကောင်းပေ။ နွေးလေးရဲ့ ဘဝရည်မှန်းချက်က ရှိသေးသည်။

လေးလေးသက်ရဲ့ကားပေါ် တက်လိုက်၏။

"ဟင် ... "

အပေါ်ထပ်ပြတင်းပေါက်မှ ဟိုလူ ...

ကိုကောင်းဆင့်ရဲ ...

နွေးလေးကို ဘယ်လိုထင်မလဲ ...

အထင်သေးတော့မည်။

"နွေးလေး ... "

"ဟင် ... "

"ကောင်းကို ကြောက်နေတာလား"

"ဟို ... ဟို ... "

"ဘာမှမဖြစ်နဲ့ ... လေးလေးသက်ကို ဘယ်သူမှ ဝေဖန်



www.burmeseclassic.com

www.burmeseclassic.com



တန့်ဆွဲနိုင်စွမ်း မရှိပါဘူး"

"လေးလေးသက် ..."

"ကားပေါ်တက်ပါ ..."

လေးလေးသက်ကိုလည်း ဘာမှ သိပ်မပြောရဲပေ ...

ကြောက်သည်။

သူမဘက်က ရေလာမြောင်းပေးမလုပ်လိုပေ ...

ပကတိရိုးသားမှုတွေကိုပဲ ပြရမယ် ...

ကားက မောင်းထွက်သွားသည်။

"နွေးလေး ..."

"ရှင် ..."

"နွေးလေး ... ဖယ်ရီကားနဲ့သွားရတာ အဝေးကြီးပဲနော်

"ဟုတ်ကဲ့ ..."

"မင်း အရမ်းပင်ပန်းမှာပဲကွာ ..."

လေးလေးသက်ရဲ့စကားတွေက ... လိုအပ်တာထက်ပို

စိုးရိမ်ပူပန်ပြနေသည်ဟု ထင်မိသည်။

နွေးလေး မကြိုက်မိ ...

အခုတလော ...

လေးလေးသက်က သူမအပေါ် ရင်းနှီးမှုယူနေလွန်းသည်

ထင်မိသည်။

နွေးလေး နှုတ်ခမ်းလေးတွေကို တင်းစေ့ထားမိသည်။ မာ

ရှိနေတဲ့ဟန်ပင် ...

"နွေးလေး ..."





"ရှင် ..."

"လေးလေးသက်ကို ဘယ်လိုမြင်လဲ ..."

"တည်ကြည်တဲ့ လူကြီးလူကောင်းတစ်ယောက်လို့ ထင်ပါတယ်"

"ကောင်းတယ် ..."

နွေးလေး ... မင်းကတော့ တကယ့်ကို ချစ်စရာကောင်းတဲ့ မိန်းကလေးပဲ ...

လေးလေးသက်ဘဝက အထီးကျန်နေခဲ့ရတာပါ။

အချစ်ကိုရှာဖွေနေတာပဲ ... မတွေ့ဘူး ...

လေးလေးသက်ရဲ့ဇနီးကိုတောင် လူကြီးတွေသဘောတူလို့ လက်ထပ်ခဲ့ရတာပါ။ အချစ်ဆိုတာ မရှိခဲ့ပါဘူး။

နွေးလေးကိုတွေ့မှ ... မိမိစိတ်ထဲမှာ နှစ်သက်စွဲလမ်းလာရသည်။

ကောင်မလေးက မာနကြီး၏။

အရေးပင်မလုပ် ... ရိုးသားဖြူစင်သူ ...

ဦးစောသက် မထိရဲ ...

မိမိငွေကြေးဥစ္စာကို မက်မောသည့်ဟန်မရှိ ...

"နွေးလေးအင်ဂျင်နီယာမကြီးဖြစ်တဲ့အထိ လေးလေးသက်တာဝန်ယူပါတယ်"

"ကျေးဇူးပါပဲ ... နွေးလေးက ဖြစ်ချင်တာပဲသိတာပါ။ ဖြစ်မလာတာတော့ ဘယ်တတ်နိုင်ပါ့မလဲ"

နွေးလေး သိပ်ဖြစ်ချင်တဲ့ဆန္ဒတွေ ပြင်းပြမှုမရှိသလောက် ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးလေးသက်ကားကို အားနာလို့သာစီးလာတာပါ။

စိတ်ညစ်နေမိသည်။ ဒုက္ခပါပဲ ...

ဟိုလူ ဘယ်လိုထင်မလဲ ...

နွေးလေး မစီးသင့်ပါဘူး။

ပတ်ဝန်းကျင်ကရော ... နွေးလေးကို ဘယ်လိုထင်မလဲ။

"နွေးလေး ... "

"ရှင် ... "

"ကော်ဖီသောက်ရအောင် ... "

"ဟို ... နွေးလေးနောက်ကျနေလို့ပါ၊ ကျောင်းရောက်တဲ့အထိ ကားကို အမြန်မောင်းပေးပါနော်"

နွေးလေးစိတ်တွေ မလုံမလဲဖြစ်မိသည်။

လူကြီးတစ်ယောက်ရဲ့ကားကိုစီးလာတာ ပတ်ဝန်းကျင်က ဘယ်လိုမြင်မလဲ ...

ပြီးတော့ ... နွေးလေးတို့အိမ်ရှင် ...

စိတ်ညစ်လိုက်တာ ...

မဖြစ်သင့်ပါဘူး။

နွေးလေး ... ဘယ်လောက်ပဲဒုက္ခရောက်နေပါစေ၊ ကိုယ်ကျင့်တရားကိုတော့ အပျက်ပြားမခံနိုင်ပါဘူး။

"နွေးလေး ခဏလောက်တော့နားမယ်ကွာ ... လေးလေးကော်ဖီသောက်ချင်လို့"

"နွေးလေး ... "

"ခဏလေးပဲ ... ကျောင်းချိန်က လိုပါသေးတယ်၊ နွေးလေး ဖယ်ရီနဲ့သွားရင်တောင် တော်တော်နောက်ကျမှရောက်မှာပဲ"





လေးလေးသက်က ... ကားကို ကော်ဖီဆိုင်မှာထိုးရပ်လိုက်သည်။

ဘုရားရေ ... ကျွန်မ ရှက်လိုက်တာ ...

ဆိုင်ထဲကိုဝင်ထိုင်ရမှာပင် တွန့်နေမိသည်။

ဘာဖြစ်လဲ ...

ရိုးရိုးသားသားပဲ ...

စိတ်တွေကို အတတ်နိုင်ဆုံး တင်းထားလိုက်ရသည်။

"နွေးလေး ... "

"ရှင် ... "

"ကော်ဖီသောက်မယ်နော် ... "

"ဟုတ်ကဲ့ ... "

"ကော်ဖီနှစ်ခွက် ... "

လူတွေက ကွက်ကြည့်ကွက်ကြည့်လုပ်နေ၍ နွေးလေးရှက်မိသည်။

လေးလေးသက်ကိုလည်း သူမ ဘယ်လိုမှခံစားမှုမရှိကြောင်းပြထားရ၏။

နွေးလေးဘက်ကရှက်နေရင် လေးလေးသက် ပိုပြီးအတင့်ရဲလာမှာ စိုးမိသည်။

"လေးလေးသက်က ... နွေးလေးရဲ့ကြိုးစားမှုတွေကို သဘောကျလို့ မြေတောင်မြှောက်ပေးချင်တာပါ"

"ကျေးဇူးတင်ပါတယ် ... "

နွေးလေးမျက်နှာလေးကို ဦးစောသက်စိုက်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီသောက် ... "

"ဟုတ်ကဲ့ ... "

နွေးလေးရှေ့သို့ ကော်ဖီခွက်လေးကို ထိုးပေးလိုက်သည်။ ကော်ဖီခွက်ကို ဇွန်းလေးနှင့်မွှေနှောက်ပေးမိ၏။

"လေးလေးသက် ... "

"ဟင် ... "

"ကော်ဖီအမြန်သောက်ပြီးရင် သွားမယ်နော် ... "

"နွေးလေးသုံးဖို့ ပိုက်ဆံလိုသေးလား"

"ဟင့်အင်း ... မလိုပါဘူး"

"လိုရင်ပြောနော် ... လေးလေးသက်ကို ဘာမှအားနာစရာ မရှိပါဘူး၊ နွေးလေး အင်ဂျင်နီယာမလေးဖြစ်ဖို့ပဲ အဓိကပါ"

"နွေးလေးမလိုပါဘူး၊ ကြီးမြလစာရော၊ နွေးလေးလစာပါ လုံလောက်ပါတယ် လေးလေးသက်"

အရင်ကတော့ ...

လေးလေးသက်ကို လူကြီးလူကောင်းတစ်ယောက်အဖြစ် လေးစားခဲ့သည်။ လိုက်လိုက်ရောရော ဆက်ဆံမိ၏။

နိုင်းစေသမျှ လုပ်ဆောင်ပေးခဲ့မိသည်။

ကြီးမြပြောမှ ...

ပြီးတော့လည်း နွေးလေးကို လိုအပ်တာထက် အရေးတယူ လုပ်နေသည်။

"အလိုက်အထိုက်တော့ ဆက်ဆံပါ နွေးလေး ... သမီး အင်ဂျင်နီယာဖြစ်ဖို့ပဲ အရေးကြီးပါတယ်"





ကြီးမြနှင့်နွေးလေးတို့မှာ မှီခိုကပ်နေစရာ မရှိပေ ...

"သမီးကို ဘာမှကျူးကျော်စော်ကားလာဖို့ မစသရွေ့ သမီး ဘက်ကလည်း ရှက်ရွံ့ထိတ်လန့်မှုတွေမပြနဲ့ ... "

သူမ ခပ်တည်တည်ပဲ ...

ကော်ဖီကိုသောက်သည်။

မုန့်တွေ စားပြလိုက်၏။

ရှက်ရွံ့ဟန် တစ်စက်ကလေးမှပင် မပြခဲ့ ...

စိတ်ထဲမှာညစ်နေတာပင် ဟန်ဆောင်နေရသည်။

"နွေးလေး ... "

"ရှင် ... "

"ညနေကျောင်းဆင်းရင်လည်း လေးလေးသက်ကိုစောင့်နေနော် ... အပြန်ကားကြုံရှိတာပဲ ... "

"သိပ်နောက်ကျရင်တော့ ... ကျွန်မ ဖယ်ရီနဲ့ပဲသွားပါ့မယ်၊ လေးလေးသက် ... "

"လေးလေး စောင့်နေမယ်"

နွေးလေးကတော့ မစောင့်ဘဲ ဖယ်ရီနှင့်လစ်ဖို့ ဆုံးဖြတ်ထားမိသည်။ စိတ်ညစ်တယ်။

လေးလေးသက်က သူမကို ဒီလောက်အထိဂရုစိုက်နေဖို့ မလိုဘူးဟု ထင်နေမိသည်။ ကော်ဖီဆိုင်က ထကြ၏။

"နွေးလေး သုံးဖို့ယူထားနော် ... လေးလေးသက်က မုန့်ဖိုးပေးတာပါ၊ ပြီးတော့ ... နွေးလေးအင်ဂျင်နီယာဖြစ်ဖို့ မြေတောင်မြှောက်ပေးတာလေ"

သူမ ...



www.burmeseclassic.com

www.burmeseclassic.com

ဘာမှငြင်းဆန်လို့မရအောင် အတင်းအကျပ်ပေးနေသည်။

"နွေးလေး မယူချင်ပါဘူး"

"ယူပါ ... လေးလေးသက်ရဲ့ ကူညီအားပေးမှုကို အသိအမှတ်ပြု လက်ခံပါ"

အိတ်ထဲရောက်နေသည်။

ရှေ့မှထွက်သွားပြီး ကားစက်နှိုးနေ၏။

"လေးလေးသက် ..."

"မင်းလက်မခံရင် ... ဒေါ်မြကတစ်ဆင့် ပေးရမှာပဲ"

ကားလေးက ကျောင်းရှေ့သို့ရောက်သွားသည်။

"ဆင်းတော့ ..."

နွေးလေး ကပျာကယာနှင့်ကားပေါ်က ဆင်းမိသည်။

"ညနေ လေးလေးသက်ကားနဲ့ပဲ လိုက်ရမယ်"

အမိန့်ပေးသလိုပင် ...

နွေးလေးစိတ်ပျက်ပျက်နှင့် လျှောက်လာခဲ့မိသည်။

"နွေးလေး ..."

"ဟင် ..."

"နင့်အိမ်ရှင်အဘိုးကြီးက ..."

သူငယ်ချင်းချစ်ချစ်စကားကြောင့် သူမတစ်ကိုယ်လုံး ထူပူသွားရသည်။

"လမ်းကြုံလို့ လိုက်လာတာပါဟာ"

"ဟိုဘက်ကအုပ်စုတွေက ပွစိပွစိနဲ့ ဝေဖန်နေကြတယ်လေ"

"မတတ်နိုင်ဘူးလေ ... အခြေအနေမှန်ကို မကြည့်ဘဲနဲ့ ဝေဖန်တာဆိုရင်တော့ လက်မခံဘူး"





နွေးလေး ... စိတ်တိုတိုနှင့်ပြောပစ်လိုက်မိသည်။

လူတွေကလည်း ...

"ဟဲ့ ... နင်က စိတ်မဆိုးနဲ့လေ ... ဒီကိုလာရင် ဒီလိုပဲ အပြောခံရမှာပဲ ... အိမ်ရှင်အဘိုးကြီးတွေနဲ့ အရောတဝင်မနေရဘူးဟ"

ချစ်ချစ်စကားတွေကပင် သူမအပေါ် မညှာမတာဝေဖန်နေပြီး အထင်လွဲနေဖို့ပင် ...

ရှုံ့ပစ်ချင်လာမိသည်။ လူတွေအားလုံး ဒီလိုမရိုးသားဘူးလို့ ထင်နေတော့မှာလား။

"ငါကတော့ အရေးမစိုက်ပါဘူး၊ ကိုယ့်ကိုယ်ကျင့်တရားတွေ ကိုယ်ပဲသိတယ်"

နွေးလေးရဲ့ အေးစက်နေတဲ့မျက်ဝန်းတွေနှင့် မထီသလို ပြောမိသည်။

"နွေးလေး ... နင့်ကို စေတနာနဲ့ပြောတာနော်"

သူမ ...

ဘာတတ်နိုင်မလဲ ...

လေးလေးသက်က မရိုးသားတဲ့ကိစ္စ ဘာမှမလုပ်သေးပေ။ စိတ်ပျက်လိုက်တာ ...

ညနေ ...

ကျောင်းဆင်းတော့ ... လေးလေးသက်က ကျောင်းဝတွင် စောင့်နေသည်။

ဒုက္ခပါပဲ ...


www.burmeseclassic.com

www.burmeseclassic.com

သေချင်လိုက်တာနော် ...

ကားနှင့်မလိုက်မြန်ရင်လည်း ပတ်ဝန်းကျင်မှာ ရှက်ရှက်သဲသဲ ဖြစ်ဦးမည်။

အကြည့်စူးစူးတွေကို ဥပေက္ခာပြုပြီး ကားပေါ်တက်လိုက်လာခဲ့ရသည်။

❀❀❀





ခန်း ( ၆ )

လေးလေးသက်နဲ့ နွေးလေးတို့ရဲ့ဆက်ဆံရေးကို သူ ...

တာမကောင်း ဖြစ်မိသည်။ နီးစပ်လွန်းသည်ဟု ထင်မိ၏။

အလုပ်သမားပဲ ...

ဒီလောက်ထိ မနီးစပ်သင့်ဟု ထင်မိနေသည်။

စိတ်ထဲမှာ ဘဝင်မကျမိ ...

ကြီးကြီးမြကလည်း နာမည်ပျက်မရှိတဲ့ အိမ်ဖော်မကြီးတစ်

ကော်ပါ။ တာဝန်ကျေနေသည်။

ဒါပေမဲ့ ...

ဟိုကောင်မလေးအတွက်ပဲ ကြီးမြ မသိချင်ယောင်ဆောင်

တာလား။

လေးလေးသက်က နည်းနည်းတော့နာမည်ပျက်ရှိသည်။

အန်တီငြိမ်းသူ ရှိစဉ်ထဲကပါ။

ကောင်းက ... အဒေါ်ဘက်ကတော်သူ ...

လေးလေးသက် ဒီလောက်အထိအရေးပေးနေတာ မဟုတ်

ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

မင်းက … အရာရာတော်ပါတယ်။

ဒါပေမဲ့ …

မင်းကိုယ်ကျင့်တရားရော ကောင်းပါ့မလား …

အောင်မြင်မှုတွေအတွက် … လေးလေးကို မင်းကပ်နေတာလား။

မင်းဆီမှာ အထင်ကြီးစရာတွေရှိနေပေမယ့် … အထင်သေးစရာတွေလည်း ရှိနေတာတော့ ဘဝင်မကျမိပေ …

ကောင်းဆင့်ရံ … မင်းနဲ့ဘာဆိုင်လဲ …

ဒီဟာမလေး သူ့ဟာသူ ဘယ်လိုပဲဖြစ်နေနေ … မင်းနဲ့မဆိုင်ပါဘူး။

"ကောင်း … နွေးလေးကို လေးလေး မြေတောင်မြှောက်ပေးချင်တယ်၊ အရမ်းတော်တဲ့မိန်းကလေးပဲ"

လေးလေးသက်ဘက်ကတော့ … သဘောရိုးမဖြစ်နိုင်ပေမရိုးသားဘူး။

နွေးထွေးသူဘက်ကရော …

မင်းလည်း ရိုးသားမှုရှိမယ်လို့ ငါ မထင်ဘူးကွာ …

အလုပ်သမားကောင်မလေးတစ်ယောက်က အင်ဂျင်နီယာဖြစ်ချင်နေတယ်ဆိုတော့ …

မလွယ်ပါဘူး။

"တီ … တီ"

"တီ … "

ခြံဝတွင် ကားတစ်စီးရပ်နေသည်။

လေးလေးသက်ကားပဲ …





ခြံထဲဝင်လာသည်။

ကားပေါ်မှာ နွေးထွေးသူလည်းပါနေသည်။

လေးလေးက ကားတံခါးကို တယုတယ ဖွင့်ပေးနေ၏။

သူ … အမြင်ကတ်သွားရသည်။

ကောင်မလေးပါနေတာပဲ … သေချာတယ်။

ကျောင်းသွားကျောင်းပြန် … ဒီလောက်ဝေးတဲ့နေရာကို လေးလေးသက်က ကြိုနေနိုင်သည်။

ဘာဆိုင်လဲ … အနေသာကြီး …

မကြည့်တော့ပါဘူး။

အကြည့်ကိုဖယ်ပြီး စားပွဲမှာထိုင်နေလိုက်သည်။

အခန်းသို့ အကြည့်ကရောက်သွား၏။

နွေးလေးရဲ့အရိပ်တွေ လွှမ်းနေသည်။

သူ့အကြိုက်ကို … လိုက်ဖက်စွာပြင်ဆင်ပေးတတ်တဲ့ မိန်းကလေး …

မင်း … ဘယ်လိုမိန်းကလေးလဲ …

လေးလေးသက်ကိုလည်း မင်းရဲ့မာယာတွေနဲ့ လှည့်စားဖြားယောင်း … သွေးဆောင်စည်းရုံးထားတာလား။

"ကောင်း … "

"ဟင် … "

လေးလေး ဝင်လာသည်။

ရွှင်လန်းတက်ကြွနေသည်။

အရွယ်နှင့်မမျှအောင် လေးလေးသက်က နုပျိုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးအလုပ်ကိစ္စနဲ့ ပဲခူးကိုသွားတာပါ၊ နွေးလေးတို့ ကျောင်းဘက်ကသွားလို့"

သူ ... ဘာမှမပြော ...

အဒေါ်ဘက်မှတော်ရတဲ့သူဖြစ်၍ လေးလေးသက်ကိစ္စမှာ ဝင်မပါလိုပေ ...

"နွေးလေးက အရမ်းမျှော်လင့်ချက်ကြီးမားတဲ့ မိန်းကလေးပဲ ကောင်း ... တော်တော်ကြိုးစားတယ် ... ဒါကြောင့် လေးလေး မြေတောင်မြှောက်ပေးနေတာပါ"

"လေးလေးသက် ... "

"ပြော ... "

ပတ်ဝန်းကျင်မှာ မသင့်တော်ပါဘူးဟုပြောမလို့ စိတ်တွေကို ပြန်ထိန်းချုပ်လိုက်၍ မပြောဖြစ်တော့ ...

"လေးလေးကို ဘာပြောမလို့လဲ ပြောလေ ... "

"အလုပ်ကိစ္စပါ ... "

"ပြော ... "

"မနက်ဖြန် ကောင်းတို့ကုမ္ပဏီရုံးခန်းဖွင့်ဖို့ နေရာရှာမလားလို့"

"ရှာလေ ... ကောင်းသားပဲ ... ကောင်းလုပ်ချင်တာတွေ အားလုံး လေးလေး အစွမ်းကုန်ဖြည့်ဆွမ်းပေးမယ်"

ကောင်းဆင့်ရုံက မိမိမွေးစားသားပဲဖြစ်သည်။

သွေးမျိုးသားချင်းမရှိတဲ့ ဦးစောသက်အနေနှင့် ကောင်းကို ချစ်သည်။ သားအရင်းလိုပဲ သတ်မှတ်ထား၏။





"လေးလေးသက် အလုပ်တွေ များနေလားလို့ပါ"

"ကောင်းအတွက်ပဲ လေးလေးသက်က လုပ်ပေးရမှာပေါ့၊ ခင်းကို နားစေချင်သေးတယ်ကွာ"

"မနားတော့ပါဘူး လေးလေးရဲ့ ... လုပ်ငန်းတွေစချင်ပြီ"

"ကောင်းပြီလေ ... လေးလေးတို့ စတင်လှုပ်ရှားကြတာပေါ့၊ မင်း အကုန်ပြင်ဆင်ပြီးရင် နွေးလေးကို တာဝန်ပေးလိုက်ပါလား"

သူ ... စဉ်းစားနေမိသည်။

နွေးထွေးသူကို စိတ်ထဲမှာဘဝင်မကျမိပေ ...

"အရမ်းကို အစွမ်းအစရှိတဲ့ မိန်းကလေးတစ်ယောက်နော်၊ ခင်း အားကိုးထား ... အလုပ်သမား ကောင်မလေးပေမယ့် ... ထက်မြက်တဲ့ ကောင်မလေးပဲ"

လေးလေးသက်က နွေးထွေးသူ့ကို အရေးတယူရှိလွန်းသည်ဟု ထင်မိသည်။

သူ ... ဘာမှမပြောတော့ ...

လေးလေးသက်ကို သတိပေးလိုက်မှ ... နှိုးဆွလိုက်သလို ဖြစ်သွားနိုင်သည်။ ငြိမ်သက်နေမိ၏။

"ကောင်း ... "

"ဗျာ ... "

"ဘာလိုသေးလဲ ... "

"မလိုပါဘူး လေးလေး ... "

"ဒီည အောက်ဆင်းပြီးထမင်းစားနော် ... လေးလေးတို့ နွေးထွေးသူလက်ရာနဲ့ ဆုံကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးက နွေးထွေးသူမှနွေးထွေးသူ ဖြစ်နေသည်။

ဘဝင်မကျမိ ...

ဒီလောက်အထိ မဖြစ်သင့်ဟုထင်မိသည်။

လေးလေးသက် ထွက်သွားသည်။

နွေးထွေးသူနဲ့လေးလေးသက်တို့ မရိုးသားဟုထင်မိ၏။

ညစာ ... ဒုက္ခပါပဲ ...

သူ ...

စိတ်မပါတော့ ...

နွေးထွေးသူနှင့်ပတ်သက်ဖို့ ဝန်လေးနေသလိုပင် ...

လေးလေးသက်ကို မြူဆွယ်နေတာလား ...

သူမဘဝအောင်မြင်ရေးအတွက် လေးလေးသက်ကိုအသုံးချ ဖို့ ကြိုးစားနေတာလည်း ဖြစ်နိုင်သည်။

စိတ်ထဲမှာ အတော်လေး ဘဝင်မကျနိုင်အောင်ဖြစ်နေရ၏

နွေးထွေးသူလည်း စိတ်ထဲမှာမတင်မကျကြီးနှင့် အလိုမကျ အောင်ဖြစ်နေသည်။

"ကြီးမြ ..."

"ဟင် ..."

"လေးလေးသက် ... ပိုက်ဆံတွေပေးလိုက်တယ်"

"မလုပ်နဲ့ ... မလုပ်နဲ့ ... မယူနဲ့လေ ပြန်ပေး ..."

ကြီးကြီးမြလည်း ထိုသဘောသဘာဝကို မနှစ်သက်ပေ။

ဦးစောသက်ရဲ့ပြုမူဆက်ဆံမှုတွေက ... မရိုးသားဟုထင် သည်။





"နွေးလေး ..."

"ရှင် ..."

"ပေး ... ကြီးမြ ပြန်ပေးလိုက်မယ်"

"ဟုတ်ကဲ့ ..."

"ငါ့တူမလေးက အညွန့်တလူလူနဲ့ အရမ်းကိုတက်ကြွမယ့် မိန်းကလေး ... နာမည်ဂုဏ်သတင်း မှေးမှိန်စေမယ့်အပြုအမူ အပြောအဆိုတွေ ဘာမှမရှိပါစေနဲ့ကွယ်"

ဦးစောသက်အိမ်မှာကပ်နေပြီး ဦးစောသက်ကိုဆန့်ကျင်နေ မှုကလည်း မဖြစ်နိုင်ဟုထင်မိသည်။

"ခက်နေတာက သူ့အရိပ်မှာ မှီခိုနေရတော့"

"ကြီးမြ ..."

"ဟင် ..."

"နွေးလေးကတော့ ပတ်ဝန်းကျင်မှာ အရမ်းကဲ့ရဲ့ပြောဆို ရာပဲ ဖြစ်နေမှာစိုးတယ်"

ကျောင်းမှာဖြစ်ပျက်တဲ့ကိစ္စတွေ ကိုကြီးမြသိအောင် ပြောပြ မိသည်။

"ခက်တာပဲ ... တူမလေးရဲ့ဂုဏ်သိက္ခာထိပါးတယ်ဆိုရင် ဦးစောသက်ကားနဲ့ လိုက်မသွားပါနဲ့တော့ကွယ်"

"ဟုတ်ကဲ့ ..."

"ငွေတွေတော့ ကြီးမြ အချိုသတ်ပြီးပြန်ပေးလိုက်မယ်နော်"

"ဟုတ်ကဲ့ ..."

"ကဲ ... ဒီညစာကိုလည်း တူမလေးပဲအစွမ်းပြလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုတ်စရာဟင်းလျာတွေက အဆင်သင့်ရှိနေသည်။

"ဟုတ်ကဲ့ ..."

နွေးလေးက ချက်ပြုတ်တာကိုနှစ်သက်သည်။

ရှင့်အကြိုက်တွေပဲ စီစဉ်မယ်။

ရှင်နဲ့ ဘယ်လောက်အထိနီးစပ်မလဲလို့လေ ...

ကိုကောင်းဆင့်ရဲ ...

ရှင် ... ကျွန်မကို အထင်သေးသွားပြီလား။

လေးလေးသက်နဲ့ပဲ တစ်မျိုးထင်နေပြီလားဟင် ...

ဘာဆိုင်လဲ ...

ကိုယ်ကောင်းရင်ပြီးတာပဲလေ။

ပတ်ဝန်းကျင်ကို သိပ်ဂရုစိုက်နေရင်လည်း ... နေစရာရှိ မဟုတ်တော့ ...

"ကြီးမြ ..."

"ဟင် ..."

"နွေးလေး ... ခဏနားပြီးမှ ညစာအတွက်စီမံမယ်"

"ကောင်းတယ် နွေးလေး ..."

ကြီးမြနားကနေ ထွက်လာခဲ့မိသည်။

အခန်းလေးထဲ ရောက်လာ၏။

လေးလေးသက်ရဲ့စောင့်ရှောက်မှုနှင့် သူမအခန်းလေး လှပခမ်းနားနေသည်။

အလုပ်သမားတစ်ယောက်ရဲ့ အဆင့်မဟုတ် ...

ရှင် ဘာပြောမလဲ ...





ကျွန်မကို အထင်သေးနေပြီလား။

သေးလေ ...

ဘာဖြစ်လဲ ...

ရှင်နဲ့ဘာမှမဆိုင်ဘူး။

ကိုကောင်းဆင့်ရဲ့အကြောင်းတွေပဲ ဘာဖြစ်လို့စဉ်းစားနေရတာလဲ ...

စိတ်ညစ်လိုက်တာ ... မစဉ်းစားတော့ဘူး။

အဓိက ... ကိုယ်ကောင်းဖို့ပဲလေ ...

ညစာကိုတော့ လက်စွမ်းပြချက်ပြုတ်ပြမည်။

သူမရဲ့ကျွမ်းကျင်မှုတွေကို ပြသရမည်ဖြစ်သည်။

ခဏအနားယူပြီး ပြန်ထွက်လာခဲ့၏။

"နွေးလေး ... တူမလေး ... အနားယူတာမြန်လိုက်တာ"

"နွေးလေးစိတ်စောနေလို့လား ... အစွမ်းပြချင်နေပြီ"

"နွေးလေး ..."

"ရှင် ..."

"ဦးစောသက်ရဲ့ငွေကို ပြန်ပေးလိုက်ပြီ"

"ဟင် ... ဘာပြောလဲ ကြီးမြ"

"လက်မခံဘူး ..."

"နွေးလေးရဲ့ပညာရေးအတွက်ပါတဲ့ ... တစ်နေ့ အရေးအကြောင်းရှိလာရင် သုံးဖို့တဲ့လေ"

"နွေးလေး မလိုချင်ပါဘူး"

"ယူထားလိုက်တော့ ... နောက်တစ်ခါပေးရင် လက်မခံနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ..."

"ကဲ ... ချက်တော့လေ ..."

သူမ ...

စားသောက်စရာတွေကို ပြင်ဆင်နေသည်။

ကြီးမြနှင့်အလုပ်သမားတွေက ကူညီနေကြ၏။

ကျွန်မ ...

ရှင့်ကို အထင်ကြီးစေချင်တယ်။

ဘာကြောင့်လဲ မသိဘူး။

ရှင်အထင်သေးမှာကို ကျွန်မအရမ်းစိုးရိမ်နေသလိုပဲ ...

"ကြီးမြ ..."

"ဟင် ..."

"သူ ဘာကြိုက်တတ်လဲ ..."

"မသိသေးဘူးကွယ် ... အသုပ်တွေတော့ကြိုက်တာပဲ"

"မဖြစ်ဘူး ... ကျွန်မကြိုက်တာပဲ ကျွန်မစီစဉ်လိုက်တော့မယ်"

နွေးလေး ... စားသောက်စရာတွေကို ပြင်ဆင်ချက်ပြုတ်နေမိသည်။

မမောမပန်းပင် ...

ကျွန်မ ...

အလုအပတွေပြင်ဆင်ရတာကို သူမ အနှစ်သက်ဆုံးပင်။

ခဏကြာတော့ ပြီးဆုံးသွားသည်။

"ကြီးမြ ..."





"ဟင် ..."

"ပြီးပြီ ..."

"ကြီးမြ သွားမခေါ်တော့ဘူး၊ နွေးလေးကိုယ်တိုင် သွားခေါ်လိုက်"

"မခေါ်ချင်ပါဘူး ..."

"ကိုကောင်းဆင့်ရဲ့အထင်သေးမှာ နွေးလေးအရမ်းကြောက်တာပဲ"

ကြီးမြကတော့ နွေးလေးကိုယုံကြည်နေမိသည်။

"ကြီးမြကတော့ နွေးလေးကိုယုံကြည်တယ် ... နွေးလေး ဘာမှအားမငယ်နဲ့ ... နွေးလေးဆုံးဖြတ်ချက်အတိုင်းပဲ လုပ် ..."

ကြီးမြ အားပေးရသည်။

နွေးလေးရဲ့စိတ်သဘောထားကို မိမိ လေးစား၏။

ခက်တာက ... ဦးစောသက်ပဲ ...

နွေးလေးကို စိတ်ဝင်စားနေလား။

ညစာ အသင့်ပြင်ဆင်ပြီးကြောင်း သွားပြောရသည်။

"ကောင်း ..."

"ကျွန်တော်အပြင်ထွက်စရာရှိလို့ မစားတော့ဘူး ကြီးမြ"

"ဟင် ... မင်းအတွက် နွေးလေးက အစွမ်းကုန်ပြင်ဆင်ထားတာလေ"

"ကောင်း မအားလို့ပါ။ အပြင်မှာပဲစားတော့မယ်၊ လေးလေးကိုလည်း ပြောလိုက်ပါ၊ ကျွန်တော်သွားပြီလို့"

ကောင်းဆင့်ရဲ့ ... ပြင်ဆင်ပေးမှုတွေကို မနှစ်သက်မိ ...

www.burmeseclassic.com

www.burmeseclassic.com

ဒါ ... ဖြားယောင်းသွေးဆောင်မှုတစ်ခုပဲ ...

မဖြစ်နိုင်ပါဘူး။

တမင်မစားတာ ...

လေးလေးသက်အတင်းစားခိုင်းမှာစိုး၍ ... လေးလေးမသိအောင် ထွက်လာခဲ့ခြင်းဖြစ်သည်။

နွေးထွေးသူ ...

မင်းရဲ့ဖြားယောင်းသွေးဆောင်မှုတွေနဲ့ လွှမ်းခြုံထားတဲ့ ထောင်ချောက်ထဲ ငါ ... ဘယ်တော့မှမဝင်ဘူး။

လေးလေးသက်ကိုပဲ ဖြားယောင်းလို့ရမယ်။

မင်းတော်ပါတယ် နွေးလေး ...

ဒီကာရိုက်တာကြီးကို ငါမကြိုက်တာဘဲ ...

သူ ... ထွက်လာခဲ့မိသည်။

❀❀❀





အခန်း ( ၇ )

"မောင်ကောင်းဆင့်ရဲ့က မစားဘူးတဲ့ နွေးလေး ... "

"ဟင် ... "

"အပြင်ထွက်စရာရှိလို့တဲ့ ... "

ရှင် ... တမင်သွားတာပဲ ...

ကျွန်မကို ဆန့်ကျင်တာမဟုတ်လား။

အထင်သေးတာလား ကိုကောင်းဆင့်ရဲ့ ...

လေးလေးသက်နှင့်တွဲနေလို့ ... သူမအား ခပ်ရှောင်ရှောင်လုပ်သွားခြင်းပင် ...

ဟွန်း ...

ရှင် ... ကျွန်မကို အထင်သေးတာပဲ ...

မကျေနပ်ဘူး။

လေးလေးသက်နဲ့ အထင်လွဲတာပဲမဟုတ်လား ...

ဒေါသတွေဖြစ်ရသည်။

နွေးလေးမှာ မာနရှိ၏။

အေးစက်နေတဲ့လူတစ်ယောက်ရဲ့ မျက်ဝန်းတွေ ...



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးသူကို ကိုယ်ကျင့်တရားပျက်ပြားတယ်လို့ ထင်လား။

"နွေးလေး ... "

"ရှင် ... "

"စိတ်ထဲမထားပါနဲ့ ... ကောင်းက အလုပ်ကိစ္စများတယ်လေ"

"ရပါတယ် ... ကြီးမြရယ် ... "

ကြီးမြကလည်း စိတ်အနှောက်အယှက်မဖြစ်စေလိုပေ။

အသက်ကြီးပြီ။

ရှင် ... သိမယ်။

ရှင့်မျက်ဝန်းတွေက ကျွန်မကို အထင်သေးနေတာမဟုတ်လား။

ကျွန်မ ... ဘယ်လိုမိန်းကလေးမျိုးလည်းဆိုတာ ... ရှင်တစ်နေ့သိစေရမယ် ...

လေးလေးသက် ရောက်လာသည်။

အားကြိုးမာန်တက်ပြင်ဆင်ထားသမျှ အလကားဖြစ်ရသည်။

ရှင့်ကြောင့်ပဲ ...

ကြည့်စမ်း ...

ကျွန်မ အစွမ်းကုန်ပြင်ဆင်ထားတာလေ ...

"ဟာကွာ ... နွေးလေးကတော့ တကယ်လက်စွမ်းပြနိုင်တာပဲ ... တကယ့်ကို အဆင့်မြင့်တဲ့ ညစာစားပွဲပဲ"

သူ ... ရှောင်ထွက်သွားတာ မဟုတ်လား။





တကယ်ပဲ ... မကျေနပ်မိ ...

နွေးလေးဟာ ရှင့်အိမ်ကအိမ်ဖော်ဆိုပြီး မထေမဲ့မြင်ပြုထားတာ ...

တော်ပြီ ...

ရှင့်ကို အရေးမဝင်တော့ဘူး။

နွေးထွေးသူမှာ မာနတွေအပြည့်ရှိပါတယ်နော် ...

"နွေးလေး ... "

"ရှင် ... "

"ဝင်စားလေ ... "

"ဟင့်အင်း ... "

"လေးလေးသက်တစ်ယောက်တည်း ပျင်းလို့ပါ၊ ဒေါ်မြရောလာစားလေ"

"မစားပါဘူး ကိုစောသက်"

"နွေးလေး ... လာစားပါ ... မင်းပြင်ဆင်ထားရတာ ဘယ်သာက်မောမလဲ ... ကောင်းက အလုပ်ကိစ္စပေါ်လာလို့ထင်တယ်"

နွေးလေးကို လေးလေးသက်က ဇွတ်အတင်းစားခိုင်းနေသည်။ ငြင်း၍မရ ...

"လာ ... စားရမယ်နွေးလေး ... မင်းကို အဆင့်မြင့်မြင့်နေထိုင်စားသောက်တတ်အောင် သင်ပေးနေတာလေ"

"နွေးလေး မစားတတ်လို့ပါနော် ... ဝင်မစားပါရစေနဲ့"

"မရဘူးနွေးလေး ... ဝင်စားရမယ် ... လေးလေးက နွေးလေးကို ထွန်းတောက်လာအောင် မြေတောင်မြှောက်ပေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



[illegible]”

“ဝင်စားလိုက်လေ နွေးလေး ... ကိုစောသက်ကို အားနာ ချေတယ်”

ကြီးမြက အားနာသလိုပင် ...

ဒေလးလေးစောသက်ရဲ့အရိပ်မှာ မှီခိုနေရတာပဲမဟုတ်လား။

ဝင်စားလိုက်ရသည်။

“နွေးလေး ...”

“ရှင် ...”

“မင်းလက်ရာ အရမ်းကောင်းတာပဲ ... ပြင်ဆင်ထားတာတွေကလည်း အဆင့်မြင့်တယ်၊ လေးလေးရဲ့ မြေတောင်မြှောက်ပေးနေတာတွေကို မင်းလက်ခံပါ”

“မလိုအပ်လို့ပါ လေးလေးသက် ... နွေးလေးတို့မှာ အတော်လေးပြည့်စုံပါတယ်”

“ဘာပဲဖြစ်ဖြစ်ကွာ ... မင်းကို အဆင့်အတန်းမြင့်မြင့်နေထိုင်စားသောက်တတ်စေချင်တယ် ... ပညာရေးမှာလည်း အနှောက်အယှက်အဟန့်အတား မရှိစေချင်ဘူး နွေးလေး”

လေးလေးသက်ကတော့ နွေးလေးကို အရေးတယူရှိသည်။

မရိုးသားဟု ထင်မိ၏။

ရှောင်ရမယ်။

ဒုက္ခပါပဲ ...

လေးလေးသက်ကိုရှောင်ဖို့အတွက် နွေးလေး စဉ်းစားနေမိသည်။





ခိုနားရာက မဲ့နေ၏။

နွေးလေးကလည်း အင်ဂျင်နီယာဖြစ်ချင်တဲ့ဆန္ဒတွေ ပြင်းပြနေရသည်။

“စိတ်ထဲမှာ တကယ့်ကိုစိတ်ချမ်းသာရတယ် နွေးလေး”

မင်းဟာ တကယ့်ကို အစွမ်းထက်မြက်တဲ့မိန်းကလေးပဲ ...

ကျွန်မက ရည်မှန်းချက်ကြီးမားတဲ့ မိန်းကလေး တစ်ယောက်ပါနော် ...

အထင်မသေးပါနဲ့ ...

စိတ်ထဲမှာ မတင်မကျကြီးဖြစ်နေဆဲပင် ...

နွေးထွေးသူကတော့ အထင်သေးအမြင်သေးနှင့် ဆက်ဆံပြောဆိုတာတွေကို လက်မခံနိုင် ...

ဘာဆိုင်လဲ ...

လူတစ်ယောက်ကို ဘာမှမလေ့လာရသေးဘဲနှင့် ဝေဖန်ပြောဆိုလို့ရမလား ...

ရှင် ... အထင်သေးစမ်းပါ။

ဘယ်လောက်အထိ အထင်သေးမလဲ ...

သေးလေ ...

“နွေးလေး ...”

“ရှင် ...”

“စားလေ ...”

“ဟုတ်ကဲ့ ...”

နွေးလေး စီစဉ်ထားရသမျှတွေ အလကားဖြစ်သွားရသည်။

ရှင့်အတွက် လုပ်ထားတာလေ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကိုအထင်သေးမှာ ကျွန်မ အရမ်းအကြောက်ဆုံးပဲ။

"နွေးလေးကြိုးစားပါ။ လေးလေးသက် အားလုံးဖြည့်စွမ်းပေးမယ်"

"ဟုတ်ကဲ့ ..."

ထမင်းစားပြီးသွားသည်။

လေးလေးသက်အနားကနေ ထလိုက်၏။

"နွေးလေး ..."

"ရှင် ..."

"ခြံထဲမှာစောင့်မယ်"

"ဟုတ်ကဲ့"

လေးလေးသက်က သူမအပြုအစုအယုအယတွေကို ခံယူချင်နေသည်။

အမြဲတမ်း ...

စေခိုင်းနေသည်။

နွေးလေး ငြင်းဆန်၍မရ ...

လမင်းသော်တာခြံရဲ့အရှင်သခင်က ... လေးလေးသက်ပဲမဟုတ်လား ...

လေးလေးသက်ကို ခြံထဲမှာအနားယူနိုင်ရန် ပြင်ဆင်ပေးမိသည်။

အိမ်လေးထဲပြန်ဝင်လာတဲ့နွေးလေး ... ခြေလှမ်းတွေက နှေးကွေးလေးလံနေ၍၏။

တော်သေးသည်။

ခြံထဲမှာ အထိုင်မခိုင်းလို့ ...





ရှင် ...

ကျွန်မကို အထင်သေးသွားတာလား ...

မလွဲသာလို့ပါ။

ကျွန်မဘဝက ... လေးလေးသက်နဲ့ပတ်သက်လာလျှင် အကယ့်ကို မလွဲသာတဲ့ ဘဝတစ်ခုပါ။

"နွေးလေး ..."

"ရှင် ..."

"သမီး ... စိတ်ညစ်နေလား"

"ဟင့်အင်း ..."

"ကိုစောသက်ကြောင့် ... နွေးလေးစိတ်ဆင်းရဲမယ်ဆိုတာ ကြီးမြသိပါတယ်"

"ဘယ်တတ်နိုင်မလဲ ကြီးမြရယ် ... နွေးလေးဘဝအတွက်ပဲ နွေးလေးရည်မှန်းချက်တွေ အောင်မြင်အောင်တော့ ကြိုးစားမယ်၊ ...တိုဖြစ်စေရမယ်"

နွေးလေးမှာ သတ္တိတွေရှိသည်။

မာနတွေရှိ၏။

အရာရာကို ရင်ဆိုင်နိုင်သည်။

မလွဲမသာလို့ဆိုတဲ့စကားကို သူမ နာကျင်စွာလက်ခံထားရသည်။

"နွေးထွေးသူ ..."

"ရှင် ... ကြီးမြ ..."

"စိတ်ကိုတင်းထားပါ။ ကိုယ်ကောင်းရင် ခေါင်းဘယ်မှမရွေ့



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတဲ့စကားပုံ ကြားဖူးတယ်မဟုတ်လား"

"ဟုတ်ကဲ့ ..."

"နွေးထွေးသူ ... ရည်မှန်းချက်တွေကိုမမေ့နဲ့နော်"

"ဟုတ်ကဲ့ ..."

ကိုကောင်းဆင့်ရဲ့ ရှောင်ထွက်သွားတာကို နွေးလေးသိနေသည်။

စိတ်ထဲမှာ မလုံမလဲဖြစ်နေ၏။

ကြီးမြကတော့ သူမကိုအားပေးနေသည်။

"ကိုစောသက်ကိုတော့ နွေးလေးသတိထားနော် ... ကြီးမြမှာ တူမလေးကိုစောင့်ရှောက်ဖို့ ဘယ်လောက်ပဲကြိုးစားနိုင်ပါစေ၊ တူမလေးကိုယ်တိုင် ထိန်းသိမ်းနိုင်စွမ်းရှိရမယ်လေ"

"နွေးလေး သိပါတယ်"

ဘဝကို ... အောင်မြင်အောင် ကြိုးစားတည်ဆောက်နေတဲ့ မိန်းကလေး ...

ကြီးမြ သနားလိုက်တာ ...

တူမလေးဘဝ လုံခြုံမှုရှိအောင်တော့ သတိပေးနေရသည်။

အကာအကွယ်ပေးနိုင်ပါ့မလား ...

မောင်ကောင်းဆင့်ရဲ့ကလည်း ... တူမလေးကို အထင်သေးသွားပြီလား ...

စိတ်ပူလိုက်တာ ...

မိမိကလည်း အသက်ကြီးပြီ။

"နွေးလေး စာကျက်လိုက်ဦးမယ်နော် ... "





"အေး ... အေး ... "

နွေးထွေးသူ သူမအခန်းထဲဝင်လာခဲ့သည်။

လေးလေးသက်ကတော့ သူမကိုဂရုတစိုက်ရှိသည်။

သူမကလည်း ... လေးလေးသက်စေခိုင်းသမျှ လုပ်ဆောင်ပေးခဲ့၏။

ညစဉ် ...

ဆေးလိမ်းနိုင်းသည်။

အနားမှာ ဒရိုင်ဘာအစောင့်ရှိပေမယ့် မသင့်တော်ဟုထင်မိသည်။

မလုပ်တော့ဘူး။

နွေးလေး ရှောင်ရမယ် ...

ကိုကောင်းဆင့်ရဲ့ရဲ့ အထင်သေးတဲ့မျက်ဝန်းတွေကို ... အကြောက်ဆုံးပင် ...

စာကျက်သည်။

သူမ ...

စာကို ကြိုးစားနေမိ၏။

ဟိုလူ ...

ဒုက္ခပါပဲ ...

ကိုကောင်းဆင့်ရဲ့ကိုပဲ သတိတရရှိနေသည်။

မေ့ပစ်လိုက်စမ်းပါ။

ဒီလူက ... နွေးထွေးသူကို အထင်သေးနေတာပဲမဟုတ်လား။

မုန်းလိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ဘာမှမသိဘဲ ရှင်အထင်သေးတာ ဘယ်လောက် မှန်းစရာကောင်းလဲ ...

စာထဲမှာ စိတ်ကိုဝင်စားအောင်ကြိုးစားနေမိသည်။

"နွေးထွေးသူ ..."

"ရှင် ... ကြီးမြ ..."

"ကိုစောသက် ခေါ်နေတယ်"

"ဟင် ..."

"နွေးလေး ..."

"ရှင် ..."

"သတိတော့ထားပါ"

"စိတ်ညစ်လိုက်တာ ..."

"မသွားလို့ကလည်း မကောင်းဘူးထင်တယ် နွေးလေး နည်းနည်းတော့ သတိထားလိုက်ပေါ့"

ကိုစောသက်ဘက်က မရိုးသားတော့ဘူးဆိုတာသိနေသည်။

အရိပ်အယောင်ပဲ ရှိနေသည်။ လက်တွေ့ကတော့ ဘာမှမဖြစ်ခဲ့ ...

"နွေးလေးကို ကြီးမြရှောင်ခိုင်းဖို့ကျတော့လည်း ကြီးမြတို့မှာ မှီခိုအားထားရာက ဒီလမင်းသော်တာပဲရှိတာလေ"

သူမ ...

ထလိုက်သည်။

ခြံထဲကို ဆင်းလာခဲ့၏။

"နွေးလေး ..."

"ရှင် ..."





"လေးလေးခြေသလုံးတွေကိုက်နေလို့ ... ဆေးနည်းနည်းလောက် လိမ်းပေးပါလား"

ဟွန်း ...

ဒုက္ခပါပဲ ...

သေချင်တယ်။

အနားမှာတော့ ဒရိုင်ဘာရှိနေ၍ တော်သေးသည်။

"လေးလေးဘက်ကတော့ အထီးကျန်ပါကွာ ... ပြုစုမယ့်သူလည်း မရှိပါဘူး၊ အသက်အရွယ်ကရလာတော့ ပြုစုပေးမယ့်လူ လိုအပ်လာတယ် နွေးလေး"

သူမ ...

ဘာမှမပြောမိ ...

ဘဝရဲ့ အောင်မြင်မှုတွေအတွက် ... ဘယ်လိုဖြားယောင်း သွေးဆောင်မှုမှ မပြုလုပ်လိုပေ ...

မာနရှိသည်။

ဒါပေမဲ့ ...

တကယ့်ကို မလွှဲသာတာပါ။

လေးလေးသက်က အသက်ကြီးနေပြီ မဟုတ်လား။

မပြုစုပေးလို့လည်း မဖြစ်ပေ ...

ခိုင်းစေနေတာပဲ ...

နွေးထွေးသူက အလုပ်သမား ...

ကျောင်းနေခွင့်ပေးတာပဲ ကျေးဇူးတင်ရတော့မလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘဝမှာ ... လေးလေးသက်ကိုအားကိုးပြီး နေရတာမဟုတ်လား ...

သူမ ... ဆေးလိမ်းပေးရသည်။

ဒရိုင်ဘာကိုမင်းက အိမ်ထဲခဏဝင်သွားတဲ့အချိန်အတွင်း ကိုကောင်းဆင့်ရဲ ရောက်လာ၏။

ဘုရားရေ ...

သွားပြီ ...

ဒီလူ့စိတ်ထဲမှာ နွေးလေးကိုအထင်သေးသွားမှာပဲ ...

"ကောင်း ... ဘယ်သွားနေတာလဲကွာ ... လေးလေးက စောင့်နေတာ ... သားနဲ့ တိုင်ပင်စရာရှိတာတွေတိုင်ပင်ရမယ်"

သူမ ...

ထလာခဲ့သည်။

ကိုမင်း တော်တော်နှင့်ထွက်မလာ၍ မစောင့်ချင်တော့ ...

လေးလေးသက်က ဆေးလိမ်းခိုင်းရင်တော့ လူမြင်ကွင်းမှာပါ။

အခန်းထဲ ရောက်လာသည်။

"ကိုကောင်းဆင့်ရဲ ရောက်လာလို့ တော်သေးတာပေါ့ ... ကြီးမြရယ်"

"နွေးထွေးသူ ..."

နွေးထွေးသူ အိပ်ခန်းထဲပြန်ဝင်လာပြီး စာကျက်နေမိသည်။

အိပ်လို့မရ ...

ဟိုလူကတော့ သူမကို တစ်မျိုးထင်တော့မှာပဲ ...





မတတ်နိုင်ဘူး။

ရှင် ဘယ်လောက်ပဲအထင်သေးပါစေ ...

ဘဝကိုရပ်တည်နိုင်ဖို့ တစ်ခုပဲ အာရုံစိုက်ရမည်ဖြစ်သည်။

စာပဲ ဖိကျက်နေမိ၏။

ကိုကောင်းဆင့်ရဲကို မေ့ပစ်နိုင်အောင်ပဲကြိုးစားနေမိသည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၈ )

နွေးထွေးသူ ...

မင်း ဘယ်လိုမိန်းမလဲ ...

လေးလေးသက်နဲ့တောင် အတူထမင်းစားတယ်။

နှိပ်ပေးရတဲ့အထိပဲ ...

အစိမ္ပာယ်မရှိတာကွာ ...

ဘာဖြစ်လို့ လေးလေးသက်ကို မင်း ဒီလောက်အရေးတွေ ပေးနေလည်းဆိုတာ ငါသိပါတယ်။

မင်းရည်ရွယ်ချက်တွေ အောင်မြင်အောင်ပဲ မဟုတ်လား ဘာမှအထင်ကြီးစရာမရှိတဲ့မိန်းမ ...

သူ ...

အိပ်မရ ...

လေးလေးသက်နှင့်နွေးလေးတို့ နေထိုင်မှုတွေကို မတွေ မနပ်ဖြစ်ရသည်။

သဘောမကျိုမိ ...

နေမထိထိုင်မသာကြီး ဖြစ်ရသည်။





ကောင်း ... ဘာဆက်လုပ်ရမလဲ ...

ဘယ်လိုတားဆီးရမလဲ ... မရနိုင်ဘူး။

လေးလေးသက်ကို သူ ဘယ်လိုမှတားဆီးနိုင်ခြင်း ရှိမှာ မဟုတ် ...

"လေးလေးသက်က နွေးလေးကို မြေတောင်မြှောက်ပေးချင်တာပဲ ကောင်း ... ဘယ်လိုလဲ မကောင်းဘူးလား"

သူ့ကို မေးနေသည်။

လေးလေးသက်က ... ဘယ်လိုသဘောမျိုးနဲ့ မြေတောင်မြှောက်ပေးချင်တာလဲ ...

မမေးချင် ...

လေးလေးသက်ကို မပြောချင် ...

အခေါ်ဘက်ကစပ်မှတော်ရသူမို့ အားနာမိသည်။

လေးစားမှုလည်း ရှိနေ၏။

သူ ... ဒီကနေထွက်သွားဖို့လည်း မဖြစ်နိုင်ပေ ...

လေးလေးသက်ကို မပြောချင်။

မင်း အမိကပဲ ...

အင်းလေ ...

လေးလေးသက်က မင်းကို အများကြီးဖြည့်စွမ်းပေးနိုင်တာပဲ မဟုတ်လား ...

သဘောမကျမိ ...

စိတ်ထဲမှာ တစ်မျိုးကြီးပဲ ...

မကျေနပ်ချင် ...



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်အောင်ကြိုးစားမိသည်။

ထလိုက်၏။

အိပ်မရ ...

ဒုက္ခပါပဲကွာ ...

ဒီမိန်းမအကြောင်းတွေကို ငါ ဘာဖြစ်လို့များတွေးနေရတာလဲ ...

မတွေးဘူး ...

မေ့ပျောက်ပစ်လိုက်မယ်။

ရှောင်နေတာ အကောင်းဆုံးပဲမဟုတ်လား။

ညစာ တမင်မစားတာ ...

ဒီမိန်းကလေးရဲ့ မာယာထောင်ချောက်ထဲ တိုးဝင်လို့မဖြစ်ဘူး။

ရုန်းထွက်ရမယ်။

အိပ်ပျော်အောင်ကြိုးစားရသည်။

နေမြင့်မှ အိပ်ရာမှနိုးသွားရ၏။

"ကောင်း ..."

"ဒေါက် ... ဒေါက် ..."

"ကောင်းရေ ..."

လေးလေးသက်၏အသံ ...

သူ ...

ထလိုက်ပြီး တံခါးဖွင့်ပေးလိုက်မိသည်။

လေးလေးသက်က ကျော့မော့နေ၏။





"လေးလေး ..."

"ထတော့လေ ... မင်း အိပ်ရာထနောက်ကျနေလို့ ... လေးလေး စိတ်ပူပြီး လာနိုးကြည့်တာပါ"

"ညက အိပ်ရာဝင်နောက်ကျသွားလို့ပါ လေးလေး"

"မျက်နှာသစ်ကွာ ... ထမင်းစားခန်းထဲကနေ လေးလေး စောင့်နေမယ်"

စိတ်ပျက်သည်။ လေးလေးသက်က တက်ကြွနေ၏။

လှပစွာ ပြင်ဆင်ထားသည်။

စားသောက်ခန်းမှာ စားသောက်မယ်ဆိုတော့ နွေးလေးကို ပြင်ဆင်ခိုင်းထားပြီ ထင်တယ်။

"မျက်နှာသစ်လေ ..."

"လေးလေး ..."

"ဟင် ..."

"ကောင်းက အပြင်ကိုထွက်စရာရှိတယ်၊ ချိန်းထားလို့လေ"

"ဟာကွာ ... လေးလေးနဲ့ ကော်ဖီသောက်ပြီးမှထွက်ပါ၊ အိမ်မှာကော်ဖီသောက်ရတာ သိပ်ပြီးအရသာရှိတယ်ကွ"

"မသောက်တော့ပါဘူး လေးလေးရာ ... အပြင်မှာ သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ပါ"

"နွေးလေးကို လေးလေးက မနက်စာပြင်ခိုင်းထားတာလေ၊ အားနာစရာကြီးကွာ ... နွေးလေးရဲ့လက်ရာတွေကို ကောင်း ခံစားကြည့်စမ်းပါ"

နွေးထွေးသူနှင့် မျက်နှာချင်းဆိုင်ရမှာပင် ဝန်လေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com


"နွေးထွေးသူကို မင်း အားပေးသင့်တယ်"

နွေးထွေးသူကို အထင်မကြီးပါဘူး။

လေးလေးသက်ကို သူမျှော်လင့်ချက်တွေအတွက် အသုံးချတာပဲ ...

ဒီလိုမိန်းကလေးတစ်ယောက်ကို ဘာဖြစ်လို့ အားပေးအားမြှောက်လုပ်ရမှာလဲ ...

"ကောင်း ..."

"ဗျာ ..."

"လာပါကွာ ... လေးလေးနဲ့ မနက်စာ စားပြီးမှသွားပါ"

လေးလေးသက်က ဖွတ်အတင်းခေါ်လိုက်သဖြင့် သူ ... လိုက်လာခဲ့ရသည်။

စားသောက်ခန်းမှာ ကြီးမြပဲရှိ၏။

"နွေးလေးရော ..."

"ကျောင်းသွားဖို့အတွက် ပြင်ဆင်ရပါတယ်"

"ကျွန်တော့်ကား လမ်းကြုံတယ်လို့ပြောလိုက်ပါ ခေါ်မြ ... ဖယ်ရီနဲ့သွားရတာပင်ပန်းပြီး စာသင်ရတာစိတ်အနှောက်အယှက်ဖြစ်မှာပဲ"

လေးလေးသက်တစ်ယောက် စေတနာတွေ ရေစည်းကမ်းပြိုလိုက်နေသည်ဟု သူ တွေးနေမိသည်။

နွေးလေး ...

မင်းက မာယာတွေနဲ့မြှုဆွယ်ထားတာပဲမဟုတ်လား။

"နွေးလေးကို ပြောလိုက်ပါနော် ... ဘာမှ အားနာစရာမရှိဘူးလို့"



"ဟုတ်ကဲ့ ..."

နွေးလေးကတော့ တမင်ရှောင်ပြီး ညှို့မခံခြင်းဖြစ်သည်။

မိမိကတော့ ... အလိုက်အထိုက်ဆက်ဆံဖို့ ပြောနေရ၏။ ကောင်းဘူး မဟုတ်လား။

မိမိတို့အတွက် အားကိုးရာက ဒီလမင်းသော်တာခြိပဲရှိသည်။

ဦးစောသက်ကလည်း အပြစ်ပြောလောက်အောင် ထိပါးတာမရှိသေး ...

နွေးလေး စိတ်ညစ်နေမှာပဲ ...

မိမိလည်း စိတ်ညစ်တယ်။

နေစရာမရှိ၍သာ မှီခိုတွယ်ကပ်နေရခြင်းဖြစ်သည်။

"ကောင်း ..."

"ဗျာ ..."

"ကြည့်စမ်း ... နွေးလေးဖျော်ထားတဲ့ကော်ဖီအရသာကဘယ်လောက်ကောင်းလဲ"

သူ ...

ငြိမ်သက်နေမိသည်။

လေးလေးသက်ရဲ့ အပြုအမူတွေက လိုအပ်တာထက်ပိုနေ၏။

သဘောမကျမိ ...

ကြီးမြကရော ဘာလို့မတားလဲ ...

တမင်လွှတ်ပေးထားတဲ့သဘောမျိုး ဖြစ်နေသည်။

အလုပ်သမားကောင်မလေးက ချောမောနေတာ သဘာဝ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ —

နွေလေး ...

မင်းဘက်ကလည်း မရှိသားဘူး။

လေးလေးသက်ခိုင်းစေသမျှ လိုက်လျောနေတာ မရှိသားတာဘဲ ...

စိတ်ထဲမှာ တင်းကျပ်နေသည်။

ထွက်သွားချင်မိ၏။

"လေးလေးသက် ... ကောင်းသွားတော့မယ်နော် ... ညီသည်တွေနဲ့ ချိန်းထားလို့ပါ"

"ကောင်း ... "

"ဗျာ ... "

"လေးလေးနဲ့ ရုံးခန်းသွားကြည့်ဖို့ရော ... "

"မနက်ပိုင်း လေးလေးကမအားဘူး မဟုတ်လား"

"အင်း ... နေ့လည်တစ်နာရီလောက်တွေ့ကြမယ်၊ မနက်ပိုင်းနဲ့ ညနေပိုင်း လေးလေး မအားဘူး"

နွေးထွေးသူကို လေးလေး ကျောင်းပို့ကျောင်းကြို လုပ်မလို့မဟုတ်လား။

သူ ...

သဘောမကျတာဘဲ ...

မလုပ်သင့်ပါဘူး။

လေးလေးသက်က အိမ်ရှင် ...

နွေးထွေးသူက ဘာပဲဖြစ်ဖြစ်အလုပ်သမားပဲ ...





တားဆီးချင်သည်။

ပြောမထွက် ...

ဒုက္ခပါပဲ ...

စိတ်ထဲမှာ မွန်းကျပ်ကျပ်ကြီးဖြစ်နေမိသည်။

အပြင်သွားမှပဲ ...

မမြင်မတွေ့ချင် ...

နွေးထွေးသူကိုယ်တိုင်က လေးလေးသက်ရဲ့အပြုအမူတွေ သာယာနေတာပဲ ...

မင်းကြောင့်ပဲ ...

အပြင်ကိုထွက်လာခဲ့သည်။

နွေးထွေးသူကလည်း ကိုကောင်းဆင့်ရုံနှင့်မတွေ့အောင် နေမိသည်။

ရှင့်ကို ကျွန်မ ဂရုမစိုက်ပါဘူး။

အမြင်ကတ်တယ် ...

ကျွန်မကို ... ရှင် ဘယ်လောက်အထိအထင်သေးမလဲ။

သေးစမ်းပါ။

အလှအပတွေပြင်ပြီး ထွက်လာခဲ့သည်။

ရှင့်ရှေ့မှာ ဘယ်တော့မှရှိသားဟန်မပြပါဘူး။

အရေးမစိုက်ဘူး။

ရှင်ကိုလုံးဝပဲ ...

ကိုကောင်းဆင့်ရုံရဲ့အပြုအမူတွေနှင့်ပတ်သက်ပြီး နာကျည်းသည်။

ရှင်က ချမ်းသာကြွယ်ဝပြီး နိုင်ငံခြားပြန်ကြီးဆိုတော့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကို အထင်သေးမှာပဲ ...

"နွေးလေး ..."

"ဟင် ... လေးလေး ..."

"လေးလေး ... သံလျှင်ဘက်သွားမှာလေ၊ ခြံတွေကို သွားကြည့်မလို့"

"နွေးလေး မလိုက်တော့ပါဘူး၊ ဖယ်ရီပဲစီးသွားပါရစေနော်"

"မဟုတ်တာဘဲ ... လေးလေးကားနဲ့ လမ်းကြုံတာပဲ ... လိုက်ခဲ့ပါ"

လေးလေးသက်က တမင်ပဲ လမ်းကြုံအောင်လုပ်နေတာပါပဲ။ နွေးလေး မလိုက်ချင် ...

အတင်းခေါ်နေတော့လည်း အားနာဖို့ကောင်းနေသည်။

"လာလေ နွေးလေး ..."

"နွေးလေး မလိုက်တော့ဘူး ..."

"နွေးလေး ..."

"ရှင် ..."

"လေးလေးကို မယုံတာလား"

"မဟုတ်ပါဘူး လေးလေးသက် ... နွေးလေးအတွက် အဆင်ပြေအောင်လို့ပါ၊ လေးလေးကိုလည်း အရမ်းအားနာတယ်"

"ဘာမှအားနာစရာမလိုဘူး၊ လာခဲ့ ... လေးလေးကားနဲ့ လိုက်ခဲ့"

ကြီးမြကို ကြည့်လိုက်တော့ လိုက်သွားတဲ့ ...

သေချင်တာပဲ ...

လေးလေးသက်နှင့်လိုက်သွားရမှာ စိတ်ညစ်မိသည်။





လမ်းကြုံအောင် တမင်ဖန်တီးနေမှန်းသိသာ၏။

"လေးလေးသက်က ... နွေးလေးကို သက်သောင့်သက်သာ ...င်းတတ်နိုင်အောင်ပါ နွေးလေး ... ဘယ်သူမှ ဂရုစိုက်စရာ ...ဘူး"

နွေးထွေးသူနှင့်သွားလာနေရတာကို မိမိစိတ်ထဲမှာ ရွှင်လန်း...ကြွနေရသည်။

ဒါကြောင့်လည်း ...

သံလျင်မှာခြံဝယ်ပြီး ...လေးကိုကျောင်းပို့ကျောင်းကြိုလုပ် ဖို့ ဖန်တီးနေရသည်။

နွေးထွေးသူရယ် ...

လေးလေး ပြန်ငယ်ချင်လိုက်တာကွာ ...

မင်းဘဝလေးကိုတော့ လေးလေး ဘယ်တော့မှမဖျက်ဆီး...

စိတ်တူကိုယ်တူနဲ့ မင်းရဲ့မြတ်နိုးမှုတွေကို ခံယူချင်တယ်။

နွေးထွေးသူက မာနရှိသည်။

မလွှဲသာမရှောင်သာလို့ လေးလေးနဲ့ပတ်သက်ဆက်ဆံနေ... မဟုတ်လား ...

ပတ်ဝန်းကျင်ကပြောဆိုဝေဖန်နေတာတွေ မင်း ရင်ဆိုင်နေ...ယ်ဆိုတာ လေးလေးသိပါတယ်ကွာ ...

မတတ်နိုင်ဘူး။ မင်းကို လေးလေး မြတ်နိုးမိပြီ။

ကောင်းနှင့်ငြိစွန်းသွားမှာပင် စိုးရိမ်ပြီး မိမိနှင့်ရင်းနှီးကျွမ်းဝင်...ောင် လုပ်ပြနေမိသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

“နွေးထွေးသူ ...”

“ရှင် ...”

“ကိုယ့်ဘဝရဲ့အောင်မြင်တိုးတက်မှုအတွက် တစ်ခါတစ်ရံမှာ ပတ်ဝန်းကျင်ကို ဥပေက္ခာပြုထားရတယ်လေ”

နွေးထွေးသူ နှုတ်ခမ်းသားတွေကို တင်းကျပ်စွာဖိကိုက်ထားမိသည်။

အရင်ကတော့ ...

လေးလေးသက်ကို ရိုးသားတည်ကြည်သူဟု လေးစားမိသည်။

သူမ ... ရိုးရိုးကျိုးကျိုးနှင့် ခိုင်းသမျှ လုပ်ပေးခဲ့မိ၏။

ဒါပေမဲ့ ...

လေးလေးသက် မရိုးသားတော့ဘူး။

အရင်က နွေးထွေးသူ ဘာကိုမှဂရုမစိုက်ခဲ့ပေမယ့် ... ကိုကောင်းဆင့်ရဲ့ရောက်လာမှ စိတ်တွေ မလုံမလဲဖြစ်ရသည်။

“သွားစို့ ...”

မလွှဲသာ မရှောင်သာ၍ သူမ ကားကြုံလိုက်ခဲ့ရပြန်သည်။

သူငယ်ချင်းတွေက ဝေဖန်နေပြီ။

စိတ်ပျက်လိုက်တာနော် ...

အရေးမစိုက်ဘူးဆိုပေမယ့် ... နည်းနည်းတော့ တုန်လှုပ်ချောက်ချားလာရသည်။

ဟိုလူကြောင့်လား ...

ကိုကောင်းဆင့်ရဲ ... သူမကို အထင်သေးစွာ ရှောင်ရှားနေ





ကြောင်း သိနေသည်။

နွေးထွေးသူ ဘာလုပ်ရမလဲ ...

ဟွန်း ...

ကျွန်မ ကိုယ်ကျင့်တရား ပျက်ပြားတဲ့မိန်းမတစ်ယောက် မဟုတ်ပါဘူး။

ကျောင်းရောက်တဲ့အထိ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ထိုင်နေမိသည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၉ )

"ကောင်း ... "

"ဗျာ ... "

"ဒီတိုက်ခန်းက ဘယ်လိုလဲ ... မြေညီထပ်လည်းဖြစ်တယ် ကျယ်လည်းကျယ်တယ် ... ဘယ်လိုလဲ ... "

သူ ... စဉ်းစားနေသည်။

နှုတ်ခမ်းသားတွေက တင်းကျပ်စွာစေ့ကပ်ထားမိ၏။

လေးလေး ...

အလုပ်မရှိတဲ့အကြောင်းပြုပြီး သံလျင်ဘက်သွားနေတာလား။

ဒီကောင်မလေးကို အပို့အကြိုလုပ်နေတာလား။

မင်းကရော ... ဘာလို့မငြင်းရတာလဲ ...

အမြင်ကတ်နေမိသည်။

ဒီကိစ္စကိုပဲ သူ့စိတ်ထဲမှာ မကျေမနပ်ဖြစ်နေရ၏။

"ကောင်း ... "





"ဗျာ ... "

"စဉ်းစားနေတာလား ... "

"ကောင်းပါတယ်လေးလေး ... ဝယ်လိုက်ကြရအောင်"

"အေး ... ဈေးလည်းမဆိုးဘူး၊ ကောင်းအတွက် ကိစ္စပြတ်သွားတာပေါ့"

လေးလေးသက် ဘာလို့အမြန်ဖြတ်ချင်နေရတာလဲ။

ဟိုကောင်မလေးကို ကြိုရဦးမယ်ထင်တယ်။

စိတ်ထဲမှာ မကျေနပ် ...

လေးလေးသက် တက်ကြွနေသည်။

အရွယ်နှင့်မလိုက်အောင် နုပျိုရွှင်လန်းနေ၏။

ဒီကောင်မလေးတစ်ယောက် လေးလေးနှင့်ပတ်သက်နေတာ ဂုဏ်သိက္ခာမဲ့စေသည်ဟု ထင်မိသည်။

ဘယ်လိုတားဆီးရမလဲ ...

"လေးလေးသက်ကတော့ သားကို အထိုင်ရစေချင်တာပဲ သားအတွက် စိတ်အေးချင်ပြီ"

လေးလေးသက်က သူ့ကိစ္စပြီးလျှင် ဘာလုပ်မှာလဲ ...

စိတ်ထဲမှာ တစ်မျိုးကြီးပဲ ...

ဝိတ်ပင်တားဆီးချင်တဲ့စိတ်တွေ ပြင်းပြစွာဖြစ်ပေါ်လာရသည်။

နွေးထွေးသူ ...

မင်းဘက်က ငြင်းသင့်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာဓာနရှိတာလဲ ...

ဒီကောင်မလေးကို သူ ... ဘယ်လိုတားဆီးရမှန်းမင်း

တော့ ...

"ကဲ ... လေးလေးသက်တို့ ငွေချေရအောင် ... ပြီး

မင်းရဲ့အတွင်းရေးမှူးလေးလုပ်မယ့် ပိုးမေနဲ့ မိတ်ဆက်ပေး

သား ကျေနပ်ရင်လက်ခံလေ"

"ဟုတ်ကဲ့ ..."

လေးလေးသက်လုပ်နေတာတွေက အလောတကြီး နို

သည်။

ညနေ ...

သွားကြိုရမှာလား ...

လမ်းကြိုတယ်ဆိုပြီး ... တမင်တကာအကွက်ဆင် လို

နေသည်။

လေးလေးသက် ... တက်သုတ်ရိုက်ပြီး လုပ်နေ၏။

"လေးလေးသက်တို့ ပိုးမေကို သွားတွေ့မယ်"

လေးလေးသက်စိတ်တွေ အလောတကြီးဖြစ်နေသည်။

သိသာလွန်း၏။

ပိုးမေဆိုတဲ့မိန်းကလေးနှင့် နီးစပ်မှုရှိစေရန် ... လေးလေး

အစွမ်းကုန်ကြိုးစားနေသည်။

"ကောင်း ..."

"ဗျာ ..."





"ပိုးမေက ချမ်းသာတယ် ... ပညာတတ်တယ် ... မင်းလက်ထပ်ဖို့ရွေးချယ်သင့်တယ်"

"လေးလေး ..."

"ဟင် ..."

"လေးလေးရော အိမ်ထောင်ပြုဖို့အစီအစဉ်တွေရှိလား"

လေးလေးသက်က ... မငြင်းဘဲ ရယ်မောနေသည်။

သူ ...

သဘောမကျမိ ...

"တစ်ပင်လဲလို့တစ်ပင်ထူတာ ... မဆန်းဘူးမဟုတ်လားကောင်း"

"လေးလေး ..."

"ဖူးစာဆိုတာ နီးရာလူပဲလေ ..."

"လေးလေးက အရမ်းကိုနုပျိုနေတာပါပဲလား ..."

"နုပျိုအောင်နေတာလေ၊ အသက်မကြီးအောင် ကြိုးစားနေတာ"

လေးလေးသက်မှာ နွေးထွေးသူနှင့်လက်ထပ်ဖို့ အစီအစဉ်ရှိနိုင်သည်။

"လေးလေးသက်ကတော့ စိတ်ကို အမြဲတမ်းနုပျိုအောင်နေရတာကွ ... ဒါကြောင့် ကျန်းမာတာလေ"

သူ့စိတ်တွေထဲမှာ တကယ့်ကို မသက်မသာဖြစ်မိသည်။

ပိုးမေ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



မဆိုးပါဘူး။

ချောမောလှပပြီး သွက်လက်ဖျက်လတ်သူဖြစ်သည်။

"ပိုးမေ ..."

"ရှင် ..."

"ဒါလေ ... ဆရာပြောထားတဲ့ ကောင်းဆင့်ရံဆိုတာလေ ကောင်းတဲ့ ... ပိုးမေ သူ့ဆီမှာလုပ်ရမှာ"

"ကောင်း ..."

"ဟင် ..."

"ဘယ်လိုလဲ ... ပိုးမေကို သဘောကျပါတယ်နော်"

ပိုးမေက အလွန်အမင်း သွက်လက်နေတာ တွေ့ရသည်။

လုပ်ငန်းမှာအသုံးချလို့ကတော့ မဆိုးပါဘူးဟုထင်မိ၏။

"ပိုးမေကို ဆရာကရွေးချယ်လိုက်တာပဲ ... ကောင်း"

လက်ခံလိုက်ရသည်။ လက်ခံရမှာပဲ ...

"လေးလေးသက်တို့ ပြန်ကြမယ်"

လေးလေးသက် ကျောင်းကြိုရှဦးမှာပဲဖြစ်သည်။

သူ ... တားဆီးချင်သည်။

"လေးလေး ..."

"ဟင် ..."

"တစ်ခုခု စားရအောင်"

"လေးလေး မစားတော့ဘူး ..."

"ဟင် ... ဘာဖြစ်လို့လဲ"





"မစားချင်တော့လို့ ..."

လေးလေးသက် သံလျင်ကိုသွားစရာရှိသေးသည် ထင်သည်။

အလုပ်တွေလုပ်ရင်း နာရီကိုတကြည့်ကြည့် လုပ်နေ၏။

"လေးလေး သွားစရာရှိလို့လား"

"အင်း ..."

"သွားလေ ..."

"မနက်ဖြန်မှ လေးလေးတို့လုပ်ငန်းတွေ စကြတာပေါ့"

"ဟုတ်ကဲ့ ..."

လေးလေး ထွက်သွားတော့သည်။

သူ ...

တစ်ယောက်တည်း မနက်စာစားရသည်။

လေးလေးသက်တစ်ယောက် သံလျင်သွားဖို့ပဲ စိုင်းပြင်းနေ[illegible]။

သူ ... စိတ်ပျက်စွာဖြင့် အိမ်သို့ပြန်လာခဲ့သည်။

နွေးထွေးသူကတော့ နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ [illegible]ကပ်ထားမိ၏။

လေးလေးသက်ကားက ကျောင်းဝတွင်ရောက်သည်။

"ဟဲ့ ... နွေးလေး ..."

"ဟိုမှာ ..."

"နင့်အဖိုးကြီး ရောက်နေပြီ"

သူငယ်ချင်းချစ်ချစ်စကားကြောင့် ဒေါသဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဘိုးကြီးမဟုတ်ပါဘူးဟာ ... လေးလေးသက်က လမ်းကြုံလို့ပါ"

"ကြုံကြုံပါဦး ... နင်ဒီလိုလုပ်နေတာ နင့်အတွက် ဘယ်လောက်အထိ ဂုဏ်သိက္ခာမဲ့လဲ"

ချစ်ချစ်က မကြိုက် ...

နွေးလေးလည်း မလုပ်ချင်ပေမယ့် ... လေးလေးသက်စောင့်နေတော့ ခက်နေသည်။

"နင့်အဘိုးကြီးက အရှက်ကိုမရှိဘူး"

"ချစ်ချစ် ... "

"ဘာလဲ ... နင်က ထိလို့နာတာလား၊ ငါက နင့်ဂုဏ်သိက္ခာအတွက် ပြောတာနော်"

လေးလေးသက်ကို ဘယ်လိုပြောရမှန်းမသိအောင် ဖြစ်သည်။

"ငါသွားတော့မယ် ... နင့်ကျေးဇူးတွေအတွက် ငါ့ရင်ထဲမှတ်တမ်းတင်ထားပါ့မယ်"

"နွေးလေး ... "

"ဘာလဲ ... "

"ငါက နင့်ကို စေတနာနဲ့ပြောတာနော်"

"အင်းပါ ... ငါနားလည်ပါတယ်"

နွေးလေး ဘာမှ မဟုတ်တာမလုပ်တာဘဲ ...

မတတ်နိုင်ဘူး။ ပြောကြပါစေ ...





ကျောင်းခန်းထဲကနေ ထွက်လာသည်။

သူငယ်ချင်းတွေကို အရေးမစိုက်လုပ်ခဲ့ပေမယ့် ... တကယ်တမ်းကျတော့ ရှက်မိ၏။

မပြောရင်မဖြစ်တော့ဘူးဟု သူမစိတ်ထဲမှာ ထင်မိသည်။

ဒါပေမဲ့ ...

သူမရဲ့မှီခိုအားထားရာက လေးလေးသက်အရိပ်ပဲ ... ဟား ...

သေချင်တယ်။

ဒုက္ခပါပဲ ...

သူမခြေလှမ်းတွေက နှေးကွေးလေးလံနေရသည်။

ကားနားသို့ရောက်လာ၏။

"နွေးလေး ... လေးလေး လမ်းကြုံလို့စောင့်နေတာပါ"

သူမ ဝင်ထိုင်လိုက်သည်။

လေးလေးသက် ဒီလိုလာလုပ်နေတာ မကောင်းပါဘူးဟု ...ပြော ဖို့ရာ နှုတ်ခမ်းသားတွေ လှုပ်မရ ...

နွေးလေး အင်ဂျင်နီယာလုပ်ချင်သည်။

ဖြစ်ချင်တယ်။

မဖြစ်ဘဲ ... လမ်းတစ်ဝက်မှာကျဆုံးသွားမှာကို နွေးလေးကြောက်ဆုံးပဲ ...

"နွေးလေး ... "

"ရှင် ... "

"ဘာဖြစ်လို့လဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"နွေးလေး မျက်နှာမကောင်းလို့ပါ"

"ဟို ... ဟို"

နွေးလေး ဘယ်လိုပြောရမလဲ ...

ဒုက္ခပါပဲ ... အားနာစိတ်တွေ ဝင်လာရသည်။

လေးလေးသက်က သူမရဲ့အိမ်ရှင်ဖြစ်နေ၏။

"ကျွန်မ ... ကျောင်းစာတွေများလို့ စိတ်ပင်ပန်းလာတာပါ လေးလေး ..."

လေးလေးက သူမကို မရိုးမသားဘာတစ်ခုမှ မပြောသေးပေ။

နှုတ်ခမ်းသားတွေကို ဖိကိုက်ထားမိသည်။

ဘယ်လိုပြောရမလဲ ...

ပြောလိုက်ရင် ... အရမ်းအားနာစရာကောင်းသွားမယ် ... သူ့ကို နွေးလေးဘက်က ရိုးသားကြောင်း အမြဲပြရမယ်။

ကြီးမြ ပြောထားလို့ ...

နွေးလေးကတော့ လေးလေးသက်ရဲ့အရိပ်ကနေ ရှောင်ထွက်သွားချင်သည်။

တခြားနိုနားစရာမရှိ ...

နွေးလေးစိတ်ထဲ လုံးဝစိတ်ညစ်နေသည်။

"နွေးလေး တစ်ခုခုဝယ်ဦးမလား ..."

"ဟင့်အင်း ..."

"ဝယ်ဖို့ လေးလေးကိုအားနာလို့လား ... နွေးလေးမှာ လို





အပ်တာတွေရှိနေမှာပဲ ... လေးလေးဝယ်ပေးပါရစေနော်"

"ဟင့်အင်း ... ကျွန်မမှာ အားလုံးပြည့်စုံပါတယ်၊ ဘာမှမလိုပါဘူး"

"နွေးလေး"

"ရှင် ..."

"လေးလေးကို အားမနာပါနဲ့ ... နွေးလေးကို လေးလေးက အခြေတောင်မြှောက်ပေးချင်တာပါ၊ နွေးလေးလိုအပ်တာတွေအားလုံး ဖြည့်ဆွမ်းပေးချင်တယ်"

"ကျွန်မ ဘာမှမလိုလို့ပါ လေးလေးသက် ... အားလုံး ပြည့်စုံနေပါတယ်၊ နွေးလေးဘဝနဲ့နွေးလေး ဒီလောက်ပဲတော်ပါပြီ"

နွေးလေး အပြတ်သားဆုံးငြင်းဆန်နေမိသည်။

နှုတ်ခမ်းသားတွေက တင်းနေ၏။

ပတ်ဝန်းကျင်က ကျွန်မကိုဘာပြောမလဲ ...

လေးလေးသက် မစဉ်းစား ...

လေးလေးသက်က ပြုံးနေသည်။

ပီတိတွေဖြစ်နေ၏။

စတိုး(လ်)ဆိုင်ကြီးတစ်ဆိုင်ရှေ့မှာ ကားရပ်သွားသည်။

"လေးလေး ... ကျွန်မ ဘာမှမလိုချင်ဘူးနော်"

"ဆင်းပါ"

"ဟို ... လေးလေး ... ကျွန်မ တကယ်ပဲ ဘာမှမလိုချင်လို့

www.burmeseclassic.com

www.burmeseclassic.com

သူမ … လုံးဝမဆင်းပေ …

လေးလေးသက် တစ်ယောက်တည်းဆင်းသွားသည်။

အသုံးအဆောင်ပစ္စည်းတွေ အများကြီးဝယ်လာ၏။

"လိုသည်ဖြစ်စေ … မလိုသည်ဖြစ်စေ … လေးလေးသက် ပေးတာ လက်ခံပါ"

"ကျွန်မမှ မလိုတာဘဲ … လက်မခံပါရစေနဲ့လေးလေး … ကျွန်မဘာဝနဲ့ကျွန်မ ဒီလိုပဲ ချွေးချွေးတာတာလေး နေချင်ပါတယ် လေးလေး"

မရပေ …

ဖွတ်အတင်းပေးနေသည်။

ဒီအတိုင်းဆို မလွယ်ဘူး။

လေးလေးသက်ရဲ့အရိပ်ကနေ ထွက်ပြေးချင်တဲ့ဆန္ဒတွေပင် ဖြစ်ပါလာရသည်။

❀❀❀





ခန်း ( ၁၀ )

"နွေးလေးတော့သေချင်နေပြီ ကြီးမြ … လေးလေးသက် ဉ်ရပ်တွေက အရမ်းကို သိက္ခာကျနေပြီ"

အသုံးအဆောင်ပစ္စည်းတွေကို ပစ်ချရင်း ပြောမိသည်။

"အေးကွယ် … ကြီးမြလည်း သဘောမကျပါဘူး၊ ငါ့တူမ ား ဂုဏ်သိက္ခာကျဆင်းစေတာပေါ့"

"စိတ်ညစ်တယ်"

နွေးလေး ဘာဆက်လုပ်ရမလဲ …

အလုပ်ရှင်ဖြစ်နေတဲ့အပြင် သူမကိုတော့ မရိုးမသား ဘာမှ လုပ်သေးပေ …

"နွေးလေးကတော့ … ဘယ်လိုငြင်းဆန်ရမလဲဆိုတာပဲ စားနေတာပါ ကြီးမြ"

"အခြေအနေကို စောင့်ကြည့်တာပေါ့ နွေးလေး … အရမ်း ါးလာရင်တော့ ဒီကနေထွက်သွားကြမယ် … ဒီမှာနေတာက စရိတ်ရော … စားစရိတ်ရော … သက်သာတယ်မဟုတ်လား"

"သက်သာတာတော့ဟုတ်ပါတယ် ကြီးမြရယ် … ကြာရင်



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ဘူး"

"တူမလေး ပညာရေးစရိတ်ကြောင့်ပါကွယ် ... ဒီမှာက လခ လည်း နှစ်ယောက်စာရတယ် ... တခြား ဘာမှလည်းမပူရဘူး"

ဒေါ်မြလည်း ဘယ်လိုလုပ်ရမှန်းပင် မသိ ...

တူမလေးရှေ့ရေးအတွက်ကြောင့်သာ သည်းခံနေရတာပါ။

"နွေးလေး ကျောင်းတောင် ဆက်နေချင်စိတ်မရှိတော့ဘူး"

"အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ကွယ် ... တူမလေးရှေ့ရေး ရှိသေးတယ်၊ နည်းနည်းသည်းခံလိုက်ပါ၊ ပညာရေးပဲအဓိကထားပါ ဦးစောသက်ကလည်း ဘာမှ ထိကပါးရိကပါးလုပ်တာမှ မဟုတ် သေးတာ"

"လေးလေးသက် မရိုးသားတော့ဘူးထင်တယ်၊ အရမ်းကို အတင့်ရဲနေပြီ ကြီးမြရာ ..."

"ဒုက္ခပါပဲကွယ် ... ဘယ်လိုကံကြမ္မာလဲ ... စာကြိုးစားတဲ့ နွေးလေးကျမှ အခက်အခဲတွေတွေ့နေရတယ်"

ကြီးမြလည်း မတတ်နိုင် ...

အသက်ကြီးပြီ။

နွေးလေးကြောင့် ... စိတ်အနှောက်အယှက်ဖြစ်နေရတာ မကောင်းပါဘူး။ အေးချမ်းသာစေချင်သည်။

"နွေးလေး ..."

"ရှင် ..."

"သည်းခံလိုက် ... ဦးစောသက်အတ ဲလာရင် ကြီးမြတို့ ဒီကနေ့ထွက်သွားကြမယ်"





"ဟုတ်ကဲ့ ..."

"ကဲ ... နည်းနည်းအနားယူလိုက် ... ညစာအတွက် ပြင်ဆင်ရမယ်လေ"

"ဟုတ်ကဲ့ ..."

အခန်းထဲ ဝင်လာခဲ့သည်။

လေးလေးသက်ဝယ်ပေးတဲ့ အသုံးအဆောင်တွေက ... ကောင်းစားတွေ ...

မိတ်ကပ် ...

နှုတ်ခမ်းနီ ...

လက်သည်းဆိုးဆေး ...

ရေမွှေး ...

အားလုံး အကောင်းစားတွေပဲ ...

Body Lotion တွေရော ... Shower Cream တွေရော ပြီးတော့ ...

ဖိနပ်လှလှလေး သုံးရံ ...

နွေးလေးကတော့ ကြည့်ပြီး စိတ်တွေအကြီးအကျယ်ပျက်သည်။ ငိုချင်နေ၏။

"နင့်အဘိုးကြီးက နေ့တိုင်းလာကြိုနေတာ နင့်ဂုဏ်သိက္ခာ ထိခိုက်စေတယ်နော်"

နွေးလေးဘက်ကတော့ ဘာမှမရိုးမသားမှမရှိတာ ... ပြောလိုက်ရင်လည်း သူမတို့ဘက်က မလုံရာကျမည်။ အိုးမလုံ အုံပွင့်ဆိုတဲ့အဖြစ်မျိုးလည်း အရောက်မခံနိုင် ...



www.burmeseclassic.com

www.burmeseclassic.com



တို့လူ ... ကိုကောင်းဆင့်ရဲ ...
ညစာ လာမစားတာကြာပြီ။
ရှင် ... ကျွန်မကို အထင်သေးတာပဲ ...
လေးလေးသက်နဲ့ကျွန်မကို တစ်မျိုးထင်နေတယ်မဟုတ်
လား။ စိတ်တွေက မလုံပေ ...
သူ့စိတ်ထဲက သံသယတွေကို ဖျောက်ပစ်ချင်မိသည်။
ဘယ်လိုလုပ်ရမလဲ ...
နွေးလေး ကံဆိုးလိုက်တာနော် ...
"နွေးလေးရေ ..."
"ရှင် ..."
"ညစာပြင်မယ်လေ ..."
ဟွန်း ...
ဒီလူကြီးက နွေးလေးကိုပဲခိုင်းနေသည်။
နွေးလေးသိပါတယ်။
အရသာခံနေတာပါပဲ ...
အပြင်ပြန်ထွက်လာရသည်။
"နွေးလေး အနားမရသေးဘူးလား ..."
"ရပါတယ် ကြီးမြ ..."
"အခုတလော မောင်စောသက်က တူမလေးကိုပဲ ခိုင်းနေ
တာတော့ မကောင်းပါဘူး၊ ကြီးမြနဲ့တခြားသူတွေလုပ်တာ လက်မ
ဘူး"
"အဲဒါ နွေးလေးစိတ်ညစ်တာပဲ ကြီးမြ"





"အင်းနော် ..."
မတတ်နိုင်ဘူးလေ ...
ကျွန်မ တာဝန်ပဲ ...
သူများအိမ်ကပ်နေရတာပဲ မဟုတ်လား ...
"နွေးလေး ပြင်မယ် ..."
အခုတလော ...
နွေးလေး အိမ်မှုကိစ္စတွေတော်တော်များများ လုပ်နေရ
သည်။
"ကြီးမြ ..."
"ဟင် ..."
"ပြင်ဆင်ပြီးတာနဲ့ နွေးလေးသွားတော့မယ်"
"အင်း ..."
သူမ ... ပြင်ဆင်နေသည်။
"နွေးလေး သွားတော့ ..."
ပြင်ဆင်ပေးပြီး နွေးလေး အိမ်ခန်းထဲဝင်လာခဲ့မိသည်။
စိတ်ညစ်ပါတယ်။ နွေးလေးဘဝက ဆိုးသည်။
ကိုကောင်းဆင့်ရဲကိုပဲ သူမ သတိတရဖြစ်နေ၏။
မေ့ပျောက်၍မရ ...
ရှင် ... ကျွန်မကို အထင်သေးနေတာလား ...
အိပ်ရာပေါ်မှာ လှဲပြီးအနားယူနေမိသည်။
လေးလေးသက် ...
ကျွန်မကို မနှောက်ယှက်ပါနဲ့ ...
ဒုက္ခရောက်အောင် မလုပ်ပါနဲ့နော် ...



www.burmeseclassic.com

www.burmeseclassic.com



လေးလေးသက်ဘက်က အဆင့်တက်နေလာရင် နွေးလေး ဒီကနေထွက်သွားဖို့ပဲ ဆုံးဖြတ်ထားသည်။

ခဏအနားယူပြီး ရေချိုးလိုက်၏။

သူမ ...

လေးလေးသက်အနားမှာနေရတာ စိတ်အညစ်ဆုံးပဲ ...

နွေးလေး ... အေးအေးဆေးဆေးပဲ အနားယူနေမိသည်။

"နွေးလေး ..."

"ဟင် ကြီးမြ ..."

"ရေချိုးပြီးပြီလား ..."

"ဟုတ်ကဲ့ ..."

"အပြင်ထွက်ခဲ့ဦး ..."

"ဘာကိစ္စရှိလို့လဲ ကြီးမြ"

"ညည်းကိုခေါ်နေတယ်"

"လေးလေးသက်လား ..."

"အင်း ..."

"သေချင်တယ်"

"နည်းနည်းနေမကောင်းလို့လို့ပြောလိုက်တာမှ သူ့အခန်းထဲ အထိ လိုက်ကြည့်မယ်ပြောနေတာ ... အဲဒါနဲ့ ကြီးမြသွားခေါ်လိုက် မယ်လို့ ပြောရတယ်"

"ဟင် ..."

သေချင်တယ်။

ဒီအဘိုးကြီးက ကျွန်မကို အနားမှာ ဘာလို့ရှိနေစေချင်ရတာ လဲ ...





"လာပါ ..."

"ကြီးမြ ..."

"ဟင် ..."

"ဟိုလူရော ..."

"ကောင်းလား ..."

"အင်း ..."

"ရှိတယ် ..."

"ဒုက္ခပါပဲ ..."

"ဘယ်တတ်နိုင်ပါ့မလဲကွယ် ... ကိုယ့်ဘဝကုသိုလ်ကံပဲပေါ့" ရင်ဆိုင်ရမှာပဲ ... ကျွန်မ အကြောက်ဆုံးပဲ ...

ရှင်အထင်သေးနေမှာလေ ...

အပြင်ထွက်လာရသည်။

"နွေးလေး ..."

"ရှင် ..."

"နေမကောင်းဘူးဆို ..."

"ဟုတ်ကဲ့ ... နည်းနည်းပါ၊ နေမကောင်းချင်သလိုဖြစ်တာ ပါ"

"ထိုင်ပါဦး ..."

"ဟုတ်ကဲ့ ..."

"ပြစမ်း ..."

လေးလေးသက်က သူမလက်လေးကိုဆုပ်ကိုင်ပြီး စမ်းသပ် သည်။ နွေးလေးတစ်ကိုယ်လုံး ထူပူသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... ရှင် တော်တော်ပိုင်စိုးပိုင်နင်းနဲ့ ...

ကိုကောင်းဆင့်ရဲ့ရှေ့မှာဖြစ်နေ၍ ပိုပြီးအရှက်ကွဲသွားရသည့်

ရှန်းဖယ်ပစ်ချင်၏။

လေးလေးသက်ကို အားနာတဲ့စိတ်တွေ ရှိနေသည်။

"လေးလေးသက်ကတော့ ... နွေးလေးလိုမိန်းကလေး ကို ကောင်းကောင်းမြေတောင်မြှောက်ပေးချင်တာပဲ ... ထူး ထက်မြက်လွန်းတယ်"

လေးလေးသက်က ချီးမွမ်းပြောဆိုနေတာတွေကို သူက အရေးမစိုက် ... အစားသောက်တွေကိုပဲ စားနေသည်။

ကျွန်မက ...

ရှင့်အတွက် ဘာမှအရေးအရာမထားနိုင်တဲ့ မိန်းကလေး ဘာအထင်ကြီးစရာမှမရှိဘူး မဟုတ်လား။

သူ့ရှေ့မှာ မနေချင်ပေ ...

ဘာတွေဖြစ်နေရတာလဲ ...

လောကကြီးထဲမှာ နွေးလေးက ကံအဆိုးဆုံးပဲလား။

"နွေးလေး ..."

"ရှင် ..."

"ဆေးခန်းသွားပြမလား ..."

"မလိုပါဘူး၊ အဲဒီလောက်အထိ ကျွန်မဖျားနေတာ မဟုတ် သေးပါဘူး"

"မဖြစ်ပါဘူး၊ ပြလိုက်တာအကောင်းဆုံးပဲ လေးလေးသ ထမင်းစားပြီးရင် လိုက်ပို့မယ်"





"နွေးလေး ဘာမှမဖြစ်ပါဘူး ... နည်းနည်းလေးဖျားချင်တာ ပါ၊ ဆေးသောက်လိုက်ပါပြီ"

"ဘာဆေးသောက်လဲ ... ဆရာဝန်မညွှန်ကြားဘဲနဲ့ ... မသောက်နဲ့လေ ... အန္တရာယ်များလိမ့်မယ်"

သူ ... ထလိုက်သည်။

နားကြားပြင်းကပ်လာသည်။

အခန်းထဲဝင်လာခဲ့၏။

လေးလေးသက်ကတော့ နွေးလေးကို အာရုံစိုက်နေသဖြင့် သူ ထတာကိုပင် သတိမထားတော့ ...

နွေးထွေးသူ ...

တကယ်ပဲကွာ ...

မင်း ... လေးလေးလိုလူတစ်ယောက်ကို ကပ်နေတာက မဆန်းပါဘူး။

သူ ...

သူ မနှစ်သက်ပါ။

လေးလေးသက် ... တစ်ပင်လဲလို့တစ်ပင်ထူတာတောင် နွေးထွေးသူလို ယယ်ရွယ်တဲ့မိန်းကလေး မဖြစ်သင့် ... ။

နွေးထွေးသူက ငယ်ရွယ်လွန်းနေသည်။

ကောင်းဆင့်ရဲစိတ်ထဲမှာ အလိုမကျသလိုနှင့် စိတ်ပျက်နေ မိသည်။

သူ ...

ထွက်သွားချင်တယ်။

လေးလေးသက်ကို အားနာလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ပြောမထွက် ...

နွေးထွေးသူကိုယ်တိုင်က လိုက်ရောနေတာတော့ ခက်နေသည်။

မင်းကတော့ ... မင်းပညာရေးအတွက်ပဲ ငွေရှာနေတာ မဟုတ်လား ...

ကြီးမြကရော ...

သူမ နွေးထွေးသူနဲ့ အလိုတူအလိုပါပဲ မဟုတ်လား။

မင်းဟာ ထူးချွန်ထက်မြက်တဲ့မိန်းကလေးဆိုတာ မှန်ပေမယ့် မင်းရဲ့ကိုယ်ကျင့်တရားကြီး ပျက်နေတာကတော့ မကောင်းပါဘူး။

ဒီလိုအသက်ကြီးကြီးလူတစ်ယောက်နဲ့ ကျောင်းမှာတွဲရဲတဲ့ သတ္တိ တကယ့်ကိုကြောက်စရာကောင်းတဲ့ အကျင့်စရိုက်ပဲ ...

တော်ပြီကွာ ...

အိပ်မယ် ...

ဒုက္ခပါပဲ ...

နွေးထွေးသူဆိုတဲ့မိန်းကလေးရဲ့ မျက်နှာလေးကို မြင်ယောင်နေသည်။

မေ့ပျောက်ပစ်လို့မရ ...

သူ့ရှေ့မှာတော့ လေးလေးသက်ကို မပြောချင်သလိုလိုနှင့် မခုတ်တတ်တဲ့ကြောင် လုပ်ပြနေသည်။

အမြင်ကတ်လိုက်တာကွာ ...

ကုမ္ပဏီက ဖွင့်ပွဲအတွက်ပြင်ဆင်နေသည်။

လေးလေးသက်လည်း တက်ကြွစွာကူညီနေ၏။





"လေးလေး အသက်ကြီးပြီ ... စိတ်ချမ်းသာမှ အသက်ရှည်အောင် ကြံဖန်နေရတာတဲ့လေ"

လေးလေးသက်က အသက်ရှည်အောင်နေရတာတဲ့လေ။

နွေးထွေးသူ ...

မင်းက ငါ့လေးလေးကို လှည့်စားနေတာလား။

လေးလေးသက် မှားနေပြီ။

လေးလေးသက်ကို အချိန်မရွေး စွန့်ပစ်သွားမှာပါ။

သူ ...

နွေးထွေးသူမျက်နှာလေးကိုတော့ မေ့ပျောက်ပစ်၍ မရဘဲ ဖြစ်နေသည်။

❀❀❀

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၁ )

"နွေးထွေးသူကို မင်းရဲ့ကုမ္ပဏီအသစ်ဖွင့်ပွဲမှာ မင်္ဂလာပန်း ကြိုခိုင်းမယ် ကောင်း ..."

"ဗျာ ..."

"နွေးလေးက အရမ်းလှတယ်၊ ပြင်ဆင်ပေးလိုက်ရင် မြင်ရ သူတွေ ငေးမောသွားမှာနော်"

သူ ...

မနှစ်သက်ပေ ...

ဒီဟာမလေးကို ရာရာစစ နေရာမပေးလိုပေ ...

"ပိုးမေ ရှိနေတာပဲ ..."

"နွေးထွေးသူက ပိုပြီးနုတယ်၊ ပိုလည်းလှတယ်"

လေးလေးသက်က ဘာဖြစ်လို့များ နွေးထွေးသူကိုပဲ အရေး ပေးနေရတာလဲ ...

မင်း ... ဒီအခွင့်အရေးတွေလိုချင်လို့ မင်းလေးလေးသက်ကို ကပ်နေတာမဟုတ်လား ...





စိတ်ထဲမှာ သဘောမကျမိ ...

နွေးထွေးသူကို အမြင်ကတ်မိသည်။

"နွေးထွေးသူကိုပဲ ရွေးချယ်မယ်၊ ဖိတ်ထားတဲ့ဧည့်သည်တွေ အရမ်းစိတ်ဝင်စားမှာပဲ ... နွေးထွေးသူကို ပြင်ဆင်ပေးလိုက်ရင် အရမ်းစိတ်ဝင်စားစရာကောင်းမှာပဲ"

လေးလေးက တက်ကြွနေသည်။

နွေးထွေးသူနှင့် လေးလေးဆက်ဆံရေးကို သဘောမကျမိ ပေ။

"ကောင်း ..."

"ဗျာ ..."

"နွေးထွေးသူကိုပဲ သတ်မှတ်လိုက်ကြရအောင် ..."

သူ ... ဘာမှမပြော ...

လေးလေးသက်သဘောပဲ ...

"နွေးလေးဟာ အရမ်းလှပြီးထက်မြက်တယ် ကောင်း ... ...မ်းသဘောကျဖို့ကောင်းတဲ့ မိန်းကလေးပဲ ..."

ဦးစောသက်ကတော့ ... နွေးထွေးသူလေးကို သဘောကျ နေမိသည်။ အရွယ်က မမှုပေ ...

လေးလေးသက်ကတော့ ... မင်းဘဝလေးကို မြေတောင် မြှောက်ပေးချင်တာပါ။

မင်းဘဝလေးကို မဖျက်ဆီးချင်ပါဘူး နွေးထွေးသူ ...

"ကျန်တဲ့ကိစ္စတွေကတော့ အားလုံးပြီးသလောက်ပဲ ... နွေးထွေးသူကိုရွေးချယ်ထားကြောင်း လေးလေးပြောလိုက်မယ်၊ ပြင်ဆင်နိုင်အောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးသက် ထွက်သွားသည်။

"အား ... စိတ်ပျက်လိုက်တာ ... "

လေးလေးသက်လိုလူတစ်ယောက်ကို နွေးထွေးသူ ကပ်နေတာ မဆန်းပါဘူး။

မင်းဘဝကို အများကြီးဖြည့်စွမ်းပေးနိုင်တာပဲ မဟုတ်လား။

"နွေးထွေးသူ ... "

"ရှင် ... လေးလေးသက် ... "

"ဘာတွေလုပ်နေတာလဲ ... "

"မီးပူတိုက်မလို့ပါ"

"နောက်အပတ်တနင်္ဂနွေနေ့မှာ ကောင်းရဲ့ကုမ္ပဏီ ဖွင့်ပွဲရှိတယ်၊ အဲဒါ နွေးလေး ပန်းကြဲရမယ်"

"ရှင် ... "

"အဝတ်အစားကအစ ပြင်ဆင်ရမယ် နွေးလေး"

"မဖြစ်ဘူးထင်တယ် လေးလေးသက် ... နွေးလေး မလုပ်ပါရစေနဲ့"

နွေးထွေးသူ ငြင်းမိသည်။

ကိုကောင်းဆင့်ရဲ့နှင့် မပတ်သက်ချင် ...

ရှင်က ... ကျွန်မကို အထင်သေးတာပဲမဟုတ်လား။

"နွေးလေး ... "

"ရှင် ... "

"မင်း လက်ခံရမယ်"

"နွေးလေးမှာ ဘာမှအဆင်သင့်မရှိပါဘူး၊ ဘာမှမလုပ်ပါရစေနဲ့"





"နွေးလေးက အရမ်း Cute ဖြစ်တာပဲ ... ကိုယ်လုံးကိုယ်ပေါက်ကလည်းလှတယ်၊ အရုပ်အမောင်းလည်းမြင့်တော့ မြင်သူငေးလောက်အောင် လှမှာပဲ ... "

လေးလေးသက်က သဘောကျသလောက် ... သူမကတော့ စိတ်ညစ်နေသည်။

ကျောင်းစာကလွဲပြီး ဘာမှစိတ်မဝင်စားချင်ပေ ...

အဝတ်အစားတွေ တိုင်းပြီးသွားသည်။

"အမြန်ချုပ်ပေးနော် ... အလှဆုံးဖြစ်ပါစေ ... ချုပ်ခကြိုက်သလောက်တောင်း ... "

ဦးစောသက် ... သေချာအောင်မှာပြီး ကားဆီရောက်လာသည်။

"နွေးလေး ... "

"ရှင် ... "

"တစ်ခုခုသွားစားကြရအောင် ... "

"ဟို ... ဟို ... ကျွန်မ အိမ်မှာအလုပ်တွေရှိသေးတယ် ... ပြန်ကြရအောင်နော်"

"နွေးလေး ... "

"ရှင် ... "

"လေးလေးကို ကြောက်နေတာလား ... "

"မဟုတ်ပါဘူး ... အိမ်မှာ ကြီးမြနေမကောင်းဘူးလေ ... ကျွန်မ အလုပ်တွေရှိသေးလို့ပါ ... ကြီးမြကို မပင်ပန်းစေချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

နွေးထွေးသူရယ် ...

လေးလေးကတော့ မင်းကို အထင်ကြီးလေးစားတယ်ကွာ။

ချစ်စရာကောင်းတဲ့ နွေးထွေးသူပဲ ...

ကိုယ်ကျင့်တရားကို ထိန်းသိမ်းလွန်းပါတယ်။

"အလုပ်တွေက ထားလိုက် ... လေးလေး နောက်တစ်ယောက်ထပ်ခန့်ပေးမယ်၊ နွေးလေးက စာကျက်ရသေးတယ် ... အိမ်က ဒေါ်မြကို အနားပေးလိုက်ပြီ"

"မဖြစ်နိုင်ဘူး၊ ကြီးမြ စိတ်မာတတ်ကျအောင်မလုပ်ပါနဲ့ ... ကြီးမြက ဒီအလုပ်ပဲလုပ်ချင်တာ"

"ကဲ ... လေးလေးတို့ တစ်ခုခုသွားစားမယ်၊ မင်း ငြင်းလို့မရဘူး"

လေးလေးသက်က ကားကို အတင်းမောင်းသည်။

နွေးလေး ငြင်းမရ ...

မရိုးသားတဲ့အပြုအမူတွေ မလုပ်သေးတော့လည်း ခက်နေသည်။

စားသောက်ဆိုင် ရောက်လာ၏။

ကိုကောင်းဆင့်ရဲ့နဲ့ တွေ့သည်။

မျက်နှာပူလိုက်တာ ...

နွေးလေး သေချင်လောက်အောင် စိတ်ညစ်သွားရသည်။

"ကောင်း ... "

"ဟင် ... လေးလေး ... "

"နွေးလေးအတွက် အဝတ်အစားတွေချုပ်တာလေ"





"ကျွန်တော် သွားတော့မယ် လေးလေး ... "

"မင်း မစားရသေးဘူးမဟုတ်လား ကောင်း ... "

"ဒီမှာ အသိတစ်ယောက်လာရှာတာပါ၊ ကောင်း အရေးကြီးကိစ္စရှိလို့ သွားမယ်နော်"

ကိုကောင်းဆင့်ရဲထွက်သွားတာ ကျွန်မကြောင့်ပဲ မဟုတ်လား။

ရှင့်မျက်ဝန်းတွေက တင်းမာနေတာပါ။

လေးလေးသက်ကတော့ ဘာကိုမှ ဂရုမစိုက်တတ်ပေ ...

ကိုယ်မှန်တယ်ထင်တာကို လုပ်တတ်တဲ့လူကြီးပဲ ...

ဘာတွေလုပ်နေတာလဲ ...

ကျွန်မ စိတ်ညစ်တယ်။ ဒုက္ခပါပဲ ...

နွေးလေး ရှက်နေမိ၏။

ဆက်မထိုင်ချင်တော့ ...

ပတ်ဝန်းကျင်က ကြည့်နေကြပြီ။

"နွေးလေး ... "

"ရှင် ... "

"လေးလေးကတော့ ... နွေးလေးကို အလုပ်သမားတစ်ယောက်လို့ သဘောမထားတော့ဘူး"

"ရှင် ... "

"နွေးလေးက အစွမ်းအစရှိတဲ့မိန်းကလေးဖြစ်နေလို့ပဲ ... ဘ်ဓာတ်တွေလည်း မြင့်မားစေချင်တယ်၊ ယ်မနေစေချင်တာ ပဲ"

"လေးလေးသက် ... "



www.burmeseclassic.com

www.burmeseclassic.com



"ပြော ..."

"နွေးလေးက အလုပ်သမားပါ။ ဒါ ဘဝမှန်ပဲ ... နွေးလေး ဘယ်တော့မှ မေ့မပစ်နိုင်ဘူး"

ငွေကြေးကြောင့် ... ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိန်းကလေးတစ်ယောက်ဘဝ ဘယ်တော့မှအရောက်မခံနိုင်ပါဘူး။

စိတ်တွေကို တင်းထားမိသည်။

ဘဝရဲ့မျှော်မှန်းချက်တွေ ပျက်စီးပျောက်ဆုံးသွားမှာ အကြောက်ဆုံး ဖြစ်နေရ၏။

သူမဘဝကို ဖျက်ဆီးပစ်မယ့်သူက လေးလေးသက်ပဲ ...

"ကျွန်မ ပြန်ချင်ပြီ"

"နွေးလေး ..."

"ရှင် ..."

"လေးလေးရဲ့စေတနာတွေကို နားလည်ပါ"

လေးလေးသက်ရဲ့အကြည့်တွေကို ရှောင်လွှဲပစ်လိုက်သည်။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိ၏။

ကျွန်မ ... ဘာဖြစ်လို့ မရှောင်လွှဲနိုင်ရတာလဲ ...

လေးလေးသက်ကရော ကျွန်မကို ဘာဖြစ်လို့ ဒီလိုလုပ်နေရတာလဲ ... မရိုးသားတာလား။

"လေးလေးသက်က ... နွေးလေးသိမ်ငယ်ပြီး ဘဝအတွက် အားမာန်တွေမရှိတော့မှာ စိုးရိမ်လို့ပါ"

"လေးလေးသက် ..."

"ဟင် ..."

"ပြန်ချင်ပြီ ..."





"ကောင်းပါပြီကွာ ... နွေးလေးသဘောပါပဲ ... မင်းကို အနောက်အယှက်ဖြစ်အောင် မလုပ်ချင်ပါဘူး ... ပျော်ရွှင်နေစေချင်တာပါ"

သူမ ...

ထသည်။

လေးလေးက ကြီးမြအတွက် စားစရာတွေ အတင်းအကျပ်ထည့်၏။

"ကြီးမြကို အားရှိအောင်ကျွေးပါ နွေးလေး ... လေးလေးသက်တို့ရဲ့ အားကိုးရာပဲလေ ..."

ပြန်လာခဲ့ကြသည်။

ကြီးမြအတွက် ... စားစရာအထုပ်တွေနှင့် ... အဝမှာ ကောင်းဆင့်ရှံနှင့်တိုး၏။

သူမကို ဘယ်လိုထင်မလဲ ...

ထင်ချင်သလိုထင်ပဲ ...

အိမ်ထဲပဲ တန်းပြီးဝင်လာခဲ့မိသည်။

ကြီးမြ အိပ်ရာပေါ်မှာလှဲနေ၏။

"ကြီးမြ ..."

"ဟင် ..."

"နေကောင်းရဲ့လား ..."

"နည်းနည်းပါးပါးပါ ..."

"ခေါက်ဆွဲပြုတ်သောက်ရအောင်နော် ..."

"ကိုစောသက် ဝယ်ပေးတာလား ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."

"နွေးလေးအတွက် ကြီးမြ စိတ်ပူတယ်"

"ဘာမှမပူပါနဲ့ ကြီးမြ ... လေးလေးသက်က ရိုးသားဖြူစင်တဲ့ စေတနာတွေနဲ့ပါ၊ ကြီးမြ ပူမနေနဲ့နော်"

ကြီးမြကို စိတ်အနှောက်အယှက်ဖြစ်မှာစိုး၍ ဟန်ဆောင်ပြောနေရသည်။

မတတ်နိုင်တော့ဘူး။

ကံကြမ္မာရဲ့ စီမံရာ ...

အိမ်မှုကိစ္စတွေကို နွေးလေး တစ်ခုပြီးတစ်ခု လုပ်နေရသည်။

❀❀❀





အခန်း ( ၁၂ )

"နွေးထွေးသူ အရမ်းလှတာပဲ ... ကြည့်လို့တောင် မဝဘူးကွာ"

သူမကို ချီးမွမ်းနေတဲ့ လေးလေးသက်ရဲ့အသံတွေကို သူမမြင်ကတ်စွာ ကြားနေရသည်။

အလှပြင်တဲ့ မိတ်ကပ်ဆရာကြောင့်လား။

Designer ကြောင့်ပဲလားပင် မသိ ...

နွေးထွေးသူကတော့ အတော်လေးလှပနေသည်။

ဝတ်စုံက ... သူမနှင့် လိုက်ဖက်လှ၏။

ကုမ္ပဏီအသစ်ဖွင့်ပွဲကို ကြွရောက်လာတဲ့ဧည့်သည်တွေရဲ့ အကြည့်တွေက စိတ်ဝင်တစား ဖြစ်နေသည်။

နွေးထွေးသူ ...

မင်းအလှတွေကို တန်ဖိုးမဲ့အောင် မင်း ဘာဖြစ်လို့လုပ်ချင်ရသလဲ ...

သူ ... နွေးထွေးသူကို စိတ်ဝင်စားမိသည်။

မဖြစ်သင့်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

မင်းလိုမိန်းမတစ်ယောက်ကို ငါ လုံးဝစိတ်မဝင်စားသင့်ဘူး

နွေးထွေးသူ့အနားမှာ ရှိနေသည်။

လေးလေးသက် အဖြစ်သည်းလွန်းတယ်။

"ကိုကောင်း ..."

"ဟင် ..."

"ပန်းကြဲမယ့်ကောင်မလေးက ဘယ်သူလဲ"

ပိုးမေက အနားကပ်လာပြီး မေးနေသည်။

"လေးလေးသက်အသိပါ"

"ချောတယ်နော် ..."

ပိုးမေစိတ်ထဲမှာ မနာလိုဝန်တိုမှုတွေဖြစ်နေသည်။ ဘယ်မိန်းကလေးလဲ ... ချောလိုက်တာ ...

ပိုးမေထက် ချည့်သည်တွေစိတ်ဝင်စားခြင်းခံနေရသည်။

"နာမည်ဘယ်လိုခေါ်လဲဟင် ..."

"နွေးထွေးသူ ..."

"ကိုကောင်းတို့အိမ်မှာ နေတာလား"

"အင်း ..."

"ဘာတော်လဲဟင် ..."

"ကိုယ် သိပ်မသိဘူး"

"ဟင် ..."

မပြောချင်။

ဒီမိန်းကလေးအကြောင်းတွေကို မပြောချင်တာပါ။

လေးလေးသက်နဲ့ ... ရှုပ်နေတဲ့မိန်းကလေးဆိုတာ မပြောချင်ပေ ...





"ကောင်း ..."

"ဟင် ..."

"နွေးလေးကို အရမ်းစိတ်ဝင်စားနေကြပြီ တွေ့လား"

"လေးလေး ..."

"ဟင် ..."

"ကုမ္ပဏီကိစ္စတွေကိုပဲ ဆွေးနွေးကြရအောင်"

ပိုးမေလည်း ရောက်နေသည်။

သူ ...

တမင်ခေါ်ထားတာပဲ ...

နွေးထွေးသူကို လေးလေးနှင့်ရောထွေးပြီး အထင်သေးစရာဖြစ်မှာကို သူ စိတ်ပူနေသည်။

"လေးလေး ... နွေးထွေးသူကို စိတ်မချဘူး ကောင်း ... ဟိုမှာ လူတွေအရမ်းဝိုင်းနေပြီ"

"ထားလိုက်ပါ လေးလေး ... တော်ကြာ အတင်းအဖျင်းပြောစရာ ဖြစ်နေပါ့မယ်"

လေးလေးသက်ကို သူ ... ဖွတ်ပဲဆွဲထားလိုက်သည်။

ဖွင့်ပွဲပြီးသွား၏။

"ကျွန်မပြန်တော့မယ် လေးလေးသက် ..."

"လေးလေးသက် လိုက်ပို့ပေးမယ်"

စိတ်ညစ်နေမိသည်။

ခေါင်းထဲမှာ ငြိုးစီစီကြီးဖြစ်နေ၏။

သူမအား လူတွေကစိတ်ဝင်စားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နွေးလေး ..."

"ရှင် ..."

"စိတ်မောသွားလား ..."

"နည်းနည်းပါ ..."

"မင်း အောင်မြင်မှုလမ်းစကို နင်းမိလိုက်တာပဲ နွေးထွေးသူ"

"ကျွန်မ ... အင်ဂျင်နီယာတစ်ယောက်ဖြစ်ဖို့ပဲ စိတ်ဝင်စားတယ်"

ကိုကောင်းဆင့်ရဲ့ကို စိတ်ထဲကနေ ကြိတ်ပြီး နွေးထွေးသူ ကျေးဇူးတင်ရတော့မလို ဖြစ်နေသည်။

သူမအနားမှာ ကပ်လွန်းနေတဲ့ လေးလေးသက်ကို ခေါ် ထုတ်ပေးခဲ့၏။

စေတနာနဲ့တော့ မဖြစ်နိုင်ပါဘူး။

အမြင်ကတ်လို့ မဟုတ်လား ...

"နွေးထွေးသူ ..."

"ရှင် ..."

"ပိုးမေကို ဘယ်လိုသဘောရလဲ ..."

"အရမ်းချောတယ် လေးလေးသက် ... သွက်လက်ထက်မြက်မှာပါပဲ"

"နွေးထွေးသူရော ပိုးမေလို အတွင်းရေးမှူးမလေး မလုပ်ချင်ဘူးလား"

"ဟင့်အင်း ..."

"လေးလေးသက်ရဲ့ အတွင်းရေးမှူးမလေးအဖြစ်လေ ...





လေးလေးသက်က လစာကောင်းကောင်းပေးမှာပါ"

"ဟင့်အင်း ... ကျွန်မ အင်ဂျင်နီယာတစ်ယောက်ပဲ ဖြစ်ချင်တယ်"

သူမ ...

စိတ်ညစ်တယ်။

လေးလေးသက်ကို ကျေးဇူးတင်စရာတွေ အများကြီးရှိနေမှာ စိုးရိမ်မိ၏။

ပေးဆပ်ဖို့ ခက်သည်။

ကိုကောင်းဆင့်ရဲ့ ...

ကျွန်မကို ရှင် အထင်သေးနေမှာပဲ ...

ရှင်အထင်သေးသလို ကျွန်မ ဘယ်တော့မှ ကိုယ်ကျင့်တရား မပျက်ပြားဘူး။

မာနပဲ ...

ကျွန်မမှာ မာနရှိတယ်။

အိမ်ကိုပြန်ရောက်လာခဲ့ကြသည်။

"နွေးလေး ... အနားယူလိုက်တော့ ... ကြီးမြအတွက်လည်း ဘာမှမပူနဲ့နော် ... လေးလေးတာဝန်ထားပါ"

သူမ ...

ခြေလှမ်း ခပ်သွက်သွက်နှင့် မီးဖိုခန်းထဲဝင်လာမိသည်။

ဝတ်စားပြင်ဆင်ထားတာတွေ ကြီးမြကိုပြရ၏။

အိပ်ရာပေါ်မှာလှဲနေတဲ့ ကြီးမြ ထလာခဲ့သည်။

"ဟယ် ... လှလိုက်တာ တူမလေး အရမ်းလှတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို ဝုဏ်ကျက်သရေရှိတဲ့ အလှတွေပဲ"

ကြီးမြ သဘောကျစွာဖြင့် ပြောနေတော့သည်။

"ကြီးမြ ..."

"ဟင် ..."

"နေကောင်းလား ..."

"နည်းနည်းပါ ..."

"စိတ်ထဲမှာ ဘာမှပူပင်သောကတွေရောက်မနေနဲ့နော် ... အရာအားလုံး ကံကြမ္မာအတိုင်းပါပဲ ကြီးမြရယ် ..."

နွေးလေးရယ် ...

ချောလိုက်တာ ...

နွေးလေးဘဝလေး မလှမပ ပျက်စီးသွားရမှာ ကြီးမြ အရှမ်းစိတ်ပူတာပဲ ...

ကြည့်စမ်း ... မြင်သူငေးလောက်တယ်။

တူမလေးရဲ့ကံကြမ္မာက ဆိုးတယ်။

ဦးစောသက်လို လူကြီးတစ်ယောက်ရဲ့ အရေးတယူလုပ်နေတာကိုက မနှစ်သက်စရာဘဲ ...

ရှောင်လွှဲ၍မရ ...

သူတို့အရိပ်မှာမှီခိုနေရတဲ့ဘဝလေးပဲ မဟုတ်လား ...

ဘယ်လို ရှောင်လွှဲမလဲ ...

တူမလေးနွေးထွေးသူရဲ့စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားတွေကိုတော့ မိမိယုံကြည်နေမိသည်။

"ကြီးမြ ..."

"ဟင် ..."





"ဘာဖြစ်နေတာလဲ ... မျက်နှာလည်း နွမ်းနေတယ် ... နွေးလေးအတွက် ဘာမှစိတ်သောကမရောက်နဲ့နော်"

"အေးပါကွယ် ..."

"နွေးလေး အဝတ်အစားတွေလဲတော့မယ်နော် ... စိတ်အိုက်လို့ ..."

"နွေးလေး ..."

"ရှင် ..."

"ဖွင့်ပွဲမှာ အားလုံးအဆင်ပြေရဲ့လား"

"ပြေပါတယ် ကြီးမြရဲ့ ... နွေးလေးကို အားလုံးစိတ်ဝင်စားကြတာ ... ရုပ်ရှင်မင်းသမီးတောင် လုပ်မလားတဲ့"

"တူမလေးက ဘာပြောလိုက်လဲ ..."

"ဟင့်အင်းလို့ ... ကျွန်မ ပညာရေးကိုပဲစိတ်ဝင်စားပါတယ်လို့ ..."

"အင်းလေ နွေးလေးက ပညာရေးပဲရည်မှန်းချက်ကြီးတာဆိုတော့ လမ်းကြောင်းတစ်ခုပဲ သွားတာကောင်းပါတယ်လေ"

ကြီးမြ နေမကောင်းဘူး။

နွေးလေးကို တာဝန်ယူနိုင်မလားဆိုတာ တွေးမိနေသည်။ စိတ်ပူပဲနေရ၏။

"ကြီးမြ ..."

"ဟင် ..."

"ဆန်ပြုတ်လေးသောက်လိုက်နော် ... ဆေးသောက်ရအောင်လို့ နွေးလေးသွားနွေးပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နွေးလေး ..."

"ရှင် ..."

"ညစာအတွက် ပြင်ဆင်ရဦးမှာလား"

"မပြင်ရပါဘူး ကြီးမြ ... ညစာက စားခဲ့ကြပါပြီ"

"တူမလေးကို ဦးစောသက်နဲ့ နှစ်ယောက်တည်းစိတ်မချဘူးကွယ် ..."

"ဘာမှစိတ်မပူပါနဲ့ ကြီးမြ ... နွေးလေး ကိုယ့်ကိုယ်ကိုယ်ကာကွယ်တတ်ပါတယ်"

ကြီးမြအနားကနေ ထွက်လာခဲ့မိသည်။

ပြောမယ့်သာပြောရတာ ... လေးလေးသက်ရဲ့တိုက်ကွက်တွေက ပိုပြီးပြင်းထန်လာရသလိုပင် ...

ဂရုစိုက်လွန်းနေသည်။

လူမြင်မကောင်းတော့ ...

ကုမ္ပဏီဖွင့်ပွဲမှာ သရုပ်မပျက်အောင် ... ကိုကောင်းဆင့်ရဲ့ကူညီလိုက်လို့ပဲ ...

ကြီးမြရှေ့မှာသာ ဟန်ဆောင်နေရတာ ... သေချင်လောက်အောင်ပင် စိတ်ညစ်နေမိသည်။

❀❀❀





အခန်း ( ၁၃ )

သူ ...

နွေးထွေးသူကို ဘာဖြစ်လို့သတိရနေတာလဲ ...

ဖွင့်ပွဲနေ့ကစပြီး နွေးထွေးသူကို စိတ်ဝင်စားသွားရသည်။

မဖြစ်နိုင်တာဘဲ ...

ဒီမိန်းကလေးက လေးလေးသက်နဲ့ရှုပ်ထွေးနေသူ ...

မေ့ပစ်လိုက်စမ်းပါ။

အလကားကောင်မလေး ...

လေးလေးသက်ကိုမြူဆွယ်ပြီး အခွင့်အရေးတွေရအောင် ယူနေတာ ...

နွေးလေးအကြောင်းတွေးမိတိုင်း ဒေါသတွေဖြစ်ရသည်။

လေးလေးသက်ရဲ့အပြုအမူတွေအတွက် ရှုံရှာမိရ၏။

မင်းကြောင့်ပဲ ...

လေးလေးသက်ကကပ်နေရင်တောင် မင်းငြင်းရမယ်။

ဘာဖြစ်လို့ မငြင်းရတာလဲ ...

မင်းဘဝတက်လမ်းအတွက် ... မင်း အသုံးချနေတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။

ဒါပေမဲ့ ...

သူ ... နွေးထွေးသူကိုပဲ သတိရနေမိသည်။

အေးစက်တဲ့ နွေးထွေးသူရဲ့မျက်ဝန်းလေးတွေက မရိုးမသား တော့ မရှိပေ ...

မင်း ဟန်ဆောင်နေတာလား။

လေးလေးသက်နဲ့ ... အလိုက်အထိုက်နေတာကြီးကကို မဟုတ်သေးပါဘူး။

"ကိုကောင်း ..."

"ဟင် ..."

"ကိုကောင်း ... ဘာတွေစဉ်းစားနေတာလဲဟင် ..."

ပိုးမေ ...

ဖိုင်တွဲတစ်ထပ်ကိုပိုက်ပြီး သူ့ရှေ့မှာရပ်နေသည်။

"ဩော် ... ကိုယ့်အလုပ်ကိစ္စတွေစဉ်းစားရင်း အတွေးလွန် သွားလို့ပါ"

"အဟက် ... ဟုတ်ရဲ့လား ..."

"ဘာကိုလဲ ..."

"ရှင် ... နွေးထွေးသူဆိုတဲ့ကောင်မလေးအကြောင်းတွေ စဉ်းစားနေတာလား"

"မဟုတ်ပါဘူး ပိုးမေ ... ကိုယ့်ခေါင်းထဲမှာ အလုပ်ကိစ္စတွေ ပဲရှိတယ်"

"ကျွန်မတောင် နွေးထွေးသူဆိုတဲ့ကောင်မလေးအကြောင်း တစ်ခါတစ်ခါ တွေးမိနေတယ်လေ ... စွဲမက်စရာမိန်းကလေးပဲလို့"





နွေးထွေးသူကို အတော်များများက နှစ်သက်နေကြောင်း ပိုးမေက ပြောပြသည်။

"ပိုးမေကို ... မန်နေးဂျင်းဒါရိုက်တာဝေလွင်က အကူအညီ တောင်းနေတယ်၊ နွေးထွေးသူနဲ့ မိတ်ဆက်ပေးပါတဲ့"

ဝေလွင်ဆိုတာက လုပ်ငန်းရှင်တစ်ယောက်ပဲ ...

ကောင်းဆင့်ရုံနှင့်မခင်ပေမယ့် လေးလေးသက်ရဲ့မိတ်ဆွေ။

"ကိုဝေလွင်ကလူပျိုကြီး ချမ်းသာတယ် ... နွေးထွေးသူကို ကြိုက်နေတာပဲ"

သူ ...

မကြားချင်ပေ ...

နွေးထွေးသူနှင့်ပတ်သက်လာလျှင် ... စိတ်ထဲမှ သဝန်တို နေမိသလိုပင် ...

"နွေးထွေးသူကို မေ့ပစ်လို့မရတော့ ... အလုပ်တောင် စိတ် မပါတော့ဘူးတဲ့ ..."

"မိတ်ဆက်ပေးလိုက်လေ ..."

"ဘယ်မှာနေလို့လဲ ... ကိုကောင်း ချိတ်ပေးလိုက်လေ"

ပိုးမေကလည်း ... နွေးထွေးသူကို တခြားတစ်ယောက်နှင့် ပေးစပ်စေလိုသည်။

ကိုကောင်းနဲ့ လွတ်ကင်းအောင်ပါ။

"ကိုကောင်း ..."

"ဟင် ..."

"နွေးထွေးသူ ဘယ်မှာနေလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဆင့်ရဲကလည်း နွေးထွေးသူကို လေးလေးသက်နှင့် ကင်းလွတ်စေချင်သည်။

မင်းဘဝအတွက်ပါ။

လေးလေးသက်ထက် ... မင်းဘဝကိုလှပပေးနိုင်တဲ့ အခွင့်အလမ်းတစ်ခုတော့ ရသွားစေချင်တယ်လေ။

မင်းအတွက်ပါ နွေးထွေးသူ ...

အသက်အရွယ်ကြီးရင့်တဲ့လူတစ်ယောက်နဲ့ မင်းဘဝကို အဆုံးမသတ်ချင်ပါနဲ့ ...

"ကိုကောင်း ..."

"ဟင် ..."

"နွေးထွေးသူရဲ့လိပ်စာကို သိလား"

"နောက်တော့ မိတ်ဆက်ပေးပါ့မယ်"

"ကိုဝေလွင်က အသည်းအသန်ကြီးလေ"

နွေးထွေးသူက သူ့အိမ်မှာ အလုပ်လုပ်တဲ့ကောင်မလေးဟု မသိစေလိုပေ ...။

"ကိုဝေလွင်က စွဲလမ်းနေတာနော် ..."

"နောက်နေ့ ကိုယ့်ရုံးခန်းကိုခေါ်လာခဲ့မယ်"

"ကိုကောင်း ..."

"ပြော ..."

"နွေးထွေးသူကို ရှင်စိတ်မဝင်စားဘူးလားဟင် ..."

"ဘာ ..."

ပိုးမေ မေးခွန်းအတွက် သူ ... အထိတ်တလန့်တော့ဖြစ်သွားရသည်။

အဖြေက မရှိ ...

ရုတ်တရက် ဘာလို့မဖြေနိုင်ရတာလဲ ...

"ကိုကောင်း ဖြေလေ ..."

"ကိုယ် ... အလုပ်ကိစ္စကလွဲပြီး ဘာကိုမှစိတ်မဝင်စားဘူး ပိုးမေ"

အပြတ်ပြောလိုက်သည်။

ပိုးမေက ပြုံးနေ၏။

သူ ... နွေးထွေးသူကို သတိရနေတယ်။

အဲ့ဒါ ...

အမှန်ပဲ ...

ဒါပေမဲ့ ...

လေးလေးသက်နှင့် ပတ်သက်နေတဲ့မိန်းကလေး ဖြစ်နေသည်။

ငါလိုလူမျိုးတောင် မင်းကိုစွဲလမ်းနေသေးတာပဲ ...

လေးလေးသက်က ... မင်းရဲ့မာယာတောမှာ ပိုပြီးနစ်မွန်းနေမှာပါ။

အသိတွေ ထိန်းချုပ်နေရသည်။

နွေးထွေးသူကို ... လမင်းသော်တာကနေ အဝေးဆုံးကို ထုတ်ရမယ်။

အကောင်းဆုံးက မင်းဘဝလှဖို့ပဲ ...

ကိုယ့်စေတနာပါ။

နွေးထွေးသူအပေါ် မုန်းတီးနာကြည်းမှုတွေ မရှိတော့ ...



www.burmeseclassic.com

www.burmeseclassic.com



သူ ... သနားကြင်နာခြင်းတွေပဲ ရှိလာရသည်။

ကုမ္ပဏီဖွင့်ပွဲနေ့ကစပြီး မင်းကို တမ်းတမ်းတတသတိရနေမိတာပါ။

ဒါပေမဲ့ ...

သူ ...

နွေးထွေးသူကို တခြားတစ်ယောက်နဲ့ မိတ်ဆက်ပေးလိုက်တာ ကောင်းပါတယ်။

မင်းဘဝပဲ ...

အိမ်ဖော်ကောင်မလေးတစ်ယောက်ဆိုတာ သိသွားရင် ... ပြဿနာတက်မယ် ထင်တယ်။

ဖြစ်ပါ့မလား ...

မင်းအစွမ်းအစ လိုတယ်။

လေးလေးသက်ကိုမြူဆွယ်နေမယ့်အစား မင်း တခြားတစ်ယောက်နဲ့လက်ထပ်နိုင်ဖို့ ကြိုးစားသင့်တယ်။

ညနေရုံးဆင်းတော့ သူ ... အိမ်ပဲပြန်လာခဲ့သည်။

နွေးထွေးသူကို ဘယ်လိုခေါ်ရမလဲ ...

ကိုဝေလွင်ကိုတွေ့သွားရင်တော့ သဘောကျသွားမှာပါ။

လေးလေးသက်ထက်ငယ်ပြီး ... အရာရာပြည့်စုံနေတဲ့ယောက်ျားပဲ ...

ငါက စေတနာနဲ့ပါ နွေးထွေးသူ ... မင်းအတွက်ပါ။

"ကောင်း ... "

"ဗျာ ... "

"ကောင်းပြန်လာတာ စောလှချည်လားကွ ... ဒါဆို ...





[illegible]းလေးသက်တို့ လက်ဆုံစားလို့ရပြီပေါ့"

လေးလေးသက်ကိုကြည့်လိုက်လျှင် ... အမြဲတမ်းရွှင်လန်း[illegible]က်ကြွနေသည်ဟု ထင်မိနေသည်။

နွေးထွေးသူနဲ့ အဆင်ပြေနေလို့လား။

မဖြစ်ဘူး။

ကိုဝေလွင်နဲ့ မိတ်ဆက်ပေးရမယ်။

ဒါမှ ...

လေးလေးသက်ကို ခွာမှာ ...

"ကောင်း ... "

"ဗျာ ... "

"ညနေစာစားနော်"

"ဟုတ်ကဲ့"

"နွေးထွေးသူလက်ရာပါကွ ... ကိုယ့်အိမ်ထဲမှာစားသောက်[illegible]တာက အပြင်မှာစားသောက်ရတာထက် နွေးထွေးမှုရှိနေတယ်[illegible]"

နွေးထွေးသူကြောင့် မဟုတ်လား။

အန်တီသူရှိစဉ်ကပင် လေးလေးသက် အိမ်ကပ်တာမရှိ။

အပြင်မှာ နည်းနည်းပါးပါးရှုပ်ပွေနေတတ်သည်တဲ့။

သူ ...

ဟန့်တားရမယ်။

အသက်ကြီးမှ ... လေးလေးသက်ဂုဏ်သိက္ခာတွေ မချို[illegible]စေလိုပေ ...



www.burmeseclassic.com

www.burmeseclassic.com



ပိုးမေက ဖုန်းဆက်သည်။

"ကိုကောင်း ..."

"ပြော ..."

"မနက်ဖြန်နော် ... ကိုဝေလွင်နဲ့ချိန်းထားပြီးပြီ ... သူ အရမ်းမျှော်နေတယ်၊ ကျေးဇူးတွေတင်လွန်းလို့ ညစာကျွေးမလို့တဲ့တယ်။ လေ ... ကိုကောင်း လိုက်စားပါလား"

"ကိုယ် ဒီမှာ လေးလေးသက်နဲ့ ညစာ အတူစားဖို့ချိန်းထား လို့ပါ"

"မနက်ဖြန် သေချာတယ်နော် ..."

"သေချာပါတယ်"

"ကိုဝေလွင် အရမ်းစိတ်တွေလှုပ်ရှားနေပြီး ... အူမြူးနေတယ်၊ နွေးထွေးသူကို ပြောထားပြီးပြီလားဟင်"

"အိုကေပဲ ..."

"ပြီးရော ..."

မနက်ဖြန် ရုံးပိတ်ရက် ...

ပိုးမေကတော့ ... နွေးထွေးသူကို တခြားတစ်ယောက်နှင့် လှော်ပေးနေသည်ဟုတော့ သူ ... ရိပ်စားမိနေသည်။

ဟုတ်တယ် ပိုးမေ ...

ငါစိတ်ဝင်စားတာက နွေးထွေးသူ ...

ဒါပေမဲ့ ...

နွေးထွေးသူက လေးလေးသက်နဲ့ပတ်သက်နေတာလားဆိုသည်။

ချစ်သူတွေလား။





မတွေးချင်ဘူး။

မင်းဟာ ဘာအထင်ကြီးစရာမှမရှိတဲ့ မိန်းမပဲ ...

လေးလေးသက်နဲ့တော့ လုံးဝအဖြစ်မခံနိုင်ဘူး။

မင်းကို တခြားတစ်ယောက်နဲ့နီးစပ်မှုရှိအောင် လုပ်ပေးရ

စိတ်တွေလှုပ်ရှားနေသည်။

ညစာမစားဘဲထွက်သွားရင် ကောင်းမလားဟု စဉ်းစားနေ

မဖြစ်သေးပါဘူး။

နွေးထွေးသူနဲ့ ရင်းနှီးမှုတော့ရယူရမယ်။

မနက်ဖြန်ခေါ်သွားဖို့လေ ...

"ကောင်းကော ..."

"ဗျာ လေးလေး ..."

"ညစာစားဖို့လေ ..."

"ဟုတ်ကဲ့ လေးလေး"

သူ ထွက်လာခဲ့သည်။

ညစာစားပွဲနားတွင် နွေးထွေးသူရှိနေ၏။

ကြီးမြ မရှိ ...

နေမကောင်းလို့တဲ့ ...

လိုအပ်တဲ့စားသောက်စရာတွေဖြည့်ပေးရန် အနားမှာရပ်

"နွေးလေး ..."

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတည်း ဝင်စားပါလား"

"ဟင့်အင်း ... ကျွန်မတစ်ယောက်တည်း စားတတ်လို့"

"ကိုယ့်ကိုယ့်ကိုယ် ... အိမ်ဖော်မလေးလို သဘောမထား နော်"

"ဟုတ်ကဲ့ ..."

သူ ... ဘယ်လိုဝင်ပြောမလဲဆိုတာ ကောင်းဆင့်ရဲ့ စဉ်းစား နေမိသည်။

နွေးထွေးသူနဲ့တော့ နည်းနည်းပါးပါးရင်းနှီးမှုယူရမယ်။

"နွေးထွေးသူရဲ့လက်ရာတွေက အရမ်းကောင်းတာပဲ ... တကယ့်ကို အဆင့်မြင့်တယ်"

နွေးထွေးသူနဲ့ရင်းနှီးမှုရအောင် ပြောလိုက်ခြင်းဖြစ်သည်။

"လေးလေးသက် ပြောသားပဲ ... အိမ်မှာစားရတာ အရ ပိုရှိပါတယ်လို့"

လေးလေးသက်က နွေးထွေးသူကိုမ်းပြီး ကောင်းနေ မဟုတ်လား။

ကောင်း စိတ်ထဲမှာမကျေနပ် ...

အသက်အရွယ်ကြီးမှ လေးလေးသက်ရဲ့ဂုဏ်သိက္ခာ ရဲ တော့မည်။

စိတ်ထဲမှာ သဘောမကျပေမယ့် ... နှုတ်ခမ်းတွေက ပြုံး ရသည်။

နွေးထွေးသူနဲ့နီးစပ်မှုရယူဖို့ ကြိုးစားနေရ၏။

မင်းရှေ့ရေးအတွက်ပါ နွေးထွေးသူရယ် ...

ညက ...





အိပ်လို့မရ ...

ဒီကောင်မလေးကိစ္စမှာ ဝင်မစွက်ဖက်သင့်ပေမယ့် ... လေးလေးသက်နဲ့ ဝေးအောင်တော့ လုပ်ပေးရမယ်။

ငါ ဝင်မရှုပ်ချင်ပါဘူး နွေးထွေးသူ ...

ဒါပေမဲ့ ...

လေးလေးသက်ရဲ့ဇနီးမယားအဖြစ် မင်းကိုမမြင်ချင်ဘူး။

ကိုဝေလွင်ဆိုတဲ့ လူတစ်ယောက်နှင့် နီးစပ်သွားရင်လည်း အေးတာပါပဲ ...

သူ ... စိတ်တွေ အတော်လေးလှုပ်ရှားသွားရသည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၄ )

သူ ...

နွေးထွေးသူကို အရောတဝင်နေသလိုပဲဟု ထင်မိနေသည်။

ဘာကြောင့်လဲ ...

နွေးထွေးသူနဲ့ပတ်သက်လာရင် ရှင့်မျက်ဝန်းတွေက အပြုံး တမ်းမာထန်တာပဲ မဟုတ်လား ...

ဒီည ...

ရှင် ဖော်ရွေနေသလိုပင် ...

ကျွန်မလက်ရာတွေကို ချီးမွမ်းခန်းဖွင့်နေပါလား။

"နွေးထွေးသူ ..."

"ရှင် ..."

"မနက်ဖြန်ညနေ ကိုယ်နဲ့ ညစာထွက်စားမယ်"

"ရှင် ..."

"လေးလေးသက် မသိပါစေနဲ့ ..."

"ဘာရှင့် ..."





"မင်းကျောင်းကို ကိုယ်လာကြိုမယ် ..."

"ရှင် ... သဘောကောင်းနေပါလား ..."

ရှင့်မှာ ... အကြောင်းတစ်ခုခုတော့ရှိနေမယ်ဆိုတာ ကျွန်မ သိတယ်။

ငြင်း၍မရ ...

သူ ... ထွက်သွားသည်။

"နွေးလေး ..."

"ဟင် ... ကြီးမြ ..."

"စောစောက မောင်ကောင်းဆင့်ရုံဘာပြောလဲ ..."

"ကျွန်မနဲ့ ညစာစားမလို့တဲ့ ..."

"ဟင် ..."

"ကြီးမြ ... နေကောင်းလား ..."

"အင်း ..."

"နွေးလေးအတွက် ဘာမှမပူပါနဲ့ ..."

"ကြီးမြ ပူတယ် ... ကျန်းမာရေးက သိပ်မကောင်းတော့၊ နွေးလေးအတွက် ကြီးမြပူတယ်လေ ..."

"မပူပါနဲ့ ... နွေးလေး အရာအားလုံးကို ရင်ဆိုင်ဖြေရှင်းနိုင်ပါတယ်"

ကြီးမြနားကနေ ထွက်လာခဲ့သည်။

အိပ်ရာပေါ် လှဲချလိုက်တယ်။

မျက်လုံးတွေ ကြောင်နေသည်။

ရှင် ...

ဘာသဘောလဲ ...



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ညစာတဲ့ ...

ညဥ့်နက်မှ အိပ်ပျော်သွားတော့သည်။

မနက်အစောကြီးထပြီး ပြင်ဆင်နေမိ၏။

စိတ်မောလိုက်တာ ...

ဖယ်ရီနှင့်သွားရမည်။

လေးလေးသက် မအား၍ သူမ ... ဖယ်ရီနှင့်သွားရခြင်းပင်။

အတွေးတွေက ကိုကောင်းဆင့်ရဲဆီပဲ ရောက်လာသည်။

သူ ...

ဘယ်တော့မှ နွေးထွေးသူကို အရောတဝင်လုပ်လေ့မရှိပေ။

လေးလေးသက်နဲ့ပတ်သက်ပြီး ရှင် တစ်ခုခုပြောမလို့လား။

ညနေကျောင်းဆင်းတော့ ... ကိုကောင်းဆင့်ရဲ လာကြိုနေသည်။

"ဟဲ့ ... နွေးလေး ... ဒီတစ်ခါလာကြိုတာ တစ်ယောက်ပဲလား၊ သက်တူရွယ်တူလုပ်စမ်းပါ"

သူမ ...

ဘာတစ်ခုမှ တုံ့ပြန်မှုမပေးခဲ့ ...

ပြောချင်တာပြော ...

"ဒီလူကမဆိုးဘူးနော် ... လူချောလူသန့်တစ်ယောက်ပဲ"

လူတွေကလည်း တစ်မျိုးပဲ ...

နွေးလေးကတော့ ကိုယ့်ဟာကိုယ် ဘယ်လိုဖြေရှင်းရင်ဆိုင်ရမှန်းပင် မသိတော့ ...

ကိုကောင်းဆင့်ရဲကရော သူမအား ဘာဖြစ်လို့ ညစာကျွေးချင်ရတာလဲ ...





ထူးဆန်းနေတယ်။

သူမကရော ဘာဖြစ်လို့လိုက်လျောနေရတာလဲ။

လေးလေးသက် လာကြိုတုန်းက သူမ စိတ်တွေညစ်နေမိသည်။

စိတ်တွေ လေးလံနေ၏။

သောကတွေ ရောက်နေရသည်။

အခု ...

ကိုကောင်းဆင့်ရဲလာကြိုတော့ ... စိတ်တွေ အရမ်းလှုပ်ရှားနေမိသည်။

ဟွန်း ...

ရှင်က ကျွန်မကို စေတနာမေတ္တာတွေနဲ့ ညစာလာကျွေးမှာမှ မဟုတ်တာ ...

လေးလေးသက်နဲ့မပတ်သက်ဖို့ ... လာပြောတာမဟုတ်လား။

နွေးလေး သိပါတယ်။

ဒါပေမဲ့ ...

ကျွန်မ ငြင်းဆန်ဖို့မေ့နေတယ်။

ရှင် ...

ကျွန်မကို နှိမ့်ချချင်တဲ့စိတ်တွေပဲရှိနေမှာပါ။

ကားကိုပဲ မောင်းနေသည်။

သူမကလည်း ဘာမှမပြောပေ ...

ငြိမ်သက်တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်ဆစ်ဆိုင်ရှေ့မှာ သူက ကားကိုရပ်၏။

"နွေးထွေးသူ ..."

"ဟင် ..."

"လာ ..."

သူ ...

စားသောက်ဆိုင်ထဲ ဝင်လာသည်။

မင်းအတွက်ပါ။

လေးလေးသက်လိုလူကြီးတစ်ယောက်နဲ့တွဲနေတာ မင်း ဂုဏ်သိက္ခာတွေ ပိုပြီးကျဆင်းစေပါတယ်။

ငါကတော့ မင်းအတွက်ပဲစီစဉ်ပေးတာပါ နွေးလေးရယ်။

အခန်းထဲဝင်လာသည်။

"ကိုကောင်း ..."

"ပိုးမေ ..."

ပိုးမေနှင့်ကိုဝေလွင်တို့ ထိုင်နေကြသည်။

"နွေးထွေးသူ ..."

"ရှင် ..."

"ဒါက ကိုယ့်အတွင်းရေးမှူးမလေး ပိုးမေပါ ..."

"ဟုတ်ကဲ့ ..."

သူ့အပြုအမူတွေအတွက် နွေးလေး နားမလည်နိုင်အောင် ဖြစ်ရသည်။

ဘာဖြစ်လို့ ဒီလူတွေနဲ့ မိတ်ဆက်ပေးနေရတာလဲ။

"နွေးထွေးသူ ..."



"ရှင် ..."

"ဒါ ... ကိုဝေလွင်တဲ့ ... နွေးထွေးသူနဲ့ မိတ်ဆွေဖြစ်ချင်လို့ လေ"

"ရှင် ..."

သူမ ...

သဘောပေါက်မိသည်။

ရှင် ...

ကျွန်မကို ... ဘာထင်နေလို့လဲ ...

လေးလေးသက်နဲ့ဝေးစေချင်လို့ ... ရှင် စီစဉ်တာမဟုတ်လား။

ဒေါသတွေ ပေါက်ကွဲလာမိသည်။

နွေးထွေးသူမှာ မာနတွေရှိပါတယ်နော် ကိုကောင်းဆင့်ရဲ၊

ရှင်က ကျွန်မကို အထင်သေးနေတာမဟုတ်လား ...

"ကိုဝေလွင် ... ဒါက နွေးထွေးသူလေ ..."

"တွေ့ရတာဝမ်းသာပါတယ် နွေးထွေးသူ ... ကိုယ်က ညှော်ခံပွဲမှာတွေ့တည်းက မင်းကို ခင်မင်ချင်နေတာပါ"

"ရှင် ..."

"နွေးထွေးသူက တကယ့်ကို ဆွဲဆောင်မှုရှိတဲ့မိန်းကလေး တစ်ယောက်ပါ"

ကျွန်မက သူများအိမ်က အစေအပါးပါ။

ကိုကောင်းဆင့်ရဲက ... လူတွေအထင်ကြီးအောင်လုပ်ပြီး ပထုတ်ချင်တာ မဟုတ်လား ...

"ကျွန်မက သူများအိမ်က အခိုင်းအစေတစ်ယောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ကျွန်မကို ပြန်ခွင့်ပြုပါတော့ ..."

"နွေးလေး ..."

သူမ ... ဆတ်ခနဲ ဘပြီးထွက်လာခဲ့မိသည်။

ဒေါသတွေနှင့် ပေါက်ကွဲချင်လာရ၏။

ရှင် ... ကျွန်မကို အထင်သေးတာပဲ ...

ချမ်းသာတဲ့ယောကျ်ားတစ်ယောက်ကိုမြင်တိုင်း ကျွန်မက ငမ်းငမ်းတက် ကြိုက်နှစ်သက်နေမယ်လို့ ရှင်ထင်လား။

ဆိုင်ထဲကထွက်ပြီး ကားလမ်းမပေါ် ရောက်လာခဲ့သည်။

ကားတစ်စီးက သူမအနားရပ်လာ၏။

"နွေးထွေးသူ ... ကားပေါ်တက်စမ်း ..."

"မတက်ဘူး ..."

"တက်နော် ... မတက်ရင် မင်းကို ကားပေါ်ဆွဲတင်ရလိမ့်မယ်"

သူမ ကားပေါ်တက်ထိုင်လိုက်သည်။

သူ ...

ကားကို အိမ်ပဲပြန်မောင်းလာခဲ့တော့သည်။

"မင်းဘယ်လိုလုပ်လိုက်တာလဲ နွေးထွေးသူ ... ငါ့မိတ်ဆွေတွေရှေ့မှာ မင်းအရှက်ခွဲတာလား ..."

"ကျွန်မကိုရော ရှင်ကဘာထင်နေလို့လဲ ... ကျွန်မကိုသူများအိမ်မှာကပ်နေရတယ်ဆိုပြီး အထင်မသေးပါနဲ့ ကိုကောင်းဆင့်ရဲ"

"ဘာ ..."

"ကျွန်မက ... ဟိုလူတွေ ဘာမှအထင်ကြီးစရာမရှိတဲ့ မိန်း





ကလေးတစ်ယောက်ပါ ... ဒါကို ကျွန်မ ဘယ်လောက်အထိ ဖုံးကွယ်ထားနိုင်မလဲ ..."

"မင်းဘဝအတွက်လေ ... ချစ်ရင် ဘာမဆိုခွင့်လွှတ်နိုင်တာပဲ နွေးထွေးသူ ..."

"အိမ်ဖော်မလေးတစ်ယောက်ကို ... ဘယ်သူက အလေးအနက်ထားမှာလဲ ... အပျော်ပဲ ကျွန်မကို ကြံစည်မှာပေါ့ ... ကိုကောင်းဆင့်ရဲ ..."

နွေးထွေးသူ မျက်နှာငယ်လေးက ... မာနတွေနှင့်တင်းနေသည်။

သူ ... ငေးကြောင်စွာ စိုက်ကြည့်မိသည်။

မင်းမှာ မာနရှိသားပဲ ...

"ကျွန်မ ... ဒီလောက်အထိ စိတ်ဓာတ်အောက်တန်းမကျဘူး ကိုကောင်းဆင့်ရဲ ... ရှင့်လေးလေးနဲ့ အနေနီးစပ်မှာစိုးလို့ ... တခြားသူနဲ့နီးစပ်မှုရှိအောင် ရှင်လုပ်တာပဲ ... ကျွန်မကို ဟင်းရွက်ဘန်စွန်းရွက်ထင်နေလား"

နွေးထွေးသူ ဒေါသတွေနှင့်ပေါက်ကွဲပစ်ချင်နေသည်။

လမင်းသော်တာမှာ မနေတော့ဘူး။

ကျွန်မအတွက် အမြဲတမ်းပူလောင်သောကတွေနဲ့ ရင်ဆိုင်နေရတယ်။

ရှင့်ရဲ့ အထင်သေးတဲ့မျက်ဝန်းတွေကို ကျွန်မအကြောက်ဆုံးပဲ ...

ကျွန်မကို အထင်မသေးပါနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို ရိုးသားစွာကြိုးစားနေတဲ့ မိန်းကလေးပါ။

"ကျွန်မ လမင်းသော်တာမှာ မနေတော့ဘူး"

"ဘာ ..."

"ကျွန်မ ဘယ်လိုပဲမျှော်လင့်ချက်ကြီးပါစေ ... ကျွန်မဂုဏ် သိက္ခာကိုတော့ လုံးဝအထိပါးမခံနိုင်ဘူး"

"နွေးထွေးသူ ... မင်း အဲဒီလိုတော့မဆုံးဖြတ်ပါနဲ့ ... ငါက စေတနာနဲ့ပါ၊ မင်းဘဝအတွက်ပါ"

"ဒီလူက ကျွန်မကိုအပျော်ကြံသွားမှာပဲ"

"နွေးထွေးသူ ..."

"ကျွန်မ ... ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ တစ်နေ့သိ စေရမယ်"

အိမ်ရောက်လာသည်။

သူမ ... ကြေကွဲဝမ်းနည်းလို့မဆုံးအောင် ဖြစ်ရ၏။

"နွေးထွေးသူ ... တူမလေးဘာဖြစ်လာတာလဲ ပြောစမ်း။ ကြီးမြကို ပြောစမ်းပါ"

"ကြီးမြ ..."

"ဟင် ..."

"နွေးလေးတို့ ဒီကနေပြောင်းရအောင်နော်"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဘာပဲဖြစ်ဖြစ် ... နွေးလေး ဒီကနေထွက်သွားချင်ပြီ ... လူတွေရဲ့ အထင်သေးအမြင်သေးတဲ့ဒီနေရာမှာ နွေးလေးမနေချင် တော့ပါဘူး ကြီးမြရယ် ..."





"နွေးလေး ..."

"ရှင် ..."

"နေရမှာပဲ ..."

"ကြီးမြ ..."

"သမီးလေးရဲ့ပညာရေးကြောင့်လေ ... ကိုယ်ကောင်းရင် ...င်းဘယ်မှမရွှေ့ဘူးတဲ့ ..."

"နွေးလေးမနေချင်တော့ဘူး ... ဒီကနေထွက်သွားရအောင် ...ကြီးမြရယ် ..."

နွေးလေး ... မနေချင်တော့လောက်အောင်ဖြစ်နေသည်။

ဘာကိုမှ မက်မောတွယ်တာမနေချင်တော့ပါဘူး။

ရှင် ...

ကျွန်မကို အထင်သေးတာပဲ ...

လေးလေးသက်နှင့် ... ကျွန်မကို အထင်လွဲနေတာမဟုတ် ...ဘူး။

"ဒီမှာဆက်နေရင် လေးလေးသက်က ကျွန်မကိုအရေးတယူ ...ုတ်လုပ်နေရင် ကျွန်မသိက္ခာကျတယ် ကြီးမြ ..."

"ဒါပေါ့ ... ဒါပေါ့ နွေးလေး ... တူမလေးဘက်က ကိုယ်ကျင့် ...ရေးထိန်းသိမ်းဖို့ပဲ လိုတာပါ"

ကြီးမြကတော့ နွေးလေးပညာရေးအတွက်ပဲ စဉ်းစားနေ ...ပါသည်။

စာတော်တဲ့ကလေး ...

မျှော်လင့်ချက်တွေ ကြီးမားတဲ့ကလေးမှ ... ဖြစ်ရတယ်လို့။

"သမီးပညာရေးအတွက်တော့ ... ထည့်စဉ်းစားရမယ်လေ



www.burmeseclassic.com

www.burmeseclassic.com



နွေးလေး … ပြောချင်တာပြောပါစေ … ကိုယ့်ဘက်က မနေဖို့ဘဲ လိုအပ်တာပါ။ ကြီးမြတ်တို့မှာ မိုခိုစရာမှမရှိတာဘဲ”

“ကြီးမြ … ”

“ပြော … ”

“ဘာကိုမှ မျှော်လင့်မနေချင်တော့ဘူး၊ ကံကြမ္မာကပေးတဲ့ အတိုင်းပဲနေကြမယ်၊ အကောင်းဆုံးကို နွေးလေးတို့က ရွေးချယ်လို့ မရဘူးလေ”

“နွေးလေး … ”

“ရှင် … ”

“ကြီးမြတ်တို့ ဒီမှာပဲဆက်နေကြမယ်”

အသက်အရွယ်ကြီးရင့်နေတဲ့ ကြီးမြကိုလည်း ဒီကနေ ခေါ် ထုတ်မသွားချင်ပါဘူး။

နွေးလေး ဘာဆက်လုပ်ရမှာလဲ …

ဒီကနေ ထွက်သွားရင်ကောင်းမလား။

“နွေးလေး … ”

“ရှင် … ”

“ကြီးမြကိုထားခဲ့ပြီး ဘယ်မှထွက်မသွားပါနဲ့နော် … ”

ကြီးမြက သူ့မလက်တွေကို ဆုပ်ကိုင်လျက် …

ကြီးမြကို မထားခဲ့နိုင်ပါဘူး။

ဒီကနေထွက်သွားလိုက်ချင်တဲ့စိတ်တွေက ပြင်းပြနေမိ၏

❀❀❀





အခန်း ( ၁၅ )

နွေးထွေးသူ …

ကိုယ် မှားသွားတယ်။

မင်းကို … ဒီလောက်အထိမစော်ကားသင့်ဘူး ထင်တာပဲ။

လေးလေးသက်က မှားယွင်းနေမှုကို … မင်းအပေါ်ပုံမချ သင့်ပါဘူး။

တကယ်ဆို …

မင်းက အားကိုးအားထားစရာမှ မရှိသေးတာဘဲ … ရိုးသား အလုပ်လုပ်ပြီးနေရတာပဲ …

ကိုယ် နားလည်သင့်တယ်။

မင်းကို နားလည်သင့်ပါတယ်။

လေးလေးသက်ကိုပဲ တားဆီးသင့်တယ်။

ဟုတ်တယ် … ကိုယ် မတရားတာဘဲ …

မင်းအပေါ် နည်းနည်းမှကိုယ်ချင်းစာတရား မရှိဘူး။

သူ … နောင်တတွေရနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးသူမှာ နေစရာမရှိ၍ နေရတာပဲဟာ ...

လေးလေးသက်ကို မလွှဲမရှောင်သာပတ်သက်နေရတာပဲ နေမှာပါ။

နွေးထွေးသူအကြောင်းတွေစဉ်းစားပြီး သူ စိတ်ထိခိုက်နေသည်။

မှီခိုအားထားရာမဲ့နေတဲ့ မိန်းကလေးတစ်ယောက်ကို ... အထင်သေးစွာဖြင့် ပြောဆိုဝေဖန်မိသွား၏။

ဒါ ... မဖြစ်သင့်တာဘဲ ...

လူကြီးလူကောင်းမဆန်သလို ဖြစ်သွားခဲ့ရသည်။

နွေးထွေးသူ ...

မင်းအတွက်ပါ ...

လေးလေးသက်လို လူကြီးတစ်ယောက်နဲ့ နာမည်အပျက်ခံ မယ့်အစား ကိုဝေလွင်နဲ့ဆိုရင် မင်းဘဝ ပိုပြီးတင့်တယ်မယ်ထင်လို့ ပါကွာ ...

နွေးထွေးသူကို မမုန်းတော့ ...

စိတ်ပူလာရသည်။

ဒီကနေထွက်သွားရင် ...

မဖြစ်ဘူး။ တားဆီးရမှာပဲ ...

နွေးထွေးသူဘဝလေး ... ဆောက်တည်ရာမဲ့ဖြစ်သွားမယ် အောက်ထပ်ဆင်းလာခဲ့သည်။

"ကိုကောင်း ..."

"ဟင် ... ပိုးမေ ..."





ဒီနေ့ပိတ်ရက်ကို ပိုးမေ ဘာလာလုပ်တာလဲ ...

ဧည့်ခန်းမှာ ထိုင်မိသည်။

"ကိုကောင်း ..."

"ဟင် ..."

"နွေးထွေးသူက ကိုကောင်းတို့အိမ်က အိမ်ဖော်ကောင် မလေးလား ..."

"ဟုတ်တယ် ပိုးမေ ..."

"ထင်တောင်မထင်ရဘူးနော် ... ကိုဝေလွင်က အစွဲကြီးစွဲ နေပြီ"

"ဟင် ..."

သူ ... အထိတ်တလန့်ဖြစ်သွားမိသည်။

ဝေလွင်က နွေးထွေးသူကို အတည်ကြိုတာတော့ မဖြစ်နိုင် ပေ ...

စိတ်ပူသွားမိသည်။

"နွေးထွေးသူက မာနကြီးတယ်"

"ဟင် ..."

"ကိုဝေလွင့်ကို အားနာစရာကောင်းတယ် ပိုးမေ ... မဆက် သွယ်ပေးတာ အကောင်းဆုံးပဲ"

ဟွန်း ... သူကဘာမို့လို့လဲ ...

ကြီးကျယ်နေလိုက်တာ ...

နွေးထွေးသူရဲ့အလှတွေကို ပိုးမေ မနာလိုဝန်တိုဖြစ်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုကောင်းနှင့် နီစပ်သွားမှာစိုးမိ၏။

"ကိုဝေလွင်က ... အပြတ်ခိုက်နေတာနော် ကိုကောင်း ... ပိုးမေကို စုံစမ်းခိုင်းနေတယ်၊ သူ အတည်လက်ထပ်မှာတဲ့"

မဖြစ်ဘူး။

နွေးထွေးသူကို သူ စိတ်မချဘူး။

"မေ့ထားလိုက်စမ်းပါ ပိုးမေ ... နွေးထွေးသူက မာနအရမ်းကြီးတယ်၊ ကိုယ်တို့ကိစ္စ မဟုတ်ပါဘူး"

"ကိုဝေလွင်က အကြီးအကျယ်စွဲလမ်းနေတာပဲ ကိုကောင်း မရမကလိုက်မှာနော် ... မိတ်ဆက်ပေးလိုက်စမ်းပါ၊ နွေးထွေးသူက အိုင်တင်ခံနေတာဖြစ်နိုင်တယ်"

"နွေးထွေးသူက မရဘူး ... သူ့ကို အထင်သေးတယ်ဆိုပြီး အရမ်းစိတ်ဆိုးနေတယ်"

"ကိုကောင်း ..."

"ဟင် ..."

"ကိုကောင်းက ဒီကောင်မလေးအတွက် ကာကွယ်နေတာလား"

"ပိုးမေ ... မင်း ဘာတွေလာပြောနေတာလဲ ... ဒုက္ခပဲ ကွာ ... ဒီကောင်မလေးကိစ္စ အရေးမပါပါဘူး"

ကြီးမြက ကော်ဖီနဲ့မုန့်တွေ လာပြီးချပေးသည်။

"အဒေါ်ကြီး ..."





"နွေးထွေးသူဆိုတာရော ..."

"ရှိပါတယ် ..."

"သူ့မိတ်ဆွေရောက်နေတယ်လို့ ပြောပေးပါ ... ပိုးမေ ခဏလေးတွေ့ချင်လို့"

"အေးကွယ် ..."

ဒေါ်မြ ... အထဲပြန်ဝင်လာပြီး တူမလေးကိုပြောမိသည်။

"မပိုးမေထင်တယ် ... မတွေ့ချင်ဘူး ကြီးမြ ... ကျွန်မခေါင်းကိုက်နေလို့ပါလို့ ... သွားပြောပေးပါ"

"တွေ့လိုက်ပါ သမီးလေးရယ် ... အားနာစရာကြီး ..."

"ဟင့်အင်း ..."

နွေးထွေးသူကို အထင်သေးတဲ့ဟာတွေဟု ထင်မိသည်။

မတွေ့ချင်ပါဘူး။

ရှင်တို့နှစ်ယောက် ကျွန်မကိုဒုက္ခပေးဖို့ ပူးပေါင်းကြံစည်နေတာ မဟုတ်လား။

"နွေးလေး ..."

"ကြီးမြ ..."

"အားနာစရာကြီးသမီးရယ် ... သွားတွေ့လိုက်ပါ ... ကလေးသက်ရဲ့မျက်နှာက ရှိသေးတယ်မဟုတ်လား"

သူမ ... ကြီးမြစိတ်မကောင်းဖြစ်နေမှာစိုး၍ ထွက်လာခဲ့မိသည်။

"နွေးထွေးသူ ..."



www.burmeseclassic.com

www.burmeseclassic.com



"မပိုးမေ ..."

"ထိုင်ပါဦး ..."

နွေးထွေးသူက တော်တော်ချောမောလှပတဲ့မိန်းကလေ
တစ်ယောက်ဟု ထင်မိသည်။

ကိုကောင်းကော စွဲလမ်းနေတာလား။

"ဟိုနေ့က ... ယူ ... ကိုဝေလွင့်ကို အမှန်တွေပြောရ
တော့ ကိုဝေလွင်က ယူ့ကို အရမ်းအထင်ကြီးနေတယ်"

"ရှင် ..."

"အမှန်ကို ဝန်ခံရဲတဲ့မိန်းမတစ်ယောက်အဖြစ် ... လေး
တယ်တဲ့ ... ယူနဲ့ထပ်ပြီးဆုံဖို့ တောင်းဆိုနေတယ်လေ"

"ကျွန်မ ကျောင်းစာတွေကလွဲပြီး ဘာမှစိတ်မဝင်စားပါ
ကျွန်မဘဝကို ကျွန်မနားလည်းအလည်ဆုံးပါ မပိုးမေ ... ဘယ်
မှ မပတ်သက်ချင်ပါဘူး"

သူမ ထသွားသည်။ သူကတော့ ... နွေးထွေးသူအထင်
မှာကို စိုးရိမ်နေမိ၏။

ပူးပေါင်းကြံစည်တာဟု နွေးထွေးသူထင်သွားမှာ စိုးမိသ

"ကိုကောင်းအလုပ်သမားက အလာကြီးပါလား ...
အထင်ကြီးအောင် လုပ်နေတာထင်တယ်"

ပိုးမေ မကျေမနပ်နှင့်ပြောနေမိသည်။

နွေးထွေးသူ ...

ညည်း သိပ်ကြီးကျယ်မနေနဲ့ ...

နွေးထွေးသူ ချောမောလှပနေတာကို ပိုးမေ မုန်းတီးနေမိ
သည်။

ကိုကောင်းကို ... ပိုးမေ နှစ်သက်နေမိ၏။

ဘာမှပြောစရာ အပြစ်မရှိအောင် ဖြူစင်နေတဲ့ ယောက်ျား
တစ်ယောက်ပဲ ...

ခန့်ညားတည်ကြည်တဲ့ ကိုကောင်းအပေါ် ... ပိုးမေ မျှော်
လင့်ချက်တွေ ထားနေမိသည်။

"ပိုးမေ ..."

"ဟင် ..."

"ကိုယ် အနားယူချင်တယ်"

ပိုးမေရှိနေတာကို သူ ... စိတ်မသက်မသာဖြစ်မိသည်။

"ပိုးမေကို မောင်းထုတ်နေတာလား ကိုကောင်း"

"မဟုတ်ပါဘူး ... ကိုယ် ... တကယ်ပဲအနားယူချင်လို့ပါ။
နားတဲ့ရက်မှာ ကိုယ် ဧည့်သည်တွေမတွေ့တတ်ဘူးလေ"

"ပြန်ပါ့မယ်နော် ..."

သူမ ထသည်။

နွေးထွေးသူက သူ့ကိုတစ်မျိုးထင်မှာ မလိုလားမိပေ ...

"ကိုကောင်း ..."

"ဟင် ..."

"နွေးထွေးသူဆိုတဲ့မိန်းကလေးကို ရှင် ... ဒီမှာဆက်ထားရင်
တော့ ငါးပါးတင်မက မှောက်မယ်နော် ..."

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပိုးမေ ထသွားသည်။

နွေးထွေးသူကို အားနာနေမိသည်။

ကိုဝေလွင်လိုလူမျိုးနှင့် ကင်းအောင်နေနိုင်တယ်ဆိုတော့ နွေးထွေးသူကို အထင်သေးလို့မရပေ ...

နွေးထွေးသူကို ဒီမှာပဲနေဖို့ ... အားမငယ်ဖို့ အားပေးစကားတွေပြောချင်သည်။

မီးဖိုခန်းထဲ ဝင်လာ၏။

ကြီးမြကို တွေ့ရသည်။

"ကောင်း ... မင်းဘာလိုချင်လို့လဲ ပြောလေ ... ဘာစားချင်လို့လဲ"

နွေးထွေးသူရောဟုမေးဖို့အတွက် သူ ဝန်လေးနေမိသည်။

နှုတ်ခမ်းတွေက ဟာမရ ... စေ့ကပ်နေသည်။

"ကြီးမြ ..."

"ဟင် ..."

"နေကောင်းရဲ့လား ... ကျွန်တော် အလုပ်တွေများနေလို့ ကြီးမြ ကျန်းမာရေးကိုတောင် မမေးရဘူး"

နွေးထွေးသူအကြောင်းမပြောရဲ၍ ကြီးမြအကြောင်းပဲမေးရသည်။

"ကြီးမြ နည်းနည်းတော့ဖောက်ချင်တယ်ကွယ် ... အသက်ကကြီးပြီပဲမဟုတ်လား ... ကောင်း ဘာစားမလဲ ... ကြီးမြ လုပ်ပေးမယ်လေ ..."





"ကော်ဖီတစ်ခွက်လောက်ပဲ လိုချင်တာပါ ကြီးမြ"

နွေးထွေးသူ ...

မင်းဖျော်တဲ့ကော်ဖီလက်ရာကိုပဲ ကိုယ်သောက်ချင်တာပါ။

သူ ... နွေးလေးကို တမ်းတနေမိသည်။

မင်းသိရဲ့လား ...

ကိုယ်က ... မင်းအတွက်စိတ်ပူနေမိတာပါ နွေးလေးရယ်။

မင်းကိုတွေ့ချင်လို့ ငါလာတာပါ။

ပေါ်တင်ပြောရမှာလည်း ပန့်သလးနေမိ၏။

ကြီးမြက ကော်ဖီဖျော်ပေးသည်။

ပြောစရာမကျန်တော့၍ ကောင်းဆင့်ရဲ့ ပြန်၍ထွက်လာခဲ့တော့၏။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၆)

"နွေးလေး ..."

"ရှင် ..."

"ကျောင်းသွားဖို့ ..."

"ကျွန်မ ဖယ်ရီနဲ့သွားတော့မယ် လေးလေးသက် ..."

သူမ ...

ပြတ်သားစွာ ငြင်းမိသည်။

ဂုဏ်သိက္ခာကိုမဲ့စေတဲ့အပြုအမူတွေကို ရှောင်ရှားရန်ဖြစ်၏။

လေးလေးသက်ရဲ့အရေးပေးနေမှုတွေကို စိတ်ပျက်လာမိသည်။

"လမ်းကြိုနေတာပဲ နွေးလေး ... လေးလေးသက်က ခြိမ်းနေလို့ အမြဲသွားနေတာပဲဟာ"

လေးလေးသက်က ... နွေးလေးကို အပို့အကြိုလုပ်ချင်လို့ ခြံဝယ်လိုက်တာမဟုတ်လား ...

နွေးလေးဘက်က စဉ်းစားပါဦး ...





လေးလေးသက်ကားနဲ့သွားနေတာ ပတ်ဝန်းကျင်က ဘာထင်လဲ ...

နွေးလေး ... ထွက်ပြေးချင်နေပြီ။

ကြီးမြကြောင့်ပါ။

"ပတ်ဝန်းကျင်က နွေးလေးကို အရှမ်းဝေဖန်ကြတာပဲ ... နွေးလေး ဖယ်ရီနဲ့ပဲ သွားပါရစေနော်"

လေးလေးသက်က သူမအား တရားဝင်ဘာမှမပြောသေးပေ ...

စိတ်ဝင်စားဟန်ပြပေမယ့်လည်း လုံးဝတည်ငြိမ်နေသည်။

နွေးလေး ဘယ်လိုငြင်းဆန်ရမလဲ ...

ကိုကောင်းဆင့်ရဲ့ကိုယ်တိုင်က အထင်သေးနေတာမဟုတ်လား။

"ကျွန်မကိုမကြိုပါနဲ့ လေးလေးသက် ... နွေးလေး တောင်းပန်ပါတယ်၊ လာမကြိုပါနဲ့နော်"

နွေးလေး ... ပြောလိုက်မိသည်။

မတတ်နိုင်တော့ဘူး။

ကိုယ်ကျင့်တရားကိုတော့ နည်းနည်းမှအထိပါးမခံနိုင်ပေ။

အပြင်ထွက်လာခဲ့သည်။

ဦးကောင်းဆင့်ရဲ့ ...

ရှင် ... ကျွန်မကိုအထင်မသေးပါနဲ့ ...

ကျွန်မ ...

ဘယ်တော့မှ ကိုယ်ကျင့်တရားပျက်ပြားတဲ့အလုပ် မလုပ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရီကားနှင့် လိုက်လာခဲ့သည်။

"ဟယ် ... နွေးလေး ... နင့်အဖိုးကြီး လိုက်မပို့ဘူးလား"

သူမ ...

တုံ့ပြန်မပြောမိ ...

ပြောပါစေ ...

စပယ်က ဒီလိုပဲ ...

လူတစ်ဖက်သားကို မှိုချိုးမျှစ်ချိုးပြောရမှ ကျေနပ်သူ ...

"နွေးလေး ... "

"ဟင် ... "

"ဟိုလူကြီးကားနဲ့ မစီးတာကောင်းတယ်"

သူငယ်ချင်းချစ်ချစ်က အနားကပ်ပြီး တိုးတိုးလေးပြောသည်။

"လေးလေးသက်နဲ့ငါက ရိုးရိုးသားသားပါ"

"ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်ကရှိတယ်လေ ... "

"အင်းပါ ... "

"နွေးလေး ... "

"ပြော ... "

"ဦးဇောသက်ရဲ့တူဆိုတာရော ... "

"စပ်စုလိုက်ကြတာဟာ ... "

"နင့်ကို ပတ်ဝန်းကျင်က အမျိုးမျိုးပြောနေလို့"

"ငါ ဂရုမစိုက်ဘူးဟာ ... "

"ဟိုလူက ခန့်ချောကြီးဆို ... "

"မသိပါဘူး"





"နင် ... စိတ်မဝင်စားဘူးလား ... "

"ဝေးသေးတယ် ... ငါ ပညာရေးကလွဲပြီး ဘာမှစိတ်မဝင်စားဘူး"

"နင့်စိတ်ဓာတ်ကို ယုံကြည်ပါတယ်ဟာ၊ နင်က တည်ကြည်တယ်၊ ကိုယ်ကျင့်တရားကောင်းတယ်၊ နင် အရမ်းချောတော့ တစ်ဖက်လူတွေက စိတ်ဝင်စားတယ်၊ ငါသိပါတယ်"

ချစ်ချစ်ကတော့ နွေးလေးအကြောင်း သိထားပြီးသားဖြစ်သည်။

လေးလေးသက်ကားနဲ့ မလိုက်တာ စိတ်ပေါ့ပါးလိုက်တာ။

"ကျွဲ ... "

"ဟင် ... "

"ဟာ ... "

ကားက ... လမ်းတစ်ဝက်အရောက်တွင် ပျက်သွားတော့သည်။

ဒုက္ခပါပဲ ...

"ကားပြောင်းစီးကြပါ ... ကားက ဘယ်လိုမှမရတော့ဘူး၊ ကျောင်းသားတွေ ညနေလည်း လာကြိုနိုင်မှာမဟုတ်ဘူး၊ ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားကြပါနော်"

"ဒုက္ခပါပဲဟာ ... "

သူမတို့ လမ်းတစ်ဝက်မှာရပ်ပြီး ကျောင်းကိုရောက်အောင် သွားဖို့ စီစဉ်နေကြသည်။

"နွေးလေး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"စပယ်က နင့်ကိုမကျေနပ်ဘူးထင်တယ်ဟာ ..."

သူမ ...

ပခုံးကို တွန့်မိသည်။

မကျေနပ်လည်း မတတ်နိုင်ဘူးလေ ...

နွေးလေး ဘာမှမလုပ် ...

အေးစက်စက်ပဲ နေလိုက်သည်။

ကျောင်းသားတွေက ... ကိုယ့်အစီအစဉ်နဲ့ကိုယ် ကျောင်းရောက်ရန် စဉ်းစားနေကြရ၏။

"ကျွဲ ..."

"ဟင် ..."

ကားတစ်စီးက သူမတို့အနား ကပ်လာရပ်သည်။

လေးလေးသက်ရဲ့ကား ဖြစ်နေ၏။

"နွေးလေး ... ကားပျက်လို့လား ... တက်လေ ... သူငယ်ချင်းတွေရော အားလုံးတက်ကြပါ ... လေးလေးလိုက်ပို့ပေးပါ့မယ်"

မတတ်နိုင် ...

ငြင်းပြန်ရင်လည်း သူငယ်ချင်းတွေရှေ့မှာ လေးလေးသက် ဂုဏ်သိက္ခာမဲ့မှာ စိုးရိမ်မိသည်။

"တက်ကြလေ ..."

"နွေးလေး ... တို့လည်းလိုက်မယ်"

စပယ်က ကားပေါ်တက်လာသည်။

စပ်စုချင်လို့ရယ် ... TAXI မငှားချင်တာရယ်ကြောင့်ဖြစ်၏။





မှန်းလိုက်တာ ...

နွေးလေး ငြိမ်သက်နေလိုက်သည်။

လေးလေးသက်နှင့် သူမအခြေအနေကို နောက်ကနေစပ်စုနေမှာပဲ ...

စပ်စုပါစေ ...

နွေးလေး မဟုတ်တာဘာမှမလုပ် ...

ရှင်းပြနေစရာလည်း မလိုဟုထင်မိသည်။

ကျောင်းရောက်သွား၏။

"ကျေးဇူးပါပဲ လေးလေးသက် ..."

"ကျောင်းကားပျက်နေလား ..."

"အင်း ..."

"ညနေလာကြိုမယ်"

လေးလေးသက် ကားမောင်းပြီးထွက်သွားတော့သည်။

နွေးလေး စိတ်မောစွာကျန်ခဲ့၏။

မတတ်နိုင် ...

ညနေ ...

လေးလေးသက်ကားနဲ့ ပြန်ရမယ်။

"နွေးလေး ..."

"ဟင် ..."

"စပယ် အမြဲစပ်စုနေတာနော်"

"လူတွေဘယ်လိုပဲထင်ထင် ... ငါကတော့ ဂရုမစိုက်ဘူးချစ် ... နင် စဉ်စားကြည့်လေ ... ငါက လေးလေးသက်အိမ်မှာနေရတာ ... ငါ့ကို ... ဘာမှစော်ကားမော်ကားမလုပ်ပါဘဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



လေးလေးသက်ကို မယုံမကြည်တော့ မလုပ်သင့်ပါဘူးလို့ ထင်တယ်"

"ဟုတ်ပါတယ် ... နှင့်ကို ငါနားလည်ပါတယ်၊ ယုံကြည်ပါတယ်၊ ဒါပေမဲ့ ... မပတ်သက်တာအကောင်းဆုံးပဲ"

"အင်းပါ ... "

ချစ်ချစ်ကတော့ နွေးလေးအပေါ် စေတနာထားသူပင် ... ရင်ထဲမှာ လေးလံနေသည်။

ကားကလည်း ပျက်ရတယ်လို့ ...

နွေးလေးရဲ့ကံကြမ္မာပဲ ဖြစ်နေသည်။

လေးလေးသက်နဲ့ကို လာပြီးဆုံနေရ၏။

ကျွန်မ ... ရှောင်တာပဲ ...

လာပြီး တိုက်ဆိုင်ရတယ်လေ။

ညနေ ... ကျွန်မနဲ့လေးလေးသက် ကားအတူတူစီးပြီး ပြန်လာရင် ... ရှင် တစ်မျိုးထင်ဦးမှာပဲမဟုတ်လား ...

ထင်လေ ...

ရှင် ...

ကျွန်မကို ဘယ်လောက်အထိအထင်သေးမလဲ ...

လေးလေးသက်ကို ကျွန်မမြူဆွယ်နေတယ်လို့ ရှင်ထင်နေတာမဟုတ်လား။

"နွေးလေး ... "

"ဟင် ... "

"နင့်မှာ ပြဿနာရှိလား"

"ဟင့်အင်း ... "





"နင် မှိုင်နေလို့ ... အရင်က လုံးဝတက်ကြွနေတာပါ"

"ငါ ... လေးလေးသက်ကိုရှောင်ဖို့မလွယ်ဘူး ချစ်ချစ် ... ဒါတဝကို ငါအရှမ်းမုန်းတာပဲဟာ"

"နွေးလေးရယ် ... "

"ဒီအိမ်ကြီးမှာ ငါမနေလို့မရဘူး၊ ကြီးမြကအသက်ကြီးနေပြီ၊ ငါ့ပညာရေးအတွက် ... ကြီးမြက ဒီကနေထွက်သွားခွင့်မပြုဘူး"

ကျွန်မကို ဘာဖြစ်လို့နားမလည်ရတာလဲ ကိုကောင်းဆင့်ရဲ့၊ ပြောစမ်းပါ။ ကျွန်မကို တခြားတစ်ယောက်နဲ့နီးစပ်သွားစေချင်တာ မဟုတ်လား ...

ကိုဝေလွှင်ဆိုတဲ့ လူကရော ...

ကျွန်မလို ... အိမ်ဖော်အဆင့်သာသာရှိတဲ့ မိန်းကလေးတစ်ယောက်ကို အတည်ကြံစည်ပါ့မလားဟင် ...

စိတ်ပျက်လိုက်တာ ...

နွေးလေးစိတ်ထဲမှာ ... ကိုကောင်းဆင့်ရဲ့နှင့်ပတ်သက်ပြီး အလေးအနက်အထားဆုံးပါပဲ ...

ညနေကျောင်းဆင်းတော့လည်း လေးလေးသက်ကစောင့်နေသည်။

သူမ ... ကားပေါ်တက်လိုက်လာခဲ့ရ၏။

"နွေးလေး ... "

"ရှင် ... "

"လေးလေးသက်တို့ တစ်ခုခုဆင်းစားရအောင်"

"ဟင့်အင်း ... မစားတော့ပါဘူး လေးလေးသက် ... ကြီးမြ



www.burmeseclassic.com

www.burmeseclassic.com



သိပ်နေမကောင်းလို့ အိမ်ပဲပြန်ပါရစေနော်”

ဦးစောသက်ကတော့ နွေးလေးအပေါ် ချစ်ခင်နှစ်သက်တဲ့ စိတ်တွေ မရိုးသားတဲ့စိတ်တွေမမွေးဖို့ ကြိုးစားနေရသည်။

ခက်နေတာက ...

နွေးလေးနဲ့နေရတာကိုက ပျော်ရွှင်ချမ်းမြေ့စရာကောင်းနေသည်။

အသက်ရှည်ဆေးပါပဲ ...

နွေးလေး ...

မင်းဘဝကို လေးလေးမဖျက်ဆီးပါဘူးကွာ ...

“နွေးလေး ... ”

“ရှင် ... ”

“ပတ်ဝန်းကျင်ကပြောတာတွေ ဘာဖြစ်လို့ဂရုစိုက်နေရတာလဲ ... လေးလေးသက်နဲ့နွေးလေးက တစ်အိမ်တည်းနေတာပဲလေ မရိုးသားလည်း ဘာမှမရှိတာ ... ”

မင်းက ချစ်စရာကောင်းလောက်အောင် ချောမောနေတာပဲ နွေးလေး ...

လေးလေးသက် ဘာဖြစ်လို့များ ဒီအရွယ်ကျမှ လာတွေ့ရတာလဲကွာ ... ပြီးတော့ ...

မှာနတွေနှင့်ရိုးသားဖြူစင်တဲ့မိန်းကလေး ဖြစ်နေသည်။

“လေးလေးသက်အနေနဲ့ နွေးလေးကို စောင့်ရှောက်နေတာပါကွာ”

ပတ်ဝန်းကျင်က ဘာတွေပဲပြောပြော ... ဂရုမစိုက်ဘဲ ကိုကောင်းဆင့်ရဲ့ အထင်လွဲနေတာကိုတော့ မလိုလားနိုင်အောင်ဖြစ်နေရတယ် လေးလေးသက်ရယ် ...

ဘယ်လောက်ပဲရိုးသားပါစေ မသင့်တော်ပါဘူးလေ။

လေးလေးသက်ကို မယုံမကြည်လုပ်ရမှာ ... အားနာနေမိသည်။

“နွေးလေး ... ”

“ရှင် ... ”

“လေးလေးတို့ တစ်ခုခုဆင်းစားရအောင်နော်”

ဒုက္ခပါပဲနော် ...

ကျွန်မ သေချင်လိုက်တာ ...

လေးလေးသက်က ဗွတ်အတွင်းပင် ကားကိုရပ်သည်။

နွေးလေး ငြင်းလိုက်ရမလား ...

“အလိုက်အထိုက်တော့ဆက်ဆံလိုက်ပါ သမီးရယ် ... သူက မဖွယ်မရာလုပ်ရင်တော့ တစ်မျိုးပေါ့”

ကြီးမြကပြောထား၍ သူမ အားနာစွာဖြင့် စားသောက်ဆိုင်မှာ ထိုင်ရသည်။

တော်ပါသေးရဲ့ ...

ချောင်ထဲကစားပွဲလေး ဖြစ်နေလို့ ...

“နွေးလေး ... လေးလေးကို ဘာလို့ကြောက်နေရတာလဲ”

“ပတ်ဝန်းကျင်က ဝေဖန်ပြောဆိုမှာကြောက်လို့ပါ။ ဟို ... ဟို ... လေးလေးသက်ရဲ့ ကိုယ်ကျင့်တရားတွေကို ယုံကြည်ပါတယ်နော် ... ဒါပေမဲ့ ... နွေးလေးဂုဏ်သိက္ခာအတွက် လေးလေးနဲ့ ဒီလိုသွားလာနေတာတွေ မသင့်တော်ဘူးလို့ထင်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



နွေးလေး မပြောလို့မဖြစ်၍ ပြောလိုက်ရသည်။

လေးလေးသက်ရဲ့အကြည့်တွေက စူးစိုက်လွန်းနေ၏။

နာမည်ပျက်ရှိနေတဲ့လေးလေးသက်ကိုတော့ အတတ်နိုင်ဆုံး ကင်းအောင်နေရမည်ဖြစ်သည်။

"နွေးလေး ..."

"ရှင် ..."

"ကဲပါကွာ ... နွေးလေးမကြိုက်တာကို လေးလေးသက် ဘယ်တော့မှမလုပ်တော့ပါဘူး၊ ဒီတစ်ခါပဲ လေးလေးနဲ့ ပျော်ပျော်ပါးပါး စားပါနော်"

"အင်း ..."

သူမ စိတ်သက်သာရာရသွားသလို ညစာကိုစားမိသည်။

လေးလေးသက်ဆန္ဒတွေကို နောက်ဆုံးအကြိမ်လိုက်လျောပေးခဲ့မိ၏။

နည်းနည်းမှောင်သွားသည်။

လေးလေးသက်နှင့်သူမ ပြန်အထွက်တွင် ကိုကောင်းဆင့်ရဲ့နှင့် တိုးသွားခဲ့၏။

မျက်လုံးချင်းဆုံမိစဉ် ... သူ့မျက်ဝန်းအကြည့်တွေက ... တင်းမာခက်ထန်နေသည်။

❀❀❀





အခန်း ( ၁၇ )

နွေးထွေးသူ့အပေါ် ပြောင်းလဲသောခွင့်လွှတ်စိတ်တွေက ဘယ်ပျောက်သွားမှန်းမသိအောင် ဖြစ်ရသည်။

လေးလေးသက်နှင့် ချောင်ကျကျစားပွဲမှာထိုင်ပြီး ရယ်မောပျော်ရွှင်နေ၏။

မင်း ဘယ်လိုမိန်းကလေးလဲ ...

ဟန်ဆောင်နေတဲ့ မိန်းကလေး ...

ပိုးမေမိတ်ဆက်ပေးတဲ့ ကိုဝေလွင်ကိုတော့ မာနတွေပြနေသည်။ မင်းက မပတ်သက်ချင်သလိုလို ...

လေးလေးသက်နဲ့တော့ မင်းက တွဲနေတာပါလား။

အမြင်ကတ်လိုက်တာ ...

လေးလေးသက်လို အဘိုးကြီးတစ်ယောက်ကိုမှကွာ ...

သူ ... မကျေမနပ်ဖြစ်နေမိသည်။

ကိုဝေလွင်နဲ့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သူ ရအောင်မိတ်ဆက်ပေးရမည်ဟု ဆုံးဖြတ်ချက်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးသူနဲ့တွေ့ပြီး ပြောရမယ် ...

နွေးထွေးသူနဲ့တွေ့ဖို့အတွက် သူ ... မီးဖိုခန်းထဲသွား၏။ ကြီးမြကို မြင်လိုက်ရသည်။

"ကြီးမြ ... "

"ကျွန်တော် ဒီနေ့မနက်စာ ဒီမှာစားမယ်နော်"

"အေး အေး ... ကြီးမြ ပြင်ထားမယ်နော်"

"လေးလေးသက်ရော ... "

"ရုံးသွားပြီ ... "

နွေးထွေးသူ ... ဒီနေ့အိမ်မှာရှိနေတာ ကောင်းဆင့်ရုံသိသည်။ ကြီးမြ ထွက်သွား၏။

သူ ... မျက်နှာသစ် ... အဝတ်အစားလဲလိုက်သည်။

နွေးထွေးသူနှင့်တွေ့ရမှာကို သူ့စိတ်တွေလှုပ်ရှားနေ၏။

မဖြစ်ဘူး ...

မင်းနဲ့လေးလေးသက်တို့ နီးစပ်မှုကို တားဆီးရမယ် ...

ကိုဝေလွင်နဲ့ အောင်သွယ်ပေးရမှာပဲ ...

မီးဖိုခန်းထဲသို့ ဝင်လာခဲ့သည်။

သူစားသောက်ဖို့အတွက် ပြင်ဆင်ပေးနေသူက နွေးထွေးသူပင် ... တွေ့ချင်တာနှင့် အတော်ပဲဖြစ်သွားရသည်။

"နွေးထွေးသူ"

"ရှင် ... "

"မင်းကိုတစ်ယောက်တည်းတွေ့တုန်း အတော်ပဲ ... ပြောစရာရှိတယ်"





"ရှင် ... "

"ဒီနေ့ ... ငါ့ဆီကို ဧည့်သည်တစ်ယောက်လာလိမ့်မယ် — ကိုဝေလွင်တဲ့ ... မင်းတွေ့လိုက်ပါ"

"နွေးလေး မတွေ့နိုင်ဘူး ... ဒီလိုလူမျိုးတွေနဲ့လည်း ကျွန်မ လုံးဝမတွေ့နိုင်ဘူး၊ ရှင် ကျွန်မကို ဘာဖြစ်လို့ဒီလိုလုပ်နေရတာလဲ"

နွေးထွေးသူ ... ဒေါသတွေဖြစ်ကာ လေသံတွေပါတင်းမာသွားရသည်။

"ရှင် ... ကျွန်မကိုအထင်မသေးပါနဲ့ ကိုကောင်းဆင့်ရဲ ... ကျွန်မ ရှင်ထင်ထားသလို မိန်းကလေးမဟုတ်ဘူး"

မင်း လေးလေးသက်နဲ့တွဲနေတာရောဟု မေးချင်မိသည်။ မမေးဖြစ် ...

နွေးထွေးသူကို ဘယ်လိုပြောရမှန်းမသိအောင်ပင် ...

"မင်းဘဝအတွက်ပဲ နွေးထွေးသူ ... ကိုဝေလွင်က မင်းကို လက်ထပ်မှာ"

"ဘာရှင့် ... "

"ကိုဝေလွင်က ... မင်းကို အရမ်းမြတ်နိုးနေတယ်၊ ငါ့ကိုပြောတယ်၊ သူက မင်းကိုလက်ထပ်မှာတဲ့"

"အဲဒါ ... ကျွန်မကိစ္စပါ၊ ရှင်က ဒီအိမ်မှာ ကျွန်မကိုမနေစေချင်တာလား"

"ဒုက္ခပါပဲကွာ ... ကိုဝေလွင်က မင်းဘဝအတွက် အကောင်းဆုံးဖြစ်နေလို့ ငါကရွေးချယ်ပေးတာပါ"

"ကျွန်မ ဘယ်သူနဲ့မှမတွေ့ချင်ဘူး၊ လက်ခံဖို့လည်း ဆန္ဒမရှိဘူး၊ ကျွန်မ ကျောင်းစာကလွဲပြီး ဘာမှစိတ်မဝင်စားဘူး၊ ရှင်တို့က



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာမနေစေချင်ဘူးဆိုရင် ဒီကနေ ကျွန်မထွက်သွားမယ်"

"ဟော့ ... ဟော့ ... မင်းကို ဒီကနေထွက်သွားစေချင်လို့ ပြောတာမဟုတ်ဘူးနော် ... မင်းဘဝရှေ့ရေးအတွက် အကောင်းဆုံးကိုရွေးချယ်ပေးတာပါ"

"မလိုဘူး ... ကျွန်မဘဝကို ကျွန်မခြေထောက်ပေါ်မှာပဲ ရပ်တည်နိုင်အောင်ကြိုးစားမယ်"

သူမ ထွက်သွားသည်။

မင်း ... ငါ့စေတနာတွေကို ဘာဖြစ်လို့နားမလည်ရတာလဲ နွေးထွေးသူ ...

မီးဖိုခန်းထဲမှာ တစ်ယောက်ထဲကျန်ခဲ့တော့သည်။

ရှင့်ကို အရမ်းမုန်းတာပဲ ...

ကျွန်မကို အထင်သေးတာလား ...

ကိုဝေလွင်ဆိုတဲ့လူတစ်ယောက်နဲ့ ကျွန်မကို ရင်းနှီးသွားအောင်လုပ်ပြီး ရှင်က ပထုတ်ချင်တာမဟုတ်လား ...

လေးလေးသက်နဲ့ နီးစပ်သွားမှာစိုးလို့ပဲ မဟုတ်လား။ မုန်းလိုက်တာ ...

တော်တော်မုန်းစရာကောင်းတဲ့ လူတစ်ယောက်ပဲ ...

"နွေးလေး ..."

"ဟင် ... ကြီးမြ"

"မောင်ကောင်းဆင့်ရဲ့နဲ့ ဘာတွေပြဿနာတက်လဲဟင်"

"ကြီးမြ ..."

"ပြော ..."

"ဒီလူက ... လူတစ်ယောက်နဲ့ နွေးလေးကိုမိတ်ဆက်ပေး





မလို့ လုပ်နေတာပဲ ကြီးမြ"

"ဘယ်သူလဲ ..."

"ကိုဝေလွင်တဲ့ ... နွေးလေးအထင်တော့ လေးလေးသက်နဲ့ နီးစပ်သွားမှာစိုးပုံရတယ် ကြီးမြ ... နွေးလေးလည်း ဒီမှာမနေချင်တော့ပါဘူး"

နွေးလေး ... ဒီမှာမနေချင်တော့ပါဘူး ကိုကောင်းဆင့်ရဲ့။

"ဒီလူက နွေးလေးကို အရမ်းအထင်သေးနေတာပဲ ကြီးမြ"

"ကြီးမြတို့လည်း ဒီမှာပဲနေစရာရှိတာမဟုတ်လား နွေးလေးရယ်"

"နွေးလေး ပညာလည်းဆက်မသင်ချင်တော့ဘူး၊ ဘဝကို အရှုံးမပေးချင်ပေမယ့်လည်း အရှုံးပေးသင့်ပေးရမှာပဲ"

"နွေးလေး ... ကြီးမြစကားကိုနားထောင်ပါ ... ပညာရေးအတွက် အရှုံးမပေးလိုက်ပါနဲ့ ... တစ်နေ့တော့ မောင်ကောင်းဆင့်ရဲ့ နားလည်လာမှာပါ"

နွေးလေး မှုန်းကျပ်နေသည်။

တကယ့်ကို ဒေါသဖြစ်ဖို့ကောင်းတယ်။

ကျွန်မကို ဘာဖြစ်လို့အထင်သေးရတာလဲ ...

"နွေးလေးရဲ့ကိုယ်ကျင့်တရားကို ဘာဖြစ်လို့စော်ကားရတာလဲ ... ကျွန်မကို အထင်သေးနေတာမဟုတ်လား"

နွေးလေး ... မကျေမနပ်နှင့်ပြောနေမိသည်။

ဒေါသတွေနှင့် ပေါက်ကွဲနေရ၏။

ကောင်းဆင့်ရဲ့ကလည်း ... နွေးလေးရဲ့မာနတွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ မကျေမနပ်ကြီး ဖြစ်နေရသည်။

မင်း ဟန်ဆောင်နေတာလား ...

လေးလေးသက်ကို မင်း မြူဆွယ်နေတာပဲ ...

ကိုဝေလွင်ကို ကောင်းဆင့်ရုံဖိတ်ထား၍ ရောက်လာသည်။

"နွေးထွေးသူက လုံးဝမတွေ့ချင်ဘူးတဲ့ ..."

"ဟင် ..."

ဝေလွင် ... စိတ်ဓာတ်ကျသွားသည်။

နွေးထွေးသူကို အတော်လေး စိတ်ဝင်စားနေမိ၏။

"ကျွန်တော် နွေးထွေးသူကို ခဏလေးဖြစ်ဖြစ်တွေ့ပါရစေ"

"မဖြစ်ဘူး ... နွေးလေးက အရမ်းမာနကြီးတယ်၊ မင်းကို တွေ့ဆုံဖို့ လုံးဝလက်ခံမှာမဟုတ်ဘူး ဝေလွင်"

ဝေလွင် ... စိတ်ဓာတ်ကျပြီး ပြန်ထွက်သွားတော့သည်။

သူ့စိတ်ထဲမှာ ဝေလွင်နှင့်နွေးထွေးသူ မတွေ့တာပဲ သဘောကျနေမိသည်။

နွေးထွေးသူကို သံယောဇဉ်တွယ်တာစရာမရှိစေချင်ပေ ... ဘာဖြစ်လို့လဲဆိုတော့ မင်းကို ငါချစ်နေမိပြီ။

❀❀❀





အခန်း ( ၁၈ )

"ဒေါ်မြ ..."

"ရှင် ..."

"နွေးထွေးသူရော ..."

"ရှိပါတယ် ကိုစောသက် ... မီးဖိုခန်းထဲမှာ ချက်ပြုတ်ပြင်ဆင်ပေးနေပါတယ်"

မိခိုအားထားရာမရှိတဲ့ မင်းဘဝအတွက် မင်း ဘယ်လောက်ကျေကျင်ရမလဲ ...

"ကောင်း ..."

"ဗျာ ..."

"လေးလေးသက် ... အရမ်းကြေကွဲနေတယ်ကွာ ..."

"ဘာဖြစ်လို့လဲ လေးလေး ..."

လေးလေး ဒီနေ့ပြန်လာတာ အရက်တွေမွှန်နေသည်။ ဘယ်လောက်တောင် သောက်လာလဲ လေးလေးရယ် ...

"လေးလေး ... ပြောလေ ဘာလို့ကြေကွဲနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နွေးထွေးသူကို လေးလေးချစ်မိနေပြီ"

"ဗျာ ... "

"လေးလေးသက် ... အရမ်းကြေကွဲနေတယ်ကွာ"

လေးလေး တော်တော်မူးနေပြီ။

"နွေးထွေးသူကိုတော့ ... မင်း အထင်မလွဲနဲ့နော် ... ဒီမိန်းကလေးက ကိုယ်ကျင့်တရားကောင်းပြီး မာနရှိတယ်"

သူ ... ထိတ်လန့်တုန်လှုပ်သွားမိသည်။

လေးလေးသက် ... အရမ်းကိုစိတ်ထိခိုက်ကြေကွဲနေပြီး အရက်တွေ အလွန်အကျွံသောက်ထား၏။

"နွေးထွေးသူကပြောတယ် ... သူ့ရဲ့ဂုဏ်သိက္ခာအတွက် လေးလေးရဲ့ဂုဏ်သိက္ခာအတွက် သူနဲ့ လာပြီးမပတ်သက်ပါနဲ့တဲ့"

"ဟုတ်လား ... "

"တကယ်လို့ သူ့မအပေါ် နားလည်မှုမရှိရင် လေးလေးသက်တို့အိမ်ကနေ ထွက်သွားမယ်တဲ့ ... "

မင်း ... လေးလေးကို လက်မခံတာပါလား။

ကိုယ် အထင်လွဲနေပြီပဲ ...

နွေးထွေးသူက လေးလေးကိုလက်မခံ၍ စိတ်ညစ်နေသည်။

"ကောင်း ... "

"ဗျာ ... "

"မင်း ... ပိုးမေကို လက်ထပ်သင့်နေပြီ"

သူ ...

လက်ထပ်ချင်တာက ပိုးမေ မဟုတ် ...





ရင်ထဲမှာ မွန်းကျပ်သွားရသည်။

"ကျွန်တော် ဘယ်သူ့ကိုမှလက်မထပ်ချင်ပါဘူး၊ စိတ်လည်း မဝင်စားဘူး လေးလေးသက် ... "

"နွေးထွေးသူရဲ့ဘဝလေးကို ... လေးလေးသက် မြေတောင်မြှောက်ပေးချင်တယ်ကွာ ... ဒီမိန်းကလေးကို လေးလေး မြတ်နိုးတယ်"

"လေးလေးသက် ... "

"မင်းပြောချင်တာက ဂုဏ်သိက္ခာအတွက်လား ... မသင့်တော်ဘူးလို့ ပြောချင်တာလား"

"လေးလေးသက် သတိထားဖို့ပါ"

"မင်း ... နွေးထွေးသူကို အထင်မသေးပါနဲ့ကွာ ... အရမ်းကို ချစ်ခင်မြတ်နိုးစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ"

လေးလေးသက်မူးပြီး နွေးထွေးသူအကြောင်းတွေ ပြောနေသည်။

"နွေးထွေးသူကို လေးလေး တန်ဖိုးထားတယ် ... မြတ်နိုးတယ်၊ အဲဒီဂုဏ်သိက္ခာဆိုတာကြီး မရှိရင် အကောင်းဆုံးပါပဲ"

လေးလေးသက်ကြောင့် ခက်နေသည်။

နွေးထွေးသူကို အစွဲလမ်းကြီးစွဲလမ်းနေ၏။

ကောင်းဆင့်ရုံ သိနေသည်။

နွေးထွေးသူကတော့ အားလုံးကင်းအောင်နေ၏။

ပညာရေးကလွဲပြီး ဘာကိုမှစိတ်မဝင်စားပေ ...

www.burmeseclassic.com

www.burmeseclassic.com

ကောင်းဆင့်ရဲ့ နွေးထွေးသူကို ချစ်နေမိသည်။

ဒါပေမဲ့ ...

လေးလေးသက်က ရှိနေသည်။

"နွေးထွေးသူကို ... လေးလေးသက် ချစ်နေတယ် ကောင်း လေးလေးသက် လွန်လား"

လေးလေးသက်ရဲ့ပတ်သက်မှုတွေကို နွေးထွေးသူက ငြင်းဆန်ခဲ့သည်။

သူမ ... အလုပ်တာဝန်တွေကလွဲပြီး ဘာကိုမှစိတ်မဝင်စားပေ ...

"ကောင်း ... မင်းကန့်ကွက်မလား ... လေးလေးသက်ကို အားပေးမှာလား"

လေးလေးသက်ရဲ့အမေးကို ... ဘယ်လိုဖြေရမှန်းပင် မသိတော့။

ထောက်ခံရမလား ...

နွေးထွေးသူလို မိန်းကလေးတစ်ယောက်ကို ... လေးလေးသက် စွဲလမ်းနှစ်သက်နေတာ မှားနေတာပဲ ...

မပြောချင် ...

အဒေါ်နှင့်စပ်မှတော်ရတဲ့ ဦးလေးဆိုတော့လည်း ပြောရခက်နေသည်။

"ကောင်း ... "

"ဗျာ ... "





"ပြောလေ ... "

"လေးလေးမှာ ရောဂါရှိတယ်၊ အရက်တွေ သိပ်မသောက်ပါနဲ့ ... "

"လေးလေးဘဝမှာ နွေးလေးကို အမြတ်နိုးဆုံးဖြစ်နေတယ်၊ ငယ်ရွယ်တဲ့မိန်းကလေးတစ်ယောက်ကို လေးလေးသက် မစွဲလမ်းသင့်ပါဘူး၊ လေးလေးသိပါတယ်၊ ဒါပေမဲ့ ... လေးလေး အရမ်းခံစားနေရပြီ"

ဦးစောသက် ဘယ်လိုမှမေ့ပစ်လို့မရနိုင်ဝေ ...

"လေးလေးသက် ... နွေးထွေးသူက မာနရှိတယ်၊ ဘယ်ယောကျာ်းကိုမှ စိတ်ဝင်စားမှာမဟုတ်ဘူးနော် ... နွေးထွေးသူဒီကနေထွက်သွားမှာကို လေးလေးလိုလားလို့လား"

သူ ... နွေးထွေးသူကို လေးလေးနှင့်ဝေးသွားစေချင်သည်။ တခြားသူတွေနှင့်နီးစပ်သွားမှာလည်း ကြောက်နေမိ၏။

မင်းကိုယ်တိုင်ရော ကောင်း ...

အား ... မတွေးရဲဘူး။

ဒီမိန်းကလေးက မာနခဲပ်ကြီးကြီးဖြစ်နေသည်။

လေးလေးသက်ကိုပဲ စိတ်ပူ၏။

အသက်အရွယ်ရနေပြီ။

ညနေကျရင် လေးလေးသက်က နွေးထွေးသူနဲ့ညစာအတူစားဖို့ ပြင်ဆင်ပေးသည်။

နွေးထွေးသူက လက်ခံ၏။

လေးလေးကို ဆွေမျိုးမိဘလိုပဲ သဘောထားပါတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးသက် ... မင်းတို့အရွယ် ဘာဖြစ်လို့မဖြစ်ရတာလဲ ..."

လေးလေးသက် ကြေကွဲနေသည်။

ကိုဝေလွင်က တစ်မျိုး ...

နွေးထွေးသူကိုတွေ့ဆုံဖို့ အမျိုးမျိုးကြိုးစားနေသည်။

ညစာစား၏။

နွေးထွေးသူရော ကြီးမြပါ အတူတူစားဖို့ခေါ်မှ နွေးထွေးသူဝင်စားသည်။

မျက်နှာလေးက တင်းထား၏။

အရမ်းလှပတဲ့မျက်နှာလေးကို သူ ... စူးစိုက်ကြည့်မိသည်။

"လေးလေးသက် ..."

"ပြောလေ ... နွေးလေး ..."

"ကျွန်မ အဆောင်မှာသွားနေတော့မယ်"

"ဟင် ..."

"ကြီးမြကိုပဲ ဒီမှာထားပါ့မယ်"

"ဘာဖြစ်လို့လဲ နွေးလေး ... မဟုတ်တာဘဲ လေးလေးသက် လုံးဝလက်မခံနိုင်ဘူး၊ မင်း ဒီမှာပဲနေရမယ်"

နွေးထွေးသူ ဒီမှာနေရမှာကို စိတ်မသက်မသာကြီးဖြစ်နေရသည်။ အဆောင်မှာ သွားနေချင်၏။

လေးလေးသက်ရဲ့အခြေအနေကို သူမ သဘောပေါက်မိသည်။ ဆက်နေဖို့မသင့်ဟု ထင်မိ၏။





"မဖြစ်ပါဘူး၊ လုံးဝမဖြစ်ပါဘူး၊ မင်းမရှိရင် လေးလေးသက် ားသောက်ရေး အခက်အခဲဖြစ်ရမယ်"

"ကျွန်မ ... ရှေ့ဆက်ပြီး ပညာရေးပဲအာရုံစိုက်ချင်ပါတယ် းလေးသက် ... နွေးလေး အလုပ်လုပ်နိုင်မှာမဟုတ်တော့ပါဘူး"

နွေးလေး မနေချင်တော့ဘူး။

ဒီကထွက်သွားချင်သည်။

ကြီးမြကတော့ လေးလေးသက်တို့ခွင့်ပြုမှ သွားပါတဲ့ ... တို့ကြောင့်လေ ...

ကျွန်မကို အထင်သေးနေတဲ့မျက်ဝန်းတွေကို အမုန်းဆုံးပါပဲ။

ရှင့်လေးလေးသက်ကို ကျွန်မက မြူဆွယ်ဖြားယောင်းနေယ်လို့ ရှင်ထင်နေတာ မဟုတ်လား ...

ကျွန်မ ...

တခြားလူကို လက်ထပ်ချင်လက်ထပ်မယ် ...

ရှင့်လေးလေးသက်တော့ ဘယ်တော့မှမဖြစ်စေရဘူး။

ကျွန်မက ကိုယ်ကျင့်တရားပျက်ပြားတဲ့မိန်းကလေး မဟုတ်

စားသောက်ရတာပင် ... စိတ်ထဲမှာ လေးပင်နေရသည်။

ာကို အရသာမရှိစွာ စား၏။

"နွေးလေး ..."

"ရှင် ..."

"လေးလေးသက်တို့အိမ်မှာပဲ နေပါ၊ မင်းပျော်ရွှင်လွတ်လပ်



www.burmeseclassic.com

www.burmeseclassic.com



သလိုပဲနေပါ။ နွေးလေးကို ဘယ်သူမှအနှောက်အယှက်မပေးပါဘူး”

သူကတော့ ဘာမှမပြောပေ ...

နွေးလေး မကြိုက်ဆုံးဘဲ ...

ရှင်က ကျွန်မကိုအထင်သေးနေတာ ကျွန်မအမုန်းဆုံးပဲ ...

“လေးလေးသက်က နွေးလေးကို မိသားစုဝင်တစ်ယောက်လို သဘောထားပါတယ်”

လေးလေးသက်တို့သဘောမတူလျှင် ကြီးမြ ဒီမှာပဲနေတဲ့ နွေးလေးပညာရေးနှောင့်နှေးမှာ ကြီးမြကကြောက်နေသည်။

စိုးရိမ်နေ၏။ ညစာစားပြီးသွားသည်။

“ခြံထဲမှာထိုင်မယ်နော် နွေးလေး ... ပြင်ဆင်ပေးပါဦး”

လေးလေးသက်ရဲ့မရိုးသားမှုဆိုတာ ... နွေးလေး ပိုသိလာရ၏။

သူမဘက်က ဘယ်လောက်ပဲတည်ငြိမ်ပါစေ ... နွေးထွေးသူအပေါ် ... အထင်သေးနေတဲ့ ရှင့်အပြုအမူတွေက အထင်သေးတဲ့အမူအရာတွေ ...

ခြံထဲမှာထိုင်ဖို့အတွက် ပြင်ဆင်ပေးနေမိသည်။

သူမ ... စိတ်မပါဆုံးဘဲ ...

ဒီကနေ ထွက်ပြေးချင်တဲ့စိတ်တွေပင် ဖြစ်ပေါ်လာရသည်။

“နွေးထွေးသူ ...”

“ရှင်”

“လေးလေးကို မစိမ်းပါနဲ့ကွာ ...”





ကိုကောင်းဆင့်ရှံမရှိတုန်း လေးလေးသက်က သူမကိုပြောသည်။

“လေးလေးသက် ...”

“ဟင် ...”

“ကျွန်မကို ဒုက္ခရောက်အောင်မလုပ်ပါနဲ့ လေးလေးသက် ကျွန်မရဲ့ဂုဏ်သိက္ခာတွေကို ထိပါးအောင်မလုပ်ပါနဲ့”

သူမ အပြတ်ပြောလိုက်မိသည်။

လေးလေးသက်နဲ့မပတ်သက်တာ အကောင်းဆုံးပါပဲ ...

“လေးလေးသက် ... ကျွန်မကို ဆက်ပြီးပတ်သက်နေရင် ကျွန်မ ဒီကနေထွက်သွားရမှာပဲ”

“နွေးလေး ...”

“ရှင် ...”

“လေးလေးသက်လေ ...”

“ကျွန်မ သွားတော့မယ်”

“နွေးလေး ...”

“ကျွန်မကို ဒီကနေထွက်မသွားစေချင်ရင် ... လေးလေးသက် ကျွန်မကို မပတ်သက်ပါနဲ့”

နွေးလေး ထွက်သွားသည်။

ဦးဧသက် စိတ်သောကတွေ အကြီးအကျယ်ရောက်နေ၏။ နွေးထွေးသူကို ချစ်နေမိပြီ။

“အား ...”



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးသက် ..."

"ဟင် ..."

"ဘာတွေဖြစ်နေတာလဲ"

"နွေးလေးက ငါ့ကို လုံးဝမပတ်သက်ပါနဲ့တဲ့"

လေးလေးသက်ရယ် ဖြစ်သင့်တာပဲ ...

နွေးလေးရဲ့မာန်မာနတွေကို သူ ... နှစ်သက်သဘောကျ သည်။

လေးစားလာမိ၏။

"လေးလေး ...စိတ်သောကတွေ အရမ်းရောက်ရတယ်ကွာ"

သူ ... ဘာမှမတတ်နိုင် ...

လေးလေးသက်ကို အတော်လေးချော့နေရသည်။

"လေးလေးသက် ... စိတ်ကိုတင်းကျပ်မထားပါနဲ့ ... နွေး လင့်ချက်တွေလည်း မထားပါနဲ့"

"ကောင်းရယ် ..."

လေးလေးသက်ကို အခန်းထဲလိုက်ပို့ပြီး အပြင်ထွက်လာ သည်။

သူ ...

အလုပ်တွေရှိနေ၍ ကော်ဖီတစ်ခွက်လောက်လိုချင်နေသည်။

မီးဖိုခန်းထဲရောက်တော့ ... နွေးထွေးသူ စာကျက်သံသဲ့သဲ့ ကြားရသည်။

မင်း ... စာအရမ်းကြိုးစားတဲ့မိန်းကလေးပဲ ...

"ကောင်း ..."





"ဟင် ..."

"ဘာလိုအပ်လို့လဲ ..."

"ကော်ဖီပါ၊ ကျွန်တော် ဒီည အလုပ်တွေအများကြီးလုပ်ရမယ်လေ"

"ရပါတယ်၊ အခန်းထဲကပဲစောင့်လေ ... နွေးလေးကို ဖျော်ခိုင်းမယ်"

"ကြီးမြပဲ လုပ်ပေးပါနော်"

"နွေးလေးကိုပဲ ခိုင်းပါ့မယ်ကွယ်"

"နွေးလေး စာကျက်နေတယ်မဟုတ်လား"

"နွေးလေးက စာအရမ်းကြိုးစားတယ်"

သူ ...

အခန်းထဲဝင်လာသည်။

နွေးထွေးသူကို သတိရနေမိ၏။

ကြီးမြက ကော်ဖီဖျော်ပြီးလာပို့ပေးသည်။

"ကောင်း ..."

"ဗျာ ..."

"လိုအပ်တာရှိရင် ပြောနော်"

"ဟုတ်ကဲ့ ..."

ကြီးမြ ပြန်ထွက်သွားသည်။

နွေးထွေးသူနဲ့ပတ်သက်ပြီး လေးလေးသက် ဘယ်လောက်အထိ ခံစားနေရလဲဆိုတာသိ၏။

www.burmeseclassic.com



"ကြီးမြ ..."

"ဟင် ..."

"နွေးထွေးသူ ... ဒီမှာပဲနေပါစေ"

"အေးကွယ် ... ကြီးမြလည်း ပြောပါတယ်"

ကြီးမြ ပြန်ထွက်သွားသည်။

အလုပ်တွေကို သူ ... ဂရုစိုက်လုပ်နေပြီ။

ပိုးမေက အားကိုးရသည်။

သူ့ကိုကူညီနေတဲ့ပိုးမေက ... မင်းသာဖြစ်လိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲ နွေးထွေးသူရယ် ...

နွေးထွေးသူကို သူ တမ်းတနေတာကို နွေးထွေးသူမသိပေ။

ကိုယ်ချစ်နေတာ နွေးထွေးသူပဲ ...

သူ့လက်ကိုင်ဖုန်းမြည်လာပြီး ညအချိန်မတော်ဖြစ်နေ၍ အံ့သြသွားရသည်။

"ဟဲလို ..."

"ပိုးမေ ..."

"အင်း ..."

"မင်း ... ဒီအချိန်ကြီးကြမှ ..."

"သတိရလို့ ..."

ပိုးမေဆီကဖုန်းလာ၍ စိတ်ပျက်သွားရသည်။

အခုတလော ...

သူ့အနားကို ပိုးမေ ကပ်လွန်းသည်ဟုထင်သည်။





"ကိုကောင်း မအိပ်သေးဘူးလား ..."

"အလုပ်တွေရှိလို့လေ ... ကိုယ် လက်မှတ်ထိုးစရာရှိတာတွေထိုးနေတာ ပိုးမေ"

"ပိုးမေလည်း မအိပ်သေးဘူး ... အလုပ်တွေလုပ်ရင်း ကိုကောင်းကို သတိရလာလို့"

ပိုးမေနှင့် အတတ်နိုင်ဆုံး ကင်းအောင်နေမိသည်။

"ပိုးမေ ..."

"ဟင် ..."

"ကိုယ် အိပ်တော့မယ်"

"ကိုကောင်းကလည်း ပိုးမေက စကားပြောချင်လို့ဟာ"

"မနက်ကျရင်တွေ့ကြမှာပဲ ပိုးမေ"

"ကိုကောင်းနော် ... ပိုးမေအပေါ် အမြဲအဲလိုပဲ"

"ကိုယ် အိပ်ချင်လို့ပါ"

သူ ...

ပိုးမေကို သဘောမကျမိပေ ...

လိုအပ်တာထက်ပိုပြီး မာယာတွေများနေသည်ဟု ထင်မိသည်။

"နွေးထွေးသူကိုလည်း ... ကိုဝေလွင်က မရမကလိုက်မှာတဲ့နော် ကိုကောင်း ..."

သူ့မျက်လုံးတွေ ပြူးကြောင်ဝိုင်းစက်သွားရသည်။

ဝေလွင်က ... နွေးထွေးသူကို မမေ့လျော့သေးပါလား။

www.burmeseclassic.com

www.burmeseclassic.com

"နွေးထွေးသူတို့ကတော့ ... ကံကောင်းလိုက်တာနော် ... ကိုဝေလွင်က လုပ်ငန်းရှင်ကြီး ... ကိုကောင်း တိုက်တွန်းပေးသည့်တယ်"

"ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ စိတ်မဝင်စားပါနဲ့ ... နွေးထွေးသူ ဘာပဲဖြစ်ဖြစ် ကိုယ်တို့ကိစ္စမဟုတ်ဘူးလေ ပိုးမေရဲ့"

"ရှင့်ကိစ္စ တကယ်ပဲမဟုတ်ဘူးလား ... ကိုကောင်း"

"ကိုယ်အိပ်တော့မယ် ... ပိုးမေ ... အရေးမကြီးတာတွေ ပြောနေတာနဲ့ အချိန်တွေမဖြုန်းချင်ဘူး"

"ကိုကောင်း ... "

သူ ...

ဖုန်းပိတ်ထားလိုက်သည်။

❀❀❀





အခန်း ( ၁၉ )

"နွေးထွေးသူ ... "

"ဟင် ... ရှင် ... "

"ကိုဝေလွင် စကားပြောချင်လို့ပါ"

ကိုဝေလွင်က ကားရပ်ပြီး သူမကို စကားပြောဖို့ကြိုးစားနေသည်။

နွေးလေးမျက်ဝန်းတွေက တင်းမာနေ၏။

"နွေးလေး ... "

"ဟင် ... "

"ကားပေါ်တက်ပါ"

ပတ်ဝန်းကျင်က လူတွေအများကြီးဖြစ်နေသည်။

နွေးလေး မပြောသာ ...

ကားပေါ်တက်ထိုင်လိုက်သည်။

လူရှင်းတဲ့နေရာလေးတစ်ခုမှာ ကားကထိုးရပ်သွား၏။

"နွေးထွေးသူ ... ကိုယ် မင်းကိုလက်ထပ်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ... လုံးဝလက်မခံနိုင်ပါဘူး ကိုဝေလွင်"

"ဟင် ... "

"ကျွန်မကို ထပ်ပြီးနှောင့်ယှက်ဖို့မကြိုးစားပါနဲ့ ... ကျွန်မက သူများအိမ်က အလုပ်သမားပါ။ ရှင့်ဂုဏ်သိက္ခာကို ထိခိုက်လိမ့်မယ်"

"ကိုယ် ... ဘာကိုမှဂရုမစိုက်ဘူး နွေးထွေးသူ ... မင်းကို လက်ထပ်မယ်၊ တင့်တင့်တယ်တယ် လက်ထပ်မှာပါ ... မင်းအခေါ် ဆီမှာ ကိုယ် တင့်တင့်တယ်တယ်တောင်းယူမှာပါ"

သူမ ...

လက်မခံနိုင် ...

ရှင် ဘယ်လိုပဲတောင်းဆိုပါစေ ... ကျွန်မ ရှင့်ကိုမချစ်ဘူး။

ကျွန်မဟာ ဘာအထင်ကြီးစရာမှမရှိတဲ့ လူတစ်ယောက်ပါ။

ရှင်ရော အထင်ကြီးမှာလား ...

မယုံကြည်ဘူး။

ကျွန်မဘဝအတွက်ကလွဲပြီး ကျွန်မ ဘာကိုမှစိတ်မဝင်စား ဘူး။

"နွေးထွေးသူ ... ကိုယ့်ကိုယုံကြည်ပါ"

"ကျွန်မ ဘယ်သူ့ကိုမှမယုံဘူး၊ လက်ထပ်ဖို့လည်း ဆန္ဒမရှိပါ ဘူး၊ ကျွန်မရဲ့ပညာရေးကလွဲပြီး ဘာကိုမှစိတ်မဝင်စားလို့ပါ"

သူမ ...

အပြတ်ပြောမိသည်။

"ကျွန်မ သွားတော့မယ် ... ကျောင်းသွားရဦးမှာမို့ပါ ကိုဝေလွင်"





ကိုဝေလွင့်အနားကနေ သူမ ထွက်လာခဲ့မိသည်။

လူတွေ ...

ကျွန်မကို ဘာဖြစ်လို့နှောင့်ယှက်နေရတာလဲ ...

သူမစိတ်ထဲမှာရော ဘာဖြစ်လို့များ ကိုကောင်းဆင့်ရုံက ရှိနေရတာလဲ ...

မုန်းလိုက်တာ ...

မရှိစေချင်ပါဘူး။

နွေးထွေးသူ ... ဒီကနေထွက်သွားချင်မိသည်။

ကြီးမြက လက်မခံ ...

စိတ်လိုက်မာန်ပါမလုပ်ဖို့ အမြဲတမ်းပြောနေတတ်သည်။

နွေးထွေးသူရဲ့ပညာရေး နှောင့်နှေးမှာပဲစိုးရိမ်၍ ဖြစ်နိုင်၏။

စိတ်ညစ်လိုက်တာ ...

ချမ်းသာကြွယ်ဝတဲ့ယောက်ျားတွေကို ... ငမ်းငမ်းတက် ကျွန်မက ရွေးချယ်လိမ့်မယ်လို့ ရှင်ထင်နေလား ...

ဝေးသေးတယ်။

ကျွန်မ ...

ဘယ်လိုယောက်ျားကိုမှ အထင်မကြီးဘူး။

"နွေးလေး ... "

"ဟင် ... လေးလေးသက် ... "

ကျောင်းဝမှာရပ်စောင့်နေတဲ့ လေးလေးသက်ကို တွေ့ရ သည်။

"လေးလေး ... လမ်းကြုံလို့ဝင်လာတာပါ"

"နွေးလေး ... ကျောင်းတက်ရတော့မယ် လေးလေး"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးသက်နဲ့ ရပ်စကားပြောနေရတာ နွေးလေးစိတ်တွေ တုန်လှုပ်ချောက်ချားလာရသည်။

"ကျွန်မ ... အတန်းတက်ဖို့သွားတော့မယ်နော် ... "

"နွေးလေး ... "

"လေးလေးပြန်ပါ။ ကျွန်မကို စောင့်မနေပါနဲ့ ... "

စံပယ်နှင့်တိုးသည်။

လှောင်ပြောင်ရှုံ့ချနေတဲ့ စံပယ့်မျက်ဝန်းအကြည့်တွေကို ရင်ဆိုင်လိုက်ရ၏။

"လေးလေးက ကျွန်မဂုဏ်သိက္ခာတွေကို မဲ့အောင်လုပ်နေတာပဲ"

"နွေးလေး ... လေးလေးကို နားလည်ပေးပါ"

"လေးလေး ပြန်ပါတော့"

သူမ ထွက်လာခဲ့မိသည်။

ရင်ထဲမှာ ...

ကြေကွဲစွာဖြင့် ငိုပစ်ချင်နေမိသည်။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာဖြင့် ဖိကိုက်ထားမိ၏။

"နွေးလေး ... "

"ဟိုလူကြီးလာတယ်ဆို"

"အင်း ... "

"နင် ... "

"ငါ့ကို ဘာမှထပ်မပြောပါနဲ့ဟာ ... ငါတောင်းပန်ပါတယ်"





ထိုကိစ္စတွေနှင့်ပတ်သက်ပြီး နွေးထွေးသူ မပြောချင်တော့။

မကြားချင်ဘူး။

ခါးသီးလိုက်တာ ...

လေးလေးသက်က ... နွေးလေးကို ဘယ်လိုအနေအထားပဲဖြစ်ဖြစ် အဲဒါ နွေးလေးကိစ္စပဲလေ ...

ဘာဆိုင်လဲ ...

ဘာဆိုင်လဲ ...

အော်ပစ်ချင်မိသည်။

ချစ်ချစ်နှင့်ပင် စကားသိပ်မပြောဖြစ်တော့ပေ ...

သူမ ...

အင်ဂျင်နီယာဖြစ်ဖို့ပဲ ... စာကို အာရုံစိုက်နေမိသည်။

"နွေးထွေးသူ ... "

"ဟင် ... "

အပြန်တွင် ကျောင်းဝတွင် ကားနဲ့စောင့်နေသူက မပိုးမေ ...

"မပိုးမေ ... "

"တက်လေ ... "

"ဟုတ်ကဲ့ ... "

လေးလေးသက်နှင့်ကိုဝေလွင် မဟုတ်၍ တော်သေးသည်။ ကားပေါ်တက်လိုက်၏။

စားသောက်ဆိုင်တစ်ခုမှာ ကားလေးရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



“နွေးထွေးသူကို မမ စကားပြောစရာရှိလို့”

ကိုဝေလွင်နဲ့ပတ်သက်တာပဲ မပိုးမေ ပြောမှာပါ။

ရင်ထဲမှာ နာကျင်ကြေကွဲမှုတွေ ဆို့တက်နေရသည်။

“မမ ...”

“ဟင် ...”

“ကျွန်မ ကိုဝေလွင်နဲ့တွေ့ပြီးပြီ”

“ဟုတ်လား ...”

“ကျွန်မကို လက်ထပ်ခွင့်တောင်းတယ်လေ ...”

“ဟုတ်လား ...”

“ကျွန်မ ငြင်းလိုက်တယ်”

“ဟင် ... နွေးထွေးသူ ... နင်ရူးနေလား ... ကိုဝေလွင်က မိန်းကလေးတစ်ယောက် အားကိုးအားထားပြုသင့်တဲ့ လုပ်ငန်းရှင်သူဌေးတစ်ယောက်နော်”

“ကျွန်မ လောလောဆယ် ပညာရေးကလွဲပြီး ... ဘာကိုမှ စိတ်မဝင်စားဘူး”

“နွေးထွေးသူ ...”

နွေးထွေးသူကို ... ပိုးမေ ကြောက်နေမိတာက ကိုကောင်းဆင့်ရံနှင့် နီးစပ်သွားမှာပင် ...

ချောမောလှပတဲ့ နွေးထွေးသူကို ... မချွဲလမ်းတဲ့ယောကျ်ား ရှိနိုင်ပါ့မလား။

လေးလေးသက်ရော ...





“ညည်း ... ကိုဝေလွင့်ကို ရွေးချယ်သင့်တယ် နွေးထွေးသူ”

“ရှင် ...”

“ကိုကောင်းဆင့်ရံကတော့ ညည်းကို လုံးဝစိတ်မဝင်စားဘူး ... ထားပါ ... လေးလေးသက်က ညည်းကိုစိတ်ဝင်စားသွားရင် ယ်လိုလုပ်မလဲ ... ညည်းကို လက်ထပ်မယ့်သူရှိတုန်း ညည်း တ်ခံလိုက်သင့်တယ်”

“ကျွန်မ ပြန်တော့မယ်”

“နွေးထွေးသူ ...”

“ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ ကိုယ်ရေးကိုယ်တာ စ္စတွေမှာ ဝင်ပြီးမစွက်ဖက်ဖို့ပါဘဲ”

“ညည်းက ... သူများအိမ်မှာ အိမ်ဖော်လုပ်ရပေလို့ပဲ တော် တ်လေသံမာနေတာပါလား နွေးထွေးသူ ...”

သူမ ...

ဘာမှဆက်မပြောတော့ဘဲ ...

ထထွက်လာခဲ့သည်။

ရယ်ရတယ် ...

ရှင်တို့က ကျွန်မကို ဘာထင်နေလို့လဲ ...

ဝေးသေးတယ်။

ကျွန်မ ... ဘယ်သူ့ကိုမှစိတ်မဝင်စားဘူးနော် ...

ခြေလှမ်းတွေက နှေးကွေးနေသည်။

အားတွေလျော့ချင်နေ၏။

နွေးထွေးသူက စိတ်ဓာတ်တွေမာကျောတဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com



"နွေးထွေးသူ ..."

"ဟင် ... ကြီးမြ ..."

"ဘာဖြစ်လာတာလဲ ... ကြီးမြကြည့်နေတာ ... သမီးလေး စိတ်ညစ်လာတာလား ... ဘာတွေအခက်အခဲရှိလို့လဲဟင်"

သူမ ...

အိမ်ထဲဝင်လာခဲ့သည်။

ကြီးမြက အသက်ကြီးပြီ။

ဒီအိမ်ကြီးထဲကနေထွက်သွားဖို့ ဝန်လေးနေသည်။

ကြောက်နေခဲ့၏။

တကယ်တမ်းတွေးကြည့်တော့လည်း ထွက်သွားဖို့ဆိုတာသည်။ မဖြစ်နိုင်တဲ့အခြေအနေတစ်ခု ဖြစ်သည်။

မှီခိုအားထားရာမရှိ ...

အဆောင်မှာနေမယ်ဆိုရင်တောင် ဘယ်မှာလဲဝင်ငွေ ...

မရှိ ...

အခက်အခဲတွေက အများကြီးပဲ ...

"နွေးလေး ..."

"ဟင် ..."

"တူမလေး ဘာဖြစ်လာတာလဲ ..."

"နေမကောင်းလို့ပါ"

"ဟင် ..."

"ကျွန်မဖျားလာတယ် ကြီးမြ ..."

"ဟင် ..."





"ဘာမှမဖြစ်ပါဘူး၊ နည်းနည်းပါ ..."

သူမ အိပ်ခန်းလေးထဲအထိ တန်းဝင်လာခဲ့သည်။

တကယ်လည်း ...

နေမကောင်းချင်သလိုလို ဖြစ်နေရ၏။

တစ်နေ့လုံး ...

စိတ်ပင်ပန်းနွမ်းနယ်မှုတွေနှင့်ပဲ ကြုံတွေ့လာရသည်။

ကြီးမြက ဆေးတိုက်သွား၏။

စိတ်ထဲမှာ ... မွန်းကျပ်လေးလံနေ၏။

ပင်ပန်းနွမ်းနယ်စွာဖြင့် ... မျက်လုံးတွေကို ပိတ်ပစ်လိုက်မိ

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၀ )

နွေးထွေးသူကို မတွေ့ပေ ...

လေးလေးသက်အခြေအနေက ပိုပြီးဆိုးဝါးနေသည်။

သူ ...

သတိပေးချင်မိသည်။

မဖြစ်နိုင်တာဘဲ ...

နွေးထွေးသူဘဝလေးအတွက် သူ ... စိုးရိမ်ပူပန်နေမိသည်

မနှောက်ယှက်စေချင်ဘူး။

မင်းရဲ့စိတ်ဓာတ်နဲ့ ကိုယ်ကျင့်တရား ထိန်းသိမ်းမှုတွေ
ကိုယ် ... တန်ဖိုးထားတတ်လာပါပြီ နွေးထွေးသူ ...

ညစာအတွက် စားသောက်ခန်းထဲ ရောက်နေသည်။

လေးလေးသက် ရောက်နေ၏။

"နွေးလေးရော ဒေါ်မြ ... "

"နည်းနည်းနေမကောင်းလို့ အနားယူနေပါတယ်"

"အရမ်းနေမကောင်းဖြစ်တာလား ... ဆေးခန်းပြရမယ်လေ





ချုပ်သွားကြည့်ဦးမှပဲ"

လေးလေးသက် ထသွားသည်။

သူ ...

တားဆီးချင်စိတ်တွေဖြစ်နေပေမယ့် မတားမိ ...

"ကြီးမြ ... "

"ဟင် ... "

"နွေးထွေးသူ ဘာဖြစ်တာလဲ ... "

"အလုပ်ပင်ပန်းလို့ပါ"

ဦးစောသက်ထွက်သွားတာကို ဒေါ်မြလည်း သဘောမကျ

တူမလေး စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေသည်။

"ကြီးမြရော နေမကောင်းဘူးလား"

"နည်းနည်းပါကွယ် ... တူမလေးနွေးထွေးသူဘဝက ဆိုးပါ
တယ် ကောင်းရယ် ... "

ဒေါ်မြ ငိုချင်နေမိသည်။

ဦးစောသက်က ဒီလောက်အထိ အရေးတယူလုပ်နေတာ
မိုး မဖြစ်သင့်ဟုထင်မိသည်။

"ကြီးမြ ... "

"ဟင် ... "

"ကောင်း ပိုက်ဆံပေးမယ် ... ကြီးမြတို့ ဆေးခန်းပြကြပါ"

"မလိုပါဘူးကွယ် ... ကြီးမြမှာ ပိုက်ဆံတွေစုထားတာရှိပါ
တယ်"

"ယူပါ ကြီးမြ ... ကျွန်တော့်ကိုထိန်းကျောင်းလာတဲ့ကျေးဇူး


www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိပါတယ်”

ကြီးမြအား သူ ... ပိုက်ဆံတွေပေးနေသည်။

နွေးထွေးသူကို အားလျော့မသွားစေချင်၍ဖြစ်၏။

“နေမကောင်းရင်လည်း ဆေးကုကြပါနော် ... အားမငယ်နဲ့ ကြီးမြ ...”

“ကျေးဇူးပါပဲ ကောင်းရယ် ...”

ကောင်းကတော့ စိတ်သဘောထားရိုးသားဖြူစင်ကြောင်း သိနေသည်။

ငြင်းရမှာလည်း ခက်နေ၏။

“ဘာအခက်အခဲပဲရှိရှိ ကျွန်တော့်ကိုပြောနော်”

“အေးပါကွယ် ...”

ကောင်း ... ထသွားသည်။

ဦးစောသက်ရှိနေ၍ ဒေါ်မြ နွေးထွေးသူအခန်းသို့ အမြန် ဝင်လာခဲ့မိသည်။

တူမလေး စိတ်ညစ်နေမှာပဲ ...

“နွေးလေး ... ဘာဖြစ်လို့လဲ ... နေမကောင်းဘူးလား ... လေးလေးတို့ ဆေးခန်းသွားရအောင်”

“ဟင့်အင်း ... နွေးလေး ဘာမှမဖြစ်ပါဘူး ... ပင်ပန်း အနားယူနေတာပါ”

“မဟုတ်တာဘဲ ... မျက်နှာလေး အရမ်းညှိုးနေတာ ဝေဒနာတွေ အရမ်းခံစားနေရလား ... ဆေးခန်းသွားရအောင်



ထလေ ... နွေးလေး ... ထပါ”

“မသွားဘူး လေးလေး ... ကျွန်မ ဘာမှမဖြစ်ပါဘူး၊ အလုပ် ပင်ပန်းလို့ပါ၊ အနားယူပါရစေ”

လေးလေးသက်ရောက်လာတာကို သူမ ... စိတ်ညစ်မိ သည်။

စိတ်ရှုပ်ထွေးနေမိ၏။

ကြီးမြကြောင့်ပါ။

ဒီမှာဆက်နေဖို့အတွက် သူမ စိတ်ပျက်နေမိသည်။

“လေးလေးသက် ... ပြန်ပါ ... ကျွန်မအတွက် စိတ်မပူပါနဲ့ ကျွန်မဘဝကို ကျွန်မ တည်ဆောက်တာမျိုးပဲ သဘောကျပါတယ်၊ သူများကို အားကိုးတဲ့စိတ်တွေ မရှိစေချင်လို့ပါ”

“နွေးလေး ...”

“ကျွန်မမှာ ခွန်အားတွေ ရှိပါတယ် လေးလေးသက်”

လေးလေးသက်ကြောင့် ခက်နေသည်။

နွေးလေးနေချင်တဲ့ ဆန္ဒတွေပင် မရှိတော့။

စိတ်ညစ်လာရသည်။

လေးလေးသက် ...

ကျွန်မကို ဒုက္ခမပေးပါနဲ့ ...

“ကျွန်မ အနားယူပါရစေ လေးလေးသက် ...”

“နွေးလေးကို လေးလေးသက် အရမ်းစိတ်ပူတယ်”

လေးလေးသက်ရဲ့ အကြင်နာတွေကို ခါးသီးစွာ ခံယူနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရင်ထဲမှာ နာကျင်နေ၏။

ကြီးမြ ပြန်ဝင်လာသည်။

"လေးလေးသက် ... သွားပြီနော် ... လိုအပ်တဲ့ အကူအညီတွေလည်းပြောပါ ဒေါ်မြ ... "

"ဟုတ်ကဲ့ ... "

လေးလေးသက် ထွက်သွားမှ စိတ်သက်သာရာ ရသွားသည်။

"နွေးလေး ... "

"ကြီးမြရယ် ... နွေးလေးတို့ ဒီမှာဆက်မနေသင့်တော့ဘူးထင်တယ်၊ ဒီအိမ်ကြီးထဲကနေ ထွက်သွားကြစို့နော်"

"နွေးလေးရယ် ... ထွက်သွားလို့မဖြစ်သေးပါဘူး၊ တူမလေးပညာရေးက ရှိသေးတယ်မဟုတ်လား"

"နွေးလေး စိတ်ညစ်တယ်"

"ဒီမှာ ... ကောင်းက ပိုက်ဆံပေးလိုက်တယ်၊ ကြီးမြအတွက်တဲ့ ... "

ရှင်က ... ကျွန်မ လေးလေးသက်ဆီမှာ ချူမှာစိုးလို့လား

ဘာကြောင့် ပေးရတာလဲ ...

ကျွန်မကို အထင်သေးတာလား ...

ရှင့်ဆီက ဘာအထောက်အပံ့မှ မလိုချင်ပါဘူး။

"ကောင်းက ... စိတ်သဘောထားပြည့်ဝပါတယ် နွေးလေး





ရယ်၊ ကျေးဇူးသိတတ်တဲ့သူပါ"

မဟုတ်ပါဘူး ...

သူက ... နွေးလေးကို ဘယ်တော့မှ အမြင်ကြည်လင်တာ မဟုတ်ဘူး။

လေးလေးသက်နှင့်ပတ်သက်ပြီး အထင်သေးနေခဲ့သည်။

သူမ ထလိုက်သည်။

"နွေးလေး ဘယ်လဲ ... "

ကြီးမြကို ဘာမှမပြောတော့ဘဲ ထွက်လာခဲ့မိသည်။

အပေါ်ထပ် တက်လာခဲ့၏။

ကိုကောင်းဆင့်ရဲ့အခန်းဝမှာ ရပ်လိုက်မိသည်။

"ကိုကောင်းဆင့်ရဲ ... "

"ဟင် ... "

"ဒီမှာရှင့်ပိုက်ဆံ ... "

"နွေးထွေးသူ ... "

"ကျွန်မ ... ဘယ်သူ့အထောက်အပံ့မှ မလိုချင်ဘူး"

နွေးလေး ... ပိုက်ဆံကို စားပွဲပေါ် တင်လိုက်သည်။

"နောက်ဆို ... ကျွန်မကို ဘယ်တော့မှမထောက်ပံ့ပါနဲ့"

"ကြီးမြကို ထောက်ပံ့တာပါ၊ ကိုယ့်ကျေးဇူးရှင်လေ"

"မလိုပါဘူး၊ ကျွန်မတို့ခွန်အားနဲ့ ကျွန်မတို့ စားသောက်နေနိုင်ပါတယ်"

သူမ ...



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။

မင်း ...

တော်တော်မာနကြီးတာပဲ ...

တင်းမာတဲ့မျက်နှာထားလေးနှင့် သူ့ကိုကြည့်သွားသည်။

နွေးထွေးသူရယ် ...

မင်း ဘာတွေပဲ ဘယ်လိုဖြစ်ဖြစ် ...

မင်းမာနတွေ ဘယ်လိုပဲကြီးကြီး ...

ငါ့စိတ်ကိုက မင်းနားမှာ အမြဲတွယ်ကပ်နေချင်ခဲ့တာပါ။

❀❀❀





အခန်း ( ၂၁ )

ညက တိတ်ဆိတ်နေသည်။

နွေးလေး အမှောင်ထုကြီးကို ငေးမောကြည့်နေမိ၏။

အမှောင်ထုနဲ့ နွေးလေးဘဝက တစ်ထပ်တည်းကျတာပါပဲ လား။

လွတ်မြောက်ဖို့လမ်း မရှိတော့ဘူးလား။

ကြီးမြ နေမကောင်းဘူး။

တစ်ခုခုဖြစ်သွားရင် နွေးလေးဘဝမှာ မှီခိုအားထားရာကင်းမဲ့ မှာပဲ ...

"ဟင်း ... ဟင်း ... ဟင်း ... "

"ကြီးမြ ... "

"ဟင် ... "

"နေမကောင်းဘူးလား"

"အင်း ... မောလိုက်တာ ... "

"နွေးလေးတို့ ဆေးရုံသွားကြရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"နွေးလေး ..."

"ရှင် ..."

"ကြီးမြသာ တစ်ခုခုဖြစ်သွားရင် ... တူမလေး ဘယ်လိုဆက်လုပ်မလဲ ... ဘယ်မှာနေမလဲ"

"မပူပါနဲ့ ကြီးမြ ... နွေးလေး အငယ်တန်းတွေကို စာသင်ပြီး ငွေရှာမှာပါ။ အဆောင်မှာနေမယ် ... ကျောင်းမပျက်ပါဘူး"

"တူမလေးဘဝပျက်သွားမှာ ... ကြီးမြ အရမ်းစိတ်ပူတာပဲကွယ်"

ဒေါ်မြ ... အခြေအနေမကောင်းတော့မှန်း သိနေသည်။ မောပန်းနေ၏။

စုဆောင်းထားသမျှ ငွေကြေးတွေ ... သူမထံအပ်သည်။

"ကြီးမြ ... နိမိတ်မရှိတာတွေ မလုပ်ပါနဲ့နော် ... ကြီးမြ ဘာမှမဖြစ်ပါဘူး"

"ကြီးမြ သိတယ် ... ဆေးခန်းမသွားနဲ့တော့ ... တူမလေး လိမ်လိမ်မာမာနေပါ။ ကိုယ်ကျင့်တရားတွေကို မထိပါးစေနဲ့ ... ဘဝကို ရိုးသားစွာ ကြိုးစားရုန်းကန်ပါ"

"ကြီးမြ ..."

သူမ ...

အထိတ်တလန့်နှင့် အပြင်ဘက်ကိုထွက်လာမိသည်။

"အင့် ..."

"အို ..."

လူတစ်ယောက်ရဲ့ရင်ခွင်ထဲသို့ သူမ ... ဗုန်းခနဲကျသွားရ





သည်။

အင်အားတွေ မရှိတော့ ...

ယိုင်ခွေသွားတဲ့ သူမကိုယ်လုံးလေးကို တစ်စုံတစ်ယောက်က ပွေ့ယူဖေးမထားလိုက်တာ တွေ့ရသည်။

"ဟင် ..."

ကိုကောင်းဆင့်ရဲ ...

"နွေးထွေးသူ ... မင်း ဘာဖြစ်လာတာလဲ ... ကိုယ် ကော်ဖီတစ်ခွက်သောက်ချင်လို့ မီးဖိုခန်းထဲဝင်လာတာပါ"

နွေးထွေးသူမျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်နေသည်။

ရုတ်တရက် စကားမပြောနိုင် ...

အင်အားချည့်နဲ့စွာ ကြေကွဲနေတဲ့မျက်နှာလေးကို စိတ်ပူစွာကြည့်မိသည်။

"နွေးထွေးသူ ..."

"ဟို ... ဟို ... ကြီးမြ အရမ်းမောနေတယ်၊ ကယ်ပါဦး ... ကြီးမြကို ကယ်ပါနော်"

"ဟင် ဟုတ်လား ... ဒါဆို ဆေးခန်းပြေးရအောင်"

နွေးလေးရဲ့ကိုယ်လေးကို ဖေးမထူပေးလိုက်မိသည်။

ကြီးမြအနား ရောက်လာ၏။

"ကြီးမြ ... ဆေးခန်းသွားမယ်"

"မရတော့ဘူး ကောင်း ... အရမ်းမောတယ်၊ နွေးလေးကို စောင့်ရှောက်ပါ"

"ကြီးမြ ..."

"ကြီးမြ ..."



www.burmeseclassic.com

www.burmeseclassic.com

ကြီးမြ မိန်းမောသွားရသည်။

"ကြီးမြ ..."

"ဆေးခန်းကိုပို့မယ် နွေးလေး ... ဘာမှအားမငယ်နဲ့နော်၊ ကိုယ်ရှိပါတယ်"

ကြီးမြကို ဆေးခန်းပို့ပေမယ့် ဆုံးသွားတော့သည်။

"ကြီးမြ ... ကြီးမြရယ် ... နွေးလေးကို တစ်ယောက်တည်း ထားခဲ့ပြီလားဟင်"

"နွေးထွေးသူ ..."

"ဟင် ..."

"စိတ်ကိုထိန်းပါကွာ ..."

လေးလေးသက်လည်းရောက်လာပြီး ... နွေးထွေးသူကို နှစ်သိမ့်အားပေးသည်။

နွေးထွေးသူကတော့ ကြီးမြအလောင်းကိုဖက်ပြီး ကြေကွဲစွာ ငိုနေ၏။

"ကြီးမြ ... နွေးလေးကို ဘာဖြစ်လို့ထားခဲ့ရတာလဲ ... နွေးလေး ဘာဖြစ်လို့ ဒီလောက်အထိ ကံဆိုးနေရတာလဲဟင်"

ကြီးမြအလောင်းကို ရေခဲတိုက်ပို့ရန် အတော်လေး ပြောယူရသည်။

ဝေလွင်လည်း ရောက်လာ၏။

"နွေးထွေးသူ ... ကိုယ် ဘာကူညီရမလဲ ... ဘာမှအားငယ် စရာမရှိဘူးနော် ... ပြောပါ"

အသုဘချ စရိတ်တွေကို ... ဝေလွင်ကကူညီမည့်အကြောင်း ပြောသည်။





လေးလေးသက်က လက်မခံပေ ...

သူ ... အားလုံးအကုန်ကျခံဖို့ ပြောနေသည်။

"ကြီးမြက သေပြီပဲ ... ငွေကုန်ကြေးကျခံပြီး မလုပ်တော့ပါဘူး၊ သင်္ဂြိုလ်ပြီးရင် ဘုန်းကြီးငါးပါးပဲဆွမ်းကျွေးမယ်"

နွေးလေးကတော့ ... ဘယ်သူ့ကျေးဇူးမှ အတင်မခံလိုပေ။

ဘာအကူအညီမှ မယူခဲ့ ...

ကြီးမြအသုဘကို အကျဉ်းချုံးပြီး စီစဉ်သည်။

"နွေးလေးကြိုးစားမှာပါ ကြီးမြ ... တစ်နေ့အောင်မြင်ရင် ကြီးမြအတွက် နွေးလေး ကြီးကျယ်ခမ်းနားတဲ့အလှူကြီးတွေလုပ်ပြီး အမျှပေးဝေပေးပါ့မယ်နော်"

နွေးထွေးသူနှုတ်ကနေ ကတိတွေပေးနေမိသည်။

နွေးထွေးသူ ... ဒီမှာနေဖို့အတွက် မဖြစ်နိုင်တော့ကြောင်း သူမ သိနေ၏။

ကြီးမြမှ မရှိတာ ...

သူမ ... အဆောင်ရှာသည်။

လေးလေးသက်ရဲ့အကူအညီတွေကိုလည်း လက်မခံတော့။

ကြီးမြနဲ့နွေးလေး စုဆောင်းထားတဲ့ငွေကြေး အနည်းငယ် ရှိသည်။

အလုပ်ရှာမယ် ... ကြိုးစားမယ် ...

"နွေးလေး ..."

"ရှင် ..."

"လေးလေးပေးတဲ့အကူအညီကိုယူပါ ... လေးလေးသက်



www.burmeseclassic.com

www.burmeseclassic.com

တိုက်ခန်းဝယ်ပေးမယ် ... ကျောင်းပြီးတဲ့အထိ လေးလေးသက်ထောက်ပံ့ပါရစေ”

“ကျွန်မ ... လုံးဝလက်မခံနိုင်ပါဘူး လေးလေးသက် ... ကျွန်မခြေထောက်ပေါ်မှာပဲ ကျွန်မရပ်တည်နိုင်အောင် ကြိုးစားမယ်”

သူမ ... ငြင်းဆန်ခဲ့သည်။

အဆောင်မှာနေပြီး ဘဝကိုရုန်းကန်ဖို့ ကြိုးစားမည်။

ကိုဝေလွင်ကလည်း သူမကိုလက်ထပ်ရန် ကြိုးစားနေသည်။

အဆောင်မှာ လာတွေ့တတ်၏။

“ကျွန်မကို အဆောင်ကလူတွေအထင်သေးမှာစိုးလို့ ... လာမတွေ့ပါနဲ့ ကိုဝေလွင် ... ကျွန်မ ရှင့်ကို ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ပါဘူး၊ နောက် လာမတွေ့ပါနဲ့နော်”

ပြတ်သားစွာ ပြောမိသည်။

သူမ ... ပညာရေးအောင်မြင်မှုတစ်ခုအတွက် ရိုးသားစွာပဲ ကြိုးစားမယ်။

အဆောင်ကနေပြီး အချိန်ပိုင်းစာသင်နိုင်ဖို့ သူမ ရှာသည်။

အဆက်အသွယ် ရှာရ၏။

မရိုးသားတဲ့အလုပ် ဘာမှမလုပ်ဖို့ ... ဆုံးဖြတ်ထားပြီးသားဖြစ်သည်။

အငယ်တန်းတွေကိုစာသင်နိုင်ဖို့ ကြိုးစားနေမိ၏။

တစ်နေ့ ...

သူမအဆောင်သို့ ... ဧည့်သည်တစ်ယောက် ရောက်လာခဲ့





သည်။

“နွေးထွေးသူ ဆိုတာလား ... ”

“ဟုတ်ပါတယ်ရှင် ... ”

“ကိုကောင်းဆင့်ရဲ့က လိပ်စာပေးလို့ပါ ... ကျွန်မရဲ့သမီးလေး ရှစ်တန်းကျောင်းသူလေးကို စာသင်ပေးဖို့ပါ”

“ဟုတ်ကဲ့ ... ကျွန်မအနေနဲ့ အဆောင်နဲ့လည်းသိပ်မဝေးရင်တော့ သင်ပေးပါ့မယ်”

“အေးကွယ် ... နွေးထွေးသူဆိုတဲ့မိန်းကလေးက ချစ်စရာကောင်းလိုက်တာ ... ဘဝကို ကြိုးစားရုန်းကန်တည်ဆောက်နေတာ ... မမတို့လည်း အားပေးရတော့မှာပေါ့”

ကိုကောင်းဆင့်ရဲ ...

ရှင်ကူညီတာ ကျေးဇူးတင်ပါတယ်ရှင် ...

သူမ နေတဲ့အဆောင်နှင့် မနီးမဝေးမှာရ၍ ပျော်သွားမိသည်။

“မင်း ... စာအရမ်းတော်တယ်လို့ သတင်းကြားတယ် ... ကိုကောင်းဆင့်ရဲက ... မင်းကို အရမ်းအာမခံချက်ပေးတာပဲနော်လေ နွေးထွေးသူ ... ”

သူ ... နွေးထွေးသူကို လာမတွေ့ပေ ...

“မင်းရဲ့ဂုဏ်သိက္ခာတွေအတွက် ... ကိုယ် ... အဝေးကပဲ မင်းကိုစောင့်ရှောက်ချင်တယ် နွေးထွေးသူ”

ကျောင်းစရိတ်အတွက် ... လုံလောက်တဲ့ငွေကြေး ဖြစ်နေသည်။

စားသောက်စရိတ်ကိုတော့ ခြိုးခြံချွေတာရမှာပဲဖြစ်၏။

အခါက ...


www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစရိတ်ပဲ ...

အဆောင်မှာပေးရမယ့်လစာက တစ်နှစ်စာပေးထားပြီးပြီ။

ကျောင်းဆက်တက်နိုင်ဖို့ ကျွန်မ ငွေကို ဘယ်လိုစုဆောင်းရမလဲ စဉ်းစားနေရသည်။

အပိုတွေမသုံးဖို့ ထိန်းချုပ်ရ၏။

"နွေးလေး ..."

"နင်ဖြစ်ချင်တဲ့အင်ဂျင်နီယာကြီးဖြစ်ဖို့ သိပ်မလွယ်ဘူးဟ နင် တစ်ဝက်တစ်ပြတ်နဲ့ရပ်သွားမှာပဲ"

"ငါ ... ဘယ်တော့မှအားမလျှော့ပါဘူး ချစ်ချစ် ... စောင့်ကြည့်နေ ... ရအောင်ကြိုးစားမယ်"

ဘယ်သူတွေဘာပြောပြော နွေးလေးကတော့ စိတ်မပျက်မိ။

ရွဲမလျှော့ဘူး။

ကြိုးစားပြမယ်။

တစ်ခုတော့ရှိသည်။

သူမ ...

လေးလေးသက်ကို ရှောင်နေခဲ့ရသည်။

နွေးထွေးသူနှင့်တွေ့ဆုံဖို့ ... အမြဲတမ်းကြိုးစားနေ၏။

ထောက်ပံ့ကူညီချင်သည်။

နွေးလေးဘက်က လုံးဝလက်မခံခဲ့ပေ ...

နာမည်ကောင်းရရန် ကြိုးစားရမည်။

"နွေးထွေးသူ ..."

"ရှင် ... မမ ..."





"ကိုကောင်းဆင့်ရဲ့က လွှတ်လိုက်လို့တဲ့၊ မင်းဆီကို ကျောင်း
ားမိဘနှစ်ယောက် လာတယ်"

"ရှင် ..."

"ရော့ ... ဒီလိပ်စာပဲ ... မင်းတွေ့ဖြစ်အောင်သွားတွေ့လိုက်
ာ်"

"ဟုတ်ကဲ့ ..."

"နွေးလေးကတော့ ကြိုးစားတယ် ... စာသင်တဲ့နေရာမှာ
ည်း စည်းစနစ်ကြီးပြီးတော်တယ်တဲ့"

"ကျေးဇူးပါမမရယ် ... နွေးလေးဘဝက ကြိုးစားရတယ်
သ၊ နွေးလေး အင်ဂျင်နီယာဘွဲ့ကိုယူပြီး အလုပ်တွေလုပ်ချင်တာ"

"နွေးလေးရယ် ..."

သူမဘဝလေးကို သူမ ... ကျေနပ်စွာ မြတ်နိုးတွယ်တာနေ
သည်။

ကိုကောင်းဆင့်ရဲ့ ... ဘယ်လိုပဲကူညီပါစေ ... နွေးလေး
ျေးဇူးတင်မိနေ၏။

နွေးလေး၊ အခက်တွေ့မှာပဲ

ကျောင်းသားတွေကို ဘယ်မှာသွားပြီးရှာမလဲ ...

သူမ တစ်ယောက်တည်းနေတဲ့အခန်းလေးထဲ ရောက်လာ
ည်။

ကျောင်းတစ်ဖက်နှင့်ဝင်ငွေရအောင်ရှာရတာ ... ပင်ပန်းပေ
မဲ့ သူမ ... အားမလျှော့ဘဲ ကြိုးစားနေမိ၏။

"နွေးလေး ... ကိုယ့်ကိုလက်ထပ်လိုက်ရင် ဘဝလေးပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းသွားမှာပဲကွာ"

ကိုဝေလွင့်စကားတွေကို သူမ ... ပြတ်သားစွာပင်ငြင်းပယ်မိသည်။

သူမအစွမ်းအစနဲ့ပဲ ... ဘဝကို အောင်မြင်တိုးတက်အောင်ကြိုးစားမည်။

ဘယ်တော့မှ အလျှော့မပေးဘူး။

နွေးထွေးသူ ဘယ်လိုမိန်းကလေးဆိုတာ ရှင်သိစေရမယ်။

သူမ ...

အမြဲတမ်း ...

သတိရတမ်းတနေမိတာက ကိုကောင်းဆင့်ရုံပဲဖြစ်သည်။

❀❀❀





အခန်း ( ၂၂ )

သူမ ... အခြေအနေ အတော်လေးကောင်းနေပြီဖြစ်သည်။

ဝိုင်းက သုံးဝိုင်းလောက်ဖြစ်နေ၏။

အတန်းငယ်တွေပါ။

နွေးထွေးသူရဲ့ကြိုးပမ်းမှုကြောင့် ... အတော်လေးအောင်မြင်ခဲ့သည်။

နာမည်ကြီးနေ၏။

ထိုကဲ့သို့ အောင်မြင်ဖို့အတွက် နောက်ကွယ်မှကူညီနေသူက ကိုကောင်းဆင့်ရုံပင် ...

နွေးလေးကို လာပြီးမတွေ့ပေ ...

မပတ်သက်ချင်လို့ ... လာမတွေ့တာဘဲဟု ထင်မိသည်။

ကိုဝေလွင် ... မကြာခဏ လာတွေ့၏။

လက်ဆောင်တွေပေးသည်။

သူမ ...

လက်မခံပေ ...

www.burmeseclassic.com

www.burmeseclassic.com

ပြုတ်သားစွာ ငြင်းပယ်လိုက်တာပဲဖြစ်သည်။

လေးလေးသက်ကတော့ ... အရက်တွေ အရမ်းသောက်

သည်တဲ့ ...

နွေးထွေးသူကို တွေ့ဆုံဖို့ကြိုးစားနေပေမယ့် လက်မခံ

ပတ်ဝန်းကျင်မှာ နာမည်ပျက်မခံလို၍ ဖြစ်သည်။

အတတ်နိုင်ဆုံး ကိုယ်ကျင့်တရားကိုထိန်းသိမ်းထား၏။

"နွေးလေး ..."

"ရှင် ..."

"စာသွားသင်တော့မလား ..."

"ဟုတ်ကဲ့ မမ ..."

"အေးကွယ် ... ကြိုးစားလိုက်တာ နွေးလေးရယ်"

အဆောင်မှူးမမက ချီးမွမ်းနေသည်။

သူမ ထွက်လာခဲ့သည်။

လမ်းရောက်တော့ လေးလေးသက်နှင့်တွေ့၏။

"နွေးထွေးသူ ..."

"ဟင် ... လေးလေးသက် ..."

"လေးလေးသက် စကားပြောချင်လို့"

"နွေးလေးစာသင်ရမယ် ... ပြောစရာရှိရင်ပြောပါ လေး

သက်"

"လေးလေးသက် နေမကောင်းဘူး၊ သွေးတွေအရမ်းတိုး

တယ်"





"နေကောင်းအောင်နေပါ လေးလေးသက် ... နွေးလေးတို့ ဘယ်တော့မှ မျှော်လင့်မနေပါနဲ့တော့"

သူမ ထွက်သွားဖို့ပြင်သည်။

"နွေးထွေးသူ ..."

"ရှင် ..."

"လေးလေးနဲ့ တစ်ကြိမ်တစ်ခါလောက် ညစာလိုက်စားပါလား"

"ရှင် ..."

"နောက်ဆုံးပဲ နွေးလေး ... နောက်ထပ် ... နွေးလေးနဲ့ လေးလေးသက် စကားနည်းနည်းပြောစရာရှိလို့ပါ ... ခဏလေးပါကွာ"

လေးလေးသက်က နွေးလေးနဲ့ကြီးမြတို့အပေါ် ကျေးဇူးရှိသည်။

မငြင်းချင်တော့ ...

စကားပြောတာလေးလောက်တော့ ... နောက်ဆုံးအကြိမ် လိုက်လျောလိုက်ဖို့ စဉ်းစားမိလိုက်သည်။

"ကျွန်မရဲ့ဘဝလေးကို အေးအေးချမ်းချမ်းဖြတ်သန်းပါရစေ လေးလေးသက် ... ကျွန်မ ဒီတစ်ကြိမ်တော့ ခွင့်ပြုလိုက်ပါ့မယ်၊ နောက်တစ်ကြိမ် လေးလေးသက်ကို ကျွန်မ လုံးဝလက်မခံတော့ဘူး"

"ကျေးဇူးပဲ နွေးလေး ... လေးလေး တစ်ကြိမ်တစ်ခါဟည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံခွင့်တောင်းတာပါကွာ”

သူမ ...

လေးလေးသက်ရဲ့ကားပေါ် တက်လိုက်မိသည်။

“နွေးလေး ...”

“ရှင် ...”

“အချိုရည်ဗူး သောက်ပါဦး ...”

“ဟင့်အင်း ...”

“သောက်ပါ ...”

လေးလေးသက်က အချိုရည်ဗူးပေး၍ သူမ ဖောက်သောက်လိုက်သည်။

သောက်ပြီးသည်နှင့် ခေါင်းထဲမှာလေးလံပြီး အိပ်ချင်လာရသည်။

“လေးလေးသက် ... ရှင် ... ရှင် ...”

သူမ ...

အိပ်ပျော်သွားတော့သည်။

ဦးစောသက်ရဲ့နှုတ်ခမ်းတွေက ပြုံးယောင်သမ်းသွား၏။

နွေးထွေးသူ ...

မတတ်နိုင်တော့ဘူး။

လေးလေးသက်က မင်းလေးကို ဘယ်နည်းနဲ့မှလက်လွှတ်မခံနိုင်ဘူး။

ချစ်လို့ပါ ...





အရမ်းချစ်လို့ပါ။

မြတ်နိုးလို့ပါ။

ခြံကြီးတစ်ခြံထဲသို့ နွေးထွေးသူကို ခေါ်လာခဲ့မိသည်။

မင်းကို ... ဘယ်နည်းနဲ့မဆို လက်ထပ်ဖို့ကြိုးစားရမှာပဲ။

အိမ်ကြီးတစ်အိမ်ထဲသို့ နွေးထွေးသူကို ခေါ်ဆောင်လာမိသည်။

မင်း ... အရမ်းလှတယ် နွေးထွေးသူ ...

ချစ်တယ်ကွာ ...

လေးလေး အရမ်းချစ်တာပဲ ...

မိမိလုပ်ရပ်တွေအတွက် ဦးစောသက် နောင်တမရပေ ...

ရှေ့တိုးဖို့ပဲရှိသည်။

နောက်မဆုတ်တော့ဘူး။

နွေးထွေးသူရဲ့ လှပတဲ့မျက်နှာလေးကို စိုက်ကြည့်နေသည်။

ညက တော်တော်လေးညဥ့်နက်သွား၏။

နွေးထွေးသူ အိပ်ပျော်နေဆဲပင် ...

“လေးလေးသက် ... နွေးလေးကို ဖြူစင်တဲ့ချစ်ခြင်းမေတ္တာမျိုးနဲ့ ချစ်တာပါ”

မိမိ ... နွေးထွေးသူကို လက်ဖျားနှင့်ပင်မတို့ခဲ့ပေ ...

အလှကြည့်နေမိသည်။

နွေးထွေးသူကို ခေါ်ဆောင်လာခြင်းပင် ...

ပတ်ဝန်းကျင်ကို ဂရုစိုက်လွန်းနေသော နွေးထွေးသူက ...



www.burmeseclassic.com

www.burmeseclassic.com



မိမိကို လက်ထပ်မှာပဲ ...

လှပလွန်းသော နွေးထွေးသူလေးကို တစိမ့်စိမ့်စိုက်ကြည့်ရင်း နွေးထွေးသူဘေးမှာ အိပ်ပျော်သွားသည်။

မနက်မိုးလင်းမှ ...

နွေးထွေးသူ လန့်နိုးလာရသည်။

"ဟင် ..."

သူမဘေးမှာ လေးလေးသက် ...

"နွေးလေး ..."

လေးလေးသက်ပါ နိုးလာပြီး ... နွေးထွေးသူကို တောင်းပန်စကား ပြောသည်။

"နွေးလေး ... မင်းကို လေးလေးသက်ချစ်လို့ပါ၊ လက်ထပ်ပါရစေ နွေးလေးရယ် ... လေးလေးသက်ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေအားလုံး နွေးလေးကိုပေးအပ်ပါ့မယ် ... လေးလေးသက်ကို လက်ထပ်ပါ၊ နွေးလေး တစ်ညလုံးပျောက်နေတော့ နွေးလေးကို ပတ်ဝန်းကျင်က ဘာပြောမလဲ"

"မသိဘူး၊ ရှင့်ကို ကျွန်မလုံးဝလက်မထပ်နိုင်ဘူး၊ ရှင် ... ရှင် ... ကျွန်မဘဝလေးကို ဂုဏ်သိက္ခာမဲ့အောင် ဖျက်ဆီးပစ်လိုက်တာပဲ"

နွေးထွေးသူ ... ခါးခါးသီးသီး ငြင်းဆန်လိုက်မိသည်။

ထိုလိုက်၏။

"နွေးထွေးသူ ..."





လေးလေးသက်က သူမလက်လေးကို ဆုပ်ကိုင်ခဲ့လေ သည်။

"ရှင် ... ရှင်လွှတ်နော် ... ကျွန်မဘာပဲဖြစ်ဖြစ် ... ရှင့်ကို လက်မထပ်ဘူး၊ ဖယ်ပါ ... ကျွန်မသွားမယ်"

"မသွားရဘူး"

"ကျွန်မ ... ရှင့်ကိုလက်မထပ်ဘူးလို့ ပြောထားပြီးပြီနော်၊ ကျွန်မကိုထိတာနဲ့ ကျွန်မကိုယ်ကျွန်မ သတ်သေပစ်မယ်"

"ဟင် ..."

လေးလေးသက်အနားကနေ သူမ ထွက်သွားဖို့ကြိုးစားမိသည်။

မဖြစ်နိုင်ဘူး။

လုံးဝမဖြစ်နိုင်ဘူး။

ကျွန်မဘဝလေးကို ဘာဖြစ်လို့ဖျက်ဆီးပစ်ချင်ရတာလဲ။

စိတ်တွေ ချောက်ချားလာရသည်။

ညက ...

သူမဘဝ ဘာမှမဖြစ်ခဲ့ပေမယ့် ... တစ်ညတာပျောက်နေခဲ့သည်။

အဆောင်မှူးမမက ဘာပြောမလဲ ...

ပြီးတော့ ...

ပတ်ဝန်းကျင်ကလူတွေ ...

"ရှင် ... ရှင် ... ကျွန်မဘဝကို ဘာဖြစ်လို့ဖျက်ဆီးပစ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ ဦးစောသက် ... ရက်စက်လိုက်တာ ... ကျွန်မရဲ့မျှော်လင့်ချက်တွေ ... အနာဂတ်တွေ ပျက်စီးကုန်ပါပြီ"

"တခြား ဘာမှမပြောဘဲ လေးလေးကိုလက်ထပ်လိုက်ပါ၊ လေးလေးမှာ စည်းစိမ်ဥစ္စာတွေ အများကြီးရှိတယ်၊ နွေးလေးဘဝ တစ်လျှောက်လုံး ဘာမှပူပင်စရာ မရှိတော့ဘူး"

"ကျွန်မ ဘာမှမလိုချင်ဘူး ... ဘာမှလည်း မမက်မောဘူး၊ ကျွန်မ ရှင့်ကို လုံးဝလက်မထပ်နိုင်ဘူး"

"နွေးထွေးသူ ..."

လေးလေးသက်လက်ထဲကနေ ... သူမ ရုန်းထွက်လိုက်မိသည်။

အပြင်ကို ထွက်ပြေးလာခဲ့၏။

"နွေးလေး ..."

"နွေးလေး ..."

နွေးလေး ... ဘာမှမကြည့်တော့ဘဲ ခြံအပြင်ဘက်ကို ပြေးထွက်လာခဲ့သည်။

"နွေးထွေးသူ ..."

"ဟင် ... ကိုကောင်းဆင့်ရဲ"

"လေးလေးသက်ရော ..."

"မသိဘူး ... မသိဘူး ... ကျွန်မ ဘာမှမသိဘူး"

သူမ ... အပြင်ကိုပြေးထွက်ပြီး တွေ့တဲ့လိုင်းကားတစ်စီးပေါ် တက်စီးလာခဲ့မိသည်။





ကောင်းဆင့်ရဲ အိမ်ကြီးထဲသို့ဝင်လာခဲ့၏။

"ဟင် ... လေးလေးသက် ..."

"နွေးထွေးသူကို လေးလေးသက် ဖွတ်အတင်းခေါ်လာခဲ့တာပါ၊ အချိုရည်ထဲမှာ အိပ်ဆေးထည့်ပြီးခေါ်လာခဲ့တာပါ ကောင်း"

လေးလေးသက် ... အဖြစ်အပျက်တွေကိုပြောပြပြီး ... မောပန်းစွာ အသက်ကိုရှူရှိုက်နေရသည်။

"လေးလေးသက် ... ဆေးရုံသွားမှဖြစ်မယ်၊ သွားရအောင်နော်"

"လေးလေးသက်ရဲ့အပြစ်တွေပါ ... နွေးထွေးသူ ဘာမှမသိပါဘူး ကောင်း ... လေးလေးသက် ယုတ်မာကောက်ကျစ်ခဲ့တာပါ"

ကောင်းဆင့်ရဲကတော့ လေးလေးသက်ကို ဆေးရုံအရောက်ပို့သည်။

ဆေးရုံရောက်ပြီး တစ်ပတ်လောက်အကြာတွင် လေးလေးသက် နှလုံးရောဂါဖြင့် သေဆုံးသွားခဲ့ရ၏။

နွေးထွေးသူကို ရှာမတွေ့ ...

အဆောင်ကိုလည်း ပြန်မလာဟုဆိုတာပဲ သိရသည်။

"နွေးလေးကို လေးလေး လက်ဖျားနဲ့တောင်မထိခဲ့ပါဘူး ကောင်း ... လေးလေးသက် တော်တော်လေးစဉ်းစားဉာဏ် ကင်းမဲ့ခဲ့တာပါ"

လေးလေးသက် နောင်တ တရားတွေ အတော်လေးရသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"လေးလေးသက်ကြောင့် နွေးထွေးသူ နာမည်ပျက်ခဲ့ရတယ် ကောင်း ... လေးလေးသက်ရဲ့ အကြီးမားဆုံးဆန္ဒကတော့ ... နွေးလေးကို မင်းလက်ထပ်ပါ"

သူ ...

နွေးထွေးသူကို ရှာမိသည်။

သတင်းအစအနပင် မကြားရ ...

ကြီးမြတို့နေတဲ့မြို့နယ်ကလေးကို ရောက်လာရ၏။

မင်းဘဝကိုအရှုံးပေးပြီး အရာအားလုံးကို စွန့်လွှတ်သွားခဲ့ရတာပဲ နွေးထွေးသူ ...

မျှော်လင့်ချက်တွေ ...

ရည်ရွယ်ချက်တွေအားလုံးကို မင်း ဥပေက္ခာပြုလိုက်တာပဲ။

သူ့ရဲ့ နောက်ဆုံးမျှော်လင့်ချက်က နွေးလေးနေတဲ့မြို့လေးမှာ သွားရှာဖို့ပဲဖြစ်သည်။

စုံစမ်းကြည့်လိုက်တော့ ... နွေးထွေးသူ ရောက်နေကြောင်း သိရသည်။

သူ ...

အရမ်းဝမ်းသာသွားမိ၏။

နွေးထွေးသူရော ... သူရော ... အထီးကျန်ဘဝတူတွေပဲ မဟုတ်လား ...

သေးနုတ်တဲ့အိမ်လေးထဲမှာ နွေးထွေးသူရှိနေသည်။

ကောင်းဆင့်ရဲ အိမ်လေးထဲသို့ ဝင်သွားမိ၏။





"နွေးထွေးသူ ..."

"ဟင် ... ရှင် ... ရှင်"

သူမ ...

ရုက်ရွံ့စွာဖြင့် ထွက်သွားဖို့ပြင်လိုက်သည်။

"ကိုယ့်ကို ရှောင်ပြေးမနေပါနဲ့တော့ နွေးထွေးသူ ..."

နွေးထွေးသူရဲ့လက်တွေကို ဆတ်ခနဲ ဆွဲယူဆုပ်ကိုင်ထားမိသည်။

"လေးလေးသက်ဆုံးသွားပါပြီ၊ ကိုယ့်ကိုလည်း အဖြစ်အပျက်တွေအားလုံး ရှင်းပြတယ်၊ ကိုယ် ... မင်းကိုရှာနေခဲ့တာကြာပါပြီ နွေးထွေးသူ"

"ကျွန်မ တစ်ယောက်တည်းနေပါရစေ ... ထပ်ပြီး ဒုက္ခပေးဖို့ မကြိုးစားပါနဲ့တော့ ကိုကောင်းဆင့်ရဲ ... ရှင်ပြန်ပါ"

"မပြန်ဘူး နွေးထွေးသူ ... မင်းရော ကိုယ်ရော ဘဝတူတွေပဲဟာ ... ကြီးမြက ကိုယ့်ကိုအပ်သွားခဲ့တယ်၊ မင်းကို စောင့်ရှောက်ပါ ... ကိုယ် လုံးဝထွက်မသွားဘူး"

ကိုကောင်းဆင့်ရဲကို မျက်ရည်တွေပြည့်နေတဲ့မျက်ဝန်းတွေနှင့် ကြည့်မိသည်။

နာကျင်တဲ့နှလုံးသားတွေနှင့် အင်အားတွေချည့်နဲ့သလို ခံစားနေရ၏။

ကိုကောင်းဆင့်ရဲကို ... သူမ မျှော်လင့်တမ်းတနေမိတာကတော့ အမှန်ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အားကိုးတွယ်တာရာဆိုလို့ ရှင်ပဲရှိနေတာပဲလေ ...

ကျွန်မ အရမ်းအထီးကျန်နေပါတယ်။

"နွေးလေး ..."

"ရှင် ..."

"ကိုယ်နဲ့လိုက်ခဲ့နော် ... ကိုယ်တို့နှစ်ယောက် လက်ထပ်မယ် ဘဝကို နှစ်ယောက်လက်တွဲပြီး ရင်ဆိုင်ဖြတ်သန်းကြမယ်နော်"

သူမလက်လေးကို ဆွဲယူလိုက်ပြီး ... သူမကိုယ်လုံးလေးက သူ့ရင်ခွင်ထဲမှာ အပ်သွားသည်။

မငြင်းဆန်နိုင်တော့ပေ ...

သူ့အနမ်းတွေကို သူမ ... ငြိမ်သက်စွာခံယူခဲ့မိသည်။

နွေးလေးမှာ ငြင်းဆန်နိုင်တဲ့အင်အားတွေ မရှိတော့ပါဘူး ကိုယ်ရယ် ...

သူ့အနမ်းတွေနှင့် အကြင်နာအယုအယတွေက နွေးထွေးသူ ရဲ့ အနာဂတ်အတွက် အင်အားတွေဖြစ်နေခဲ့သည်။

သင်မြတ်နိုး


www.burmeseclassic.com